ကြေးမုံ
The Mirror Daily
Established in 1957

မင်္ဂလာအကျိုးကို ရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday 2 January 2020 ၉၈၈၂

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင် ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ကို ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်းရှိ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။


**တရားတော်နာယူကြည်ညို**

ယနေ့ ကျင်းပသည့် နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက **ဘာကိုပေးလှူရမလဲတရားတော်**ကို ဟောကြားတော်မူရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်အပေါင်းတို့က ရိုသေစွာတရားတော်နာယူကြည်ညိုကြသည်။

နှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်းက "တစ်နှစ်တာကာလအတွင်းမှာ မိမိတို့လုပ်ဆောင်နေတဲ့လုပ်ငန်းတွေအားလုံး အဆင်ပြေချောမွေ့ဖို့အတွက်ရယ်၊ ဗုဒ္ဓတရားတော်နဲ့အညီ နေထိုင်နိုင်အောင်ရယ် ဆရာတော်ကြီးတွေရဲ့ ဆုံးမဩဝါဒတွေအပေါ်မှုတည်ပြီး မင်္ဂလာရှိတဲ့ နှစ်တစ်နှစ်ကိုဖြတ်သန်းဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်။ တရားပွဲဓမ္မသဘင်ကို ဆပ်ကော်မတီ ၁၂ ခုနဲ့ လုပ်ဆောင်ပါတယ်။ ကြက်ခြေနီ တပ်ဖွဲ့ဝင်တွေလည်းလုပ်အားပေးဖို့ပါဝင်သလို ပရဟိတ လုပ်အားပေးအဖွဲ့တွေလည်း လူဦးရေတစ်ထောင်လောက် ပါဝင်အားဖြည့်ထားပါတယ်။ စေတနာအကျွေးအမွေး အလှူတွေကလည်း ယခင်နှစ်ထက်ပိုများပါတယ်။ တရားနာသူတွေ အဆင်ပြေချောမွေ့စွာသွားလာနိုင်ဖို့အတွက် YBS ယာဉ်တွေအပြင် အငှားတက္ကစီယာဉ်တွေကိုလည်း အခမဲ့စီစဉ်ပေးထားပါတယ်" ဟု ပြောသည်။


စေတနာအလှူရှင် ဦးဆန်းလင်းထွဋ်က "Ribena ဗိုက်တာမင်စီ ကျန်းမာရေးအားဖြည့်အချိုရည် လာလှူတာပါ။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဘာကိုပေးလှူရမလဲတရားတော်ကို ဟောကြားတော်မူစဉ်။





ကြေးမုံ

# လွတ်လပ်ရေးဟူသော တူညီသောဆန္ဒ

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာပြီ။ လွတ်လပ်ရေးရရှိရေး ကြိုးပမ်းခဲ့ကြသည့် ပုဂ္ဂိုလ်များမှာ များများစားစား မရှိတော့ချေ။ လွတ်လပ်ရေးကြိုးပမ်းမှု အဖြစ်အပျက်များမှာ ယနေ့ထက်တိုင် မမေ့နိုင်သေးပေ။ လွတ်လပ်ရေးအတွက် ကြိုးပမ်း အားထုတ်မှုများ၊ စွန့်လွှတ် စွန့်စားမှုများမှာ နိုင်ငံနှင့်ပြည်သူအတွက် မော်ကွန်းတင်အပ်သော မမေ့နိုင်သည့် မှတ်တိုင်များဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ရာ၌ နိုင်ငံချစ်သည့် အမျိုးသား ခေါင်းဆောင်များနှင့် မျိုးချစ်လူငယ်များ၏ စွမ်းဆောင်မှုများကို နိုင်ငံ့သမိုင်းတွင် မှတ်တမ်း တင်ထားသည်။ လွတ်လပ်သောနိုင်ငံ ဖြစ်ပေါ်ရေးဟူသည့် တူညီသောစိတ်ထားများနှင့် ပြင်းပြသောခံယူချက်များမှာ မည်သူမျှ စည်းရုံးစရာမလိုသည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။ လွတ်လပ်ရေးအတွက် တိုင်းသူပြည်သားများ၏ရင်တွင်းမှ ပေါက်ဖွားလာသည့် စိတ်ဓာတ် ဖြစ်သည်။ တူညီသောစိတ်ဓာတ်များရှိသည့် ပြည်သူလူထုနှင့် ထူးခြားပြောင်မြောက်သော ခေါင်းဆောင်များ၏ မဆုတ်မနစ်ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာနိုင်ငံလွတ်လပ် ရေးရရှိခဲ့သည်။ လွတ်လပ်ရေးကို ကြိုးပမ်းအားထုတ်ရာ၌ အမျိုးသားခေါင်းဆောင်များမှာ တစ်သားတည်း ဖြစ်ခဲ့ကြသည်မဟုတ်ပေ။ မတူကွဲပြားသည့်ကြားမှ နိုင်ငံလွတ်လပ်ရေး ဟူသော တူညီသောဆန္ဒများဖြင့် ကြိုးပမ်းအားထုတ်ခဲ့၍ လွတ်လပ်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးသည်နှင့် မတူကွဲပြားသောအခံရှိသည့် တူညီသော စိတ်ထားများမှာ ပြန်လည်ကွဲပြားခဲ့ပြန်သည်။ လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းခဲ့ကြပြီးနောက် လွတ်လပ်ရေးအသီးအပွင့်များကို အတူတကွခံစားရမည်ဖြစ်သော်လည်း အတူတကွမခံစား နိုင်တော့ဘဲ ၎င်းတို့၏ ယုံကြည်ချက်၊ ခံယူချက်ဖြင့် အမှောင်အောက်တွင်ခိုလှုံကာ ဆန့်ကျင် လှုပ်ရှားခဲ့ကြသည်။ လွတ်လပ်ရေးအတွက် အတူတကွလက်တွဲခဲ့သော်လည်း လွတ်လပ်ရေး ရသောအခါ လမ်းခွဲခဲ့ကြသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ လွတ်လပ်ရေးရရှိသောအခါ ပြည်သူများအားလုံး တန်းတူညီမျှအခွင့်အရေးရရှိရန်အတွက် တိုင်းပြည်ထူထောင်ရေး၊ တည်ဆောက်ရေးကို အတူတကွ ဆက်လက်ကြိုးပမ်းအားထုတ်ရမည်ဖြစ်သော်လည်း အယူအဆကွဲပြားမှုကြောင့် တည်ဆောက်ရေးလည်းမလုပ်နိုင်၊ ဖွံ့ဖြိုးရေးလည်းမဖြစ်ပြန်နှင့် တိုင်းပြည်မှာတုံ့ဆိုင်းနှေးကွေးခဲ့ရပြန်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၂ နှစ်ပင်ပြည့်တော့မည်ဖြစ် သည်။ လွတ်လပ် သောနိုင်ငံဟူ၍ လွတ်လွတ်လပ်လပ် နေထိုင်လှုပ်ရှား လုပ်ကိုင်နိုင်ခွင့်များ ရရှိနေသည်။ သို့သော် လွတ်လပ်ရေးနှင့် ထိုက်တန်သော နိုင်ငံ၊ နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည် သည့် လွတ်လပ်သော နိုင်ငံအဖြစ်သို့ရောက်အောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြဖို့ လိုမည်ဖြစ်သည်။ မတူကွဲပြားမှုများကြောင့် မငြိမ်းချမ်းမှုများကို အဆုံးသတ်ကာ ငြိမ်းချမ်း သာယာဝပြောသော ပြည်ထောင်စုနိုင်ငံကြီးဖြစ်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆက်လက်တည်ဆောက်ကြဖို့လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်ရေးမရမီကတည်းက မတူကွဲပြားမှုများ ရှိခဲ့သော်လည်း လွတ်လပ်ရေးတည်းဟူသော တူညီသည့်ဆန္ဒဖြင့် ရည်မှန်းချက်သို့ ရောက်ရှိခဲ့ပြီးဖြစ်ရာ မျက်မှောက်ကာလ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးစီးပွားဖြစ်သည့် ငြိမ်းချမ်းရေးရရှိရေးဟူသော တူညီသည့်ဆန္ဒဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိအောင် လက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားအားလုံး “စုပေါင်းအင်အား”ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရား ဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊

၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည် အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊

၅။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝ ပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာများသို့ ငွေနှင့် ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် ဇန်နဝါရီ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ ဓမ္မာလင်္ကာရ ကျောင်းတိုက်ရှိ မြတ်စုမွန်လူငယ်ပရဟိတဂေဟာသို့ သွားရောက်ပြီး ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် အလှူငွေ လှူဒါန်းကာ ဂေဟာအတွက် အလှူငွေကျပ် ငါးသိန်း၊ ဂေဟာရှိ ကလေးငယ် ၁၁၀ ဦးအတွက် ဆန်ဖိုး ထောက်ပံ့ငွေကျပ် ၅၉၄၀၀၀၀၊ ဝတ်စုံစရိတ်နှင့် စားစရိတ်အတွက် ငွေကျပ် ၁၀၂၃၀၀၀၀ နှင့် ဂေဟာမှူး ထောက်ပံ့ငွေကျပ် ၃၆၀၀၀၀ စုစုပေါင်းငွေကျပ် ၁၇၀၃၀၀၀၀ နှင့် ကျောင်းစိမ်း ကျား/မ အဝတ်အထည်များနှင့် ရုပ်အင်္ကျီများ ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံကြ သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသ ကြီး ရေတာရှည်မြို့နယ်ရှိ ရေတာရှည်ဘိုးဘွားရိပ်သာသို့ သွားရောက် ကာ ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် ငါးသိန်း၊ ဘိုးဘွား ၂၆ ဦး အတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၁၄၀၄၀၀၀၊ ဝတ်စုံစရိတ်နှင့် စားစရိတ်အတွက် ငွေကျပ် ၂၄၁၈၀၀၀၊ ဂေဟာမှူးထောက်ပံ့ငွေကျပ် ၃၆၀၀၀၀ စုစုပေါင်းငွေကျပ် ၄၆၈၂၀၀၀ နှင့် ပုဆိုး၊ ထဘီ၊ တဘက်နှင့် ရုပ်အင်္ကျီတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြ သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် သပြေကုန်းရှိ မစိုးရိမ်ကျောင်းတိုက်သို့ သွားရောက်ကာ ကျောင်းတိုက် ဆရာတော်အား ဖူးမြော်၍ စာသင်သား သံဃာတော်များအတွက် လှူဖွယ်ပစ္စည်း၊ သင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ

**ဒေးဒရဲ ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ကြီးမှူးဖွင့်လှစ်သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ဦးတွင် ဖွင့်လှစ်နိုင်ခဲ့သည့် သင်တန်းဖြစ်ပြီး သင်တန်းသား သင်တန်းသူများအနေဖြင့် လည်း ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သင်တန်းဆရာ ဦးအောင်ဆန်းလင်းက သင်တန်းကာလအတွင်း သင်ကြားသွားမည့် ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းအား ဇန်နဝါရီ ၁ ရက်မှ ၂၀ ရက်အထိ ရက် ၂၀ ကြာ ဖွင့်လှစ်သွား မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရ သည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## နှစ်သစ်ကူး ဓမ္မသဘင်

ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။



## နာယူကြည်ညို

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်၌ တရားတော် နာယူကြည်ညိုကြသူများကို တွေ့ရစဉ်။

○ ရှေ့ဖုံးမှ

နှစ်တိုင်း နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်မှာ စတုဒိသာအလှူ အမြဲလာလှူပါတယ်။ လှူတဲ့ပစ္စည်းကတော့တစ်နှစ်နဲ့တစ်နှစ် မတူပါဘူး။ တစ်နှစ်ထက်တစ်နှစ်လည်း ပိုစည်ကားလာပါတယ်။ နှစ်သစ်မှာ အခုလို လှူဒါန်းခွင့်ရတဲ့အတွက်လည်း ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ နှစ်တိုင်းလည်းလှူသွားမှာပါ" ဟု ပြောသည်။

### ဆုတောင်း

နှစ်သစ်ကူး တရားအလှူတော်သို့ တရားနာလာရောက်သည့် သမိုင်းခဝဲခြံမှ ဒေါ်ခင်ခင်စောက "နှစ်ကူးတရားပွဲကို နှစ်တိုင်းတရားနာလာပါတယ်။ ရပ်ကွက်ထဲက ဓမ္မမိတ်ဆွေတွေလည်း ပါပါတယ်။ အခုလို နှစ်သစ်ကူးမှာ ထေကြီးဝါကြီး ဆရာတော်ကြီးတွေရဲ့ တရားတော်ကို နာကြားခွင့်ရတဲ့အတွက် အင်မတန်မှ ကုသိုလ်တွေလည်း ရပါတယ်။ တရားပွဲစီစဉ်တဲ့သူတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ နောက်ရက်တွေလည်း တရားနာလာဦးမှာပါ။ နှစ်စဉ်နှစ်တိုင်း ယခုလိုတရားပွဲကြီးတွေ ပြုလုပ်နိုင်ပါစေလို့လည်း ဆုတောင်းပါတယ်" ဟုပြောသည်။

ယနေ့ကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်တွင် ဆံတော်ပွား ငါးဆူ၊ အံတော်ပွား လေးဆူနှင့် စေတီ ခြောက်ဆူတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက တရားနာယူကြသည့် ပရိသတ်များကို ကံစမ်းမဲဖောက်ကာ မဲပေါက်သူများအား ပေးအပ်လှူဒါန်းသည်။


ထို့ပြင် ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဝိသာခါဖောင်ဒေးရှင်းနှင့် လေးကျွန်းသူဖောင်ဒေးရှင်းတို့မှ ပေးအပ်လှူဒါန်းသည့် ကျောက်စီပန်းချီကားနှင့် ဗုဒ္ဓဂယာပန်းချီကားများအား ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်သို့ တရားနာယူရန်လာရောက်ကြသည့် တရားနာပရိသတ် ရှစ်သောင်းကျော်ရှိပြီး တရားဓမ္မသဘင်တွင် အလှူရှင်များက ကော်ဖီ၊ မုန့်၊ အချိုရည်၊ သောက်ရေသန့်များကို စတုဒိသာလှူဒါန်းကြပြီး တရားနာလာသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်အတွက် ကြို၊ ပို့ယာဉ်များကိုလည်း အခမဲ့စီစဉ်ပေးထားကြောင်း သိရသည်။

### တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်

အဆိုပါ နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကို ယနေ့မှစတင်ကာ ဇန်နဝါရီ ၃ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၂ ရက် (ကြာသပတေးနေ့) တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဇန်နဝါရီ ၃ ရက် (သောကြာနေ့) တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့က နှစ်သစ်ကူးတရားရေအေးအမြိုက်ဆေးတိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်**



ဖောဓိရိပ်ငြိမ်တောရဆရာတော်ကြီး၏ နှစ်သစ်မင်္ဂလာ ဝိပဿနာတရားစခန်းကို ဇန်နဝါရီ ၁ ရက်တွင် လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်ရှိ ခေါင်နန်းဓမ္မာရုံ၌ ကျင်းပစဉ်။ **သတင်းစဉ်**

*(အဆိုပါ တရားစခန်းပထမဆုံးနေ့ ဇန်နဝါရီ ၁ ရက်တွင် တရားကျင့်ဖော် ယောဂီသူတော်စင်ပရိသတ် ၁၀၀၀ ကျော် လာရောက် တရားနာယူခဲ့ကြပြီး ဇန်နဝါရီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။)*



## ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

**ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင် ၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။**

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံပညာကျောင်းသား အားကစားပွဲတော် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆုချီးမြှင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းမော်ထွန်း၊ ဒေါက်တာမြလေးစိန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)၊ ဘော်လီဘောပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)နှင့် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် အနိုင်ရဗိုလ်စွဲခဲ့ကြသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။



၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်အထိ အားကစားနည်းလေးမျိုး (ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း)ဖြင့် ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းဒေသကြီးက ရွှေ ၁၅ ခု၊ ငွေ နှစ်ခု၊ ကြေး လေးခု၊ ရှမ်းပြည်နယ်က ရွှေ သုံးခု၊ ငွေ နှစ်ခု၊ ကြေး တစ်ခု၊ မကွေးတိုင်းဒေသကြီးက ရွှေ နှစ်ခု၊ ငွေ လေးခု၊ ကြေး ခြောက်ခု၊ ပဲခူးတိုင်းဒေသကြီးက ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး လေးခု၊ ကချင်ပြည်နယ်က ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး သုံးခု၊ ဧရာဝတီတိုင်းဒေသကြီးက ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေ နှစ်ခု၊ ငွေ နှစ်ခု၊ ကြေး သုံးခု၊ မွန်ပြည်နယ်က ရွှေ တစ်ခု၊ ငွေ ငါးခု၊ ကြေး နှစ်ခု၊ မန္တလေးတိုင်းဒေသကြီးက ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကြေး သုံးခု၊ စစ်ကိုင်းတိုင်းဒေသကြီးက ရွှေ တစ်ခု၊ ငွေ တစ်ခု၊ ကြေး သုံးခု၊ နေပြည်တော်က ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကြေး တစ်ခု၊ ကယားပြည်နယ်က ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကရင်ပြည်နယ်က ငွေ တစ်ခု၊ ကြေး သုံးခု၊ ချင်းပြည်နယ်က ငွေ တစ်ခု၊ ကြေး တစ်ခု၊ ရခိုင်ပြည်နယ်က ကြေး နှစ်ခုရရှိခဲ့ကြောင်း သိရသည်။

**ပညာရေး**

# ဒီပဲယင်းမြို့နယ် အင်တိုင်းလေးကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ဒီပဲယင်း ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အင်တိုင်းလေးကျေးရွာ ၂၄ နာရီလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီက ထရန်စဖော်မာရှေ့တွင် ကျင်းပခဲ့ကြောင်း



သိရသည်။

ကျေးရွာမီးလင်းရေးအခမ်းအနားတွင် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမင်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေမောင်၊ မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းတို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ မြို့နယ်လျှပ်စစ်မှူးက (၁၁/၀.၄)ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာကို လျှပ်စစ်ခလုတ်အားများလွှတ်၍လည်းကောင်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဖွံ့ဖြိုးတိုးတက်လာမည်**

အင်တိုင်းလေးကျေးရွာတွင် ယခင်က ဖယောင်းတိုင်မီး၊ ဒီဇယ်သုံးအင်ဂျင်လျှပ်စစ်မီးနှင့် ဆိုလာစနစ်တို့ကို အသုံးပြုရာမှ ယခုအခါတွင် ၂၄ နာရီလျှပ်စစ်မီးလင်းရေးတို့ကို လုပ်ဆောင်နိုင်ခဲ့သဖြင့် ကျေးရွာနေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၈၀ ရှိပြီး ၂၄ နာရီမီးလင်းရေးကို အမျိုးသားလျှပ်စစ်စီမံကိန်းအထောက်အပံ့နှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် သိန်း ၁၉၀ အကုန်ကျခံကာ အိမ်သုံးမီတာ ၇၉ လုံး တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**

## ဤမြေလွတ်လပ် သက်သေညွှန်း

❖ နယ်ချဲ့ဘီလူး
ကျူးကျော်စစ်ဆင်၊ စိတ်ယုတ်သွင်လည်း
မေ့ချင်နိုင်ခဲ၊ အရိုးစွဲအောင်
ရင်ထဲနာကျင် နေဆဲလေ။

❖ ဖိနှိပ်ရိုက်ချိုး
ထီးကျိုးနန်းပျောက်၊ ရေကြည်နောက်သို့
သပေါက်ကျွန်ခေတ်၊ နှံ့နှစ်ခဲ့ရိုး
တို့ဘိုးတို့ဘွား၊ ဘဝခါးခဲ့၊
မေ့ထားမရ ထိုအချိန်။

❖ သွေးချွေးအသက်
ပေးဆက်ကျေပွန်၊ သမိုင်းမွန်ဖြင့်
သူ့ကျွန်ဘဝ၊ နေမလှ၍
ထကြွတော်လှန်၊ ရုန်းကန်ခဲ့ရိုး
တို့ဘိုးတို့ဘွား၊ ညီညွတ်အားလည်း
မေ့ထားမလွယ်ရင်မှာနွယ်။

❖ ဖိလျှင်ကြွ၍
ထိကမခံ၊ ဇာတိမာန်နှင့်
မြန်မာလူမျိုး၊ ကျော်ဟိုးမရိုင်း
သမိုင်းမော်ကွန်း၊ ဖြစ်ထွန်းရှန်းဝေ
ဤမြေလွတ်လပ် သက်သေညွှန်း။

❖ အိုဘယ့်မြန်မာ
ခုခါလွတ်လပ်၊ ဤမြေရပ်ဝယ်
ကောင်းမြတ်အမွေ၊ ပေါင်းစပ်နေပြီ
ရေရှည်တည်ရှိ၊ အခြေပျိုးပြီ
ရိုးသားဖြူစင်၊ ရာဇဝင်နှင့်
သားစဉ်မြေးဆက်၊ လက်ချင်းယှက်ကာ
တိုးတက်စံနှုန်း၊ နည်းသစ်ထုံးနှင့်
စည်းလုံးမြဲခိုင်၊ စိတ်မဏ္ဍိုင်နှင့်
ပန်းတိုင်ရောက်ရေး ခွန်အားမွေး
လွတ်လပ်ရေးလည်း ထိန်းသိမ်းပေး။

**ဖိုလေးလုံးသောင်းကိုကို**

## တာချီလိတ်ခရိုင်၌ ၂၀၂၀ ကြားဖြတ်သန်းခေါင်စာရင်းအတွက် ကောက်ကွက် ၄၅ ကွက် လျာထား

**တာချီလိတ် ဇန်နဝါရီ ၁**

၂၀၂၀ မြန်မာနိုင်ငံ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ခံရန်အတွက် တာချီလိတ်ခရိုင်အတွင်း ကောက်ကွက် ၄၅ ကွက်လျာထားကြောင်း သိရသည်။

တာချီလိတ်မြို့နယ်အတွင်း ကောက်ကွက် ၃၂ ကွက်၊ မိုင်းယောင်းမြို့နယ်အတွင်း ကောက်ကွက် ခုနစ်ကွက်နှင့် မိုင်းဖြတ်မြို့နယ်အတွင်း ကောက်ကွက် ခြောက်ကွက် သတ်မှတ်ကာ ကောက်ခံသွားမည်ဖြစ်ပြီး လူဦးရေသန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို ဇန်နဝါရီလအတွင်း ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ခရိုင်လဝကရုံးမှ စာရင်းစစ်၊ စာရင်းကောက် ၂၉ ဦးကို မိုဘိုင်းတက်ဘလက်ဖြင့် စာရင်းကောက်နည်း နည်းပညာကို ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဇန်နဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း ၈၀၀၀၀ ကျော်ရှိပြီး အဆိုပါကောက်ကွက်များကို ခရိုင်အဆင့်ကောက်ကွက် ၄၀၀၀ ကျော် ပြန်လည်သတ်မှတ်ကာ အဆင့်လေးဆင့်ဖြင့် ကောက်ခံနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ သန်းကျော်ရှိကာ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၆၀ ရှိလာမည်ဟု ပြည်သူ့အင်အားဦးစီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ညောင်ဦးမြို့နယ်အတွင်းရှိ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းနှင့် ပလင်းကမ်းသာယာဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းနှင့် ပလင်းကမ်းသာယာဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**အထူးအလေးထားဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ် မြေသင်းတွင်းကြိုးပြင်ကာကွယ်တောအတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်စိုက်ပျိုးဆောင်ရွက်သည့် တောထိန်းရေိယာအထူးစိမ်းလန်းစိုပြည်ရေး ကွက်လပ်ဖြည့်စိုက်ခင်း(၆/၂၀၁၉)ကို ကြည့်ရှုစစ်ဆေးပြီး ရာသီဥတုပြောင်းလဲမှုနှင့်အတူ သစ်ပင်စိုက်ပျိုးနည်းစနစ်များ လိုက်လျောညီထွေမှုရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊ စိုက်ပျိုးသည့်သစ်မျိုး၊ စိုက်ပျိုးနည်းစနစ်၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှုနှင့် ရှင်ပင်ရာခိုင်နှုန်းတို့ကို စနစ်တကျမှတ်တမ်းတင်ထားရှိ၍ သုတေသနပြုဆောင်ရွက်ရန်၊ ပျိုးပင်များရှင်သန်ကြီးထွားမှုကို စနစ်တကျသုတေသနပြုဆောင်ရွက်နိုင်ရေးအတွက် စိုက်ခင်းအတွင်း အမြဲတမ်းနမူနာကွက်များ ချမှတ်ဆောင်ရွက်ရန်၊ ပျိုးပင်များ ကျန်းမာကြံ့ခိုင်မှုရှိစေရေး ပျိုးဥယျာဉ်လုပ်ငန်းစဉ်အဆင့်ဆင့်ကို အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ် ဇီးအိုကြိုးပြင်ကာကွယ်တောအတွင်း ထိန်းသိမ်းထားရှိသည့် အင်ကြင်းတော၊ ပလင်းကျေးရွာအနီး စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ချင်းတွင်းဖောင်ဖွဲ့ရေးဒေသက တည်ထောင်ဖွင့်လှစ်သည့် ပလင်းကမ်းသာယာဆင်စခန်း၌ ဆင်ပြတိုက်တည်ဆောက်မှုနှင့် လေညင်းခံဆိပ်ခံဇေတံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ထက်လန်းကန်နှင့် လက်ထုတ်ကျေးရွာတို့၌ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းစီမံကိန်းကို ၂၀၁၇ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်အထိ (၃)နှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်းသည် ညောင်ဦးမြို့နယ်အတွင်းရှိ ထက်လန်းကန်နှင့် လက်ထုတ်ကျေးရွာဒေသခံများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ထင်း၊ တိုင်၊ မျောနှင့် သစ်များ ထောက်ပံ့ရန်၊ သစ်တောထိန်းသိမ်းခြင်းနှင့် ပြုစုခြင်းလုပ်ငန်းများတွင် ဒေသခံများ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## နှစ်သစ်ကူးအထိမ်းအမှတ် တက္ကသိုလ်ကင်းထောက်လူငယ်များ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်သစ်ကူးအထိမ်းအမှတ် ကင်းထောက်လူငယ်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးဌာန၌ ပြုလုပ်သည်။

သွေးလှူဒါန်းပွဲသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ကင်းထောက် အစီအစဉ်မှူးချုပ် ဦးအေးကြိုင်၊ ကင်းထောက်သင်တန်းမှူးချုပ် ဦးမြင့်ဆွေနှင့် ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့မှ တက္ကသိုလ်ကင်းထောက် မောင်မယ်များက သွေးများ လှူဒါန်းကြသည်။

**မြန်မာနိုင်ငံကင်းထောက်အဖွဲ့**




## သတိပေးနှိုးဆော်ချက်

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၀ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဥယျာဉ်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက် (၀၂၀၀)အချိန်မှ (၀၉၀၀)အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဥယျာဉ်ရိပ်သာ မီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဧရာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(အင်္ဂပူမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၃ ၊ ၄ )ရက်၊( သောကြာ ၊ စနေ )နေ့၊ နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
နန်းကသူ့ခန်းမ ၊ အ.ထ.က-ကွင်းကောက် ၊ အင်္ဂပူမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၅ ၊ ၆ )ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့၊ နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
ဧရာဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။

# မောတောင်မြို့တွင် ဆလုံသာသနာပြု ဂျုလန်းကျွန်းဆရာတော်၏ ဓမ္မရိပ်သာကျောင်းဆောင်သစ်ဖွင့်ပွဲ၊ စေတီတော်ထီးတင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ စည်ကားစွာကျင်းပ

**တနင်္သာရီ ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်(မြန်မာ-ထိုင်း) နယ်စပ် မောတောင်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း ဆလုံသာသနာပြု ဂျုလန်းကျွန်းဆရာတော် အရှင်ကုသလဇောတိ (သာသနဒ္ဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ)၏ ဓမ္မရိပ်သာကျောင်းဆောင်သစ်ဖွင့်ပွဲ၊ စေတီတော်ထီးတင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ သာသနာအောင်ပွဲ အခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညဦးပိုင်းမှစ၍ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပသည်။

**ချီးမြှင့်တော်မူ**

ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီမှစ၍ နိုင်ငံတော်သံဃမဟာနာယက ဗဟိုဝန်ဆောင် မြိတ်မြို့ မောတောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအရှင်ဝိမလ၊ တနင်္သာရီတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ မြိတ်မြို့ မောတောင်ကျောင်းတိုက်မှ အရှင်နာရဒနှင့် ဂျုလန်းကျွန်းဆရာတော်အရှင်ကုသလဇောတိတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ချီးမြှင့်ပေးတော်မူကြသည်။

ထို့နောက် နိုင်ငံကျော်အနုပညာရှင်များဖြစ်သော ဟားငါးကောင်အငြိမ့်အဖွဲ့နှင့် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ဟိန်းဝေယံ၊ စိုးပြည့်သဇင်တို့က ပျော်ရွှင်စွာ သီဆိုဖျော်ဖြေပေးကြသည်။ ည ၁၂ နာရီ နှစ်သစ်ကူးအချိန်တွင် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ကြပြီး မီးပုံးပျံများ လွှတ်တင် ခြင်းနှင့် မီးရှူးမီးပန်းပစ်ဖောက်ခြင်းများ စည်ကားစွာ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်ပြီး ယနေ့နံနက် ၅ နာရီတွင် ဒေဝဒေဝ ထိုင်တော်မူ စကျင်ကျောက်ဆင်းတုတော်အား ဘုရားအနေကဇာတင်လှူသည်။



ထို့နောက် နံနက် ၇ နာရီတွင် ဘုန်းကံကြီးမား နိဗ္ဗာန်သွား စံကျောင်းတော်၊ ဘုန်းရှင်ကံရှင်ဓမ္မဗိမာန်တော်နှင့် မုခ်ဦးတို့အား ဂျုလန်းကျွန်းဆရာတော်အရှင်ကုသလဇောတိ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ အလှူရှင်များနှင့် ဗီဒီယိုသရုပ်ဆောင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ နံနက် ၉ နာရီ ၉ မိနစ် ၉ စက္ကန့် မင်္ဂလာအချိန်တွင် လောကဂရုသိမ်ပေါ်ရှိ စေတီနှင့် အရံစေတီများတွင် ထီးတော်တင်လှူပူဇော်ခြင်း ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။

**နှစ်ရက်တိုင်တိုင် လှူဒါန်း**

ယင်းနောက် အလှူအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သာဓုသုံးကြိမ်ခေါ်ဆိုကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပူဇော်ကြကြောင်းနှင့် ပင့်လျှောက်ဆရာတော်သံဃာတော် အပါး ၂၀၀ ကျော်တို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ရပ်ဝေးရပ်နီး ဒေသအသီးသီးမှ ဘုရားဖူးလာရောက်သူများကိုလည်း ထမင်း-ဟင်း၊ မုန့်၊ အချိုရည်နှင့် သစ်သီးစုံ စသည့် စားသောက်ဖွယ်ရာများဖြင့် နိဗ္ဗာန်ဈေးအလှူရှင်များက နှစ်ရက်တိုင်တိုင် နိဗ္ဗာန်ဈေးလှူဒါန်းကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ် လယ်ယာမြေလုပ်ပိုင်ခွင့်များပေးအပ်

**ပူတာအို ဇန်နဝါရီ ၁**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပူတာအိုခရိုင်အတွင်းရှိ ဒေသခံပြည်သူများ၏လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ပူတာအိုမြို့ ဒုတ္တနှရပ်ကွက် ရဝမ်အမျိုးသားဥယျာဉ် ခါကာဘိုရာဇီခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်လေးခရိုင်လုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များကို ပူတာအိုမြို့နယ်အတွင်းရှိ တောင်သူ ၁၀၈ ဦးနှင့် မချမ်းဘောမြို့နယ်အတွင်းရှိ တောင်သူ ၁၈ ဦးတို့အား လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖုန်ကန်( ပူတာအို)**

## ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ပညာပေးသင်တန်းဖွင့်ပွဲ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် ဇန်နဝါရီ ၁**

ဆေးလိပ်ငွေ့ကင်းစင် လွိုင်ကော်မြို့တော်တစ်ခွင် ဟူသောဆောင်ပုဒ်နှင့်အညီ လွိုင်ကော်မြို့နယ်အတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး အသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော် သေဆုံးနေပြီး ၁ ဒသမ ၂ သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးမသုံးစွဲသော်လည်း အခြားသူများ၏ သုံးစွဲမှုကြောင့် ရောဂါဖြစ်ပွားသေဆုံးနေရကြောင်း၊ ပြည်သူလူထုအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲခြင်း၏ ဆိုးကျိုးများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်သင့်သည့် အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဆေးလိပ်ငွေ့ကင်းစင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

လွိုင်ကော်မြို့တော်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့် အများပြည်သူအား အသိပညာပေးခြင်းသင်တန်းကို လွိုင်ကော်မြို့ မြို့နယ်ခန်းမတွင် ဒီဇင်ဘာ ၃၀ ရက်မှ ၃၁ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**



## မန္တလေးမြို့တွင် နှစ်သစ်ကူးနေ့ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး ဇန်နဝါရီ ၁**

ယနေ့သည် ၂၀၂၀ ပြည့်နှစ် နှစ်သစ်မင်္ဂလာအခါတော် နိုင်ငံတကာနှစ်သစ်ကူးနေ့ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၊ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် ယနေ့တွင် နံနက်အရုဏ်တက်ချိန်မှစ၍ မန္တလေးတိုင်းဒေသကြီးအတွင်း အမြို့မြို့အနယ်နယ်အရပ်ရပ်တို့မှ ဘုရားပုထိုးစေတီတော်များ၊ ဓမ္မာရုံများ၌ ပူဇော်ပွဲများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘာသာရေးဆိုင်ရာ ဌာနအသီးသီးတို့မှလည်း လှူဒါန်းကုသိုလ်ပြုခြင်းနှင့် ဆီမီးထွန်းညှိခြင်း၊ ရောင်စုံမီးတန်းများ ထွန်းညှိပူဇော်ကျင်းပလျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။ နံနက်ပိုင်းတွင် လူမှုရေးအကျိုးပြုလုပ်ငန်း ပရဟိတအဖွဲ့အစည်းများ၊ အိမ်နီးချင်းမိတ်ဆွေများ၊ လူငယ်လူရွယ်များ၊ ဈေးသူ ဈေးသားများနှင့် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများ၊ ပြည်သူများကလည်း မိသားစုအလိုက် စတုဒိသာကျွေးမွေးပြီး ကောင်းမှုကုသိုလ်ပြုကြသူများ၊ နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်အခမ်းအနားများဖြင့် မန္တလေးမြို့တစ်ခွင်တွင် ကျင်းပလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမုနိရုပ်ရှင်တော်မြတ်အား ယနေ့နံနက် ၄ နာရီက ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌအမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း၊ ပန်းများ ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဘာသာဝင်သူတော်စင်ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းများကပ်လှူ၍ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်များရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာအားထုတ်ကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## လယ်ဝေးမြို့တွင် အမှိုက်ကင်းစင်ရေး အသိပညာပေး

**လယ်ဝေး ဇန်နဝါရီ ၁**

နေပြည်တော် လယ်ဝေးမြို့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ အမှိုက်၏ဆိုးကျိုးများနှင့် အမှိုက်ကင်းစင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ညွှန်ကြားရေးမှူး ဦးစသန်းထိုက်က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေဝင်းထွန်းက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အမူအကျင့်ကောင်းများနှင့်ပတ်သက်၍ဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဒေါက်တာ မြတ်တော်ထက်က ပလတ်စတစ်အမှိုက်အကြောင်း သိကောင်းစရာများကို Video File ဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **နေဇော်ချစ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဖလမ်းမြို့ ဆူရိဘုန်လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ချင်းပြည်နယ် ဖလမ်းမြို့၌ တည်ဆောက်လျက်ရှိသည့် ဆူရိဘုန်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဆူရိဘုန်လေဆိပ်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဆူရိဘုန်လေဆိပ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည့် လုပ်ငန်းညှိနှိုင်းဖြည့်ဆည်းမှုများနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့်အတူ လေဆိပ်တည်ဆောက်ရေးလုပ်ငန်းခွင် ပေ ဖ၀ အမြင့်ရှိ လေကြောင်းထိန်းမျှော်စင်နှင့်တွဲလျက် တည်ဆောက်ထားသည့် မီးသတ်အဆောက်အဦ၊ DVOR အတွက် Structure Foundation လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဖလမ်း(ဆူရိဘုန်)လေဆိပ်သစ် တည်ဆောက်ခြင်းရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် လေယာဉ်ကွင်း ၆၉ ကွင်းရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုနှင့် ပြည်တွင်းလေဆိပ် ၃၁ ခုအား လက်ရှိအသုံးပြုနေပြီး တောင်တန်းထူထပ်၍ သွားလာရခက်ခဲသော ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် လေဆိပ်တစ်ခု တည်ဆောက်သွားရန်ဖြစ်သည်။

လေယာဉ်ကွင်းမရှိသေးသည့် ချင်းပြည်နယ်တွင် ယခုဆောင်ရွက်လျက်ရှိသည့် ဆူရိဘုန်လေဆိပ်သစ် တည်ဆောက်ပြီးစီးပါက ချင်းပြည်နယ်၏ လေကြောင်းဝင်ပေါက် (Gateway of Chin State) အဖြစ် ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်း / ပြည်ပ ခရီးသွားဧည့်သည်များ ချင်းပြည်နယ်သို့ အချိန်တိုတိုအတွင်း လာရောက်လည်ပတ်နိုင်ပြီး ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ ချင်းပြည်နယ်မှ မြန်မာနိုင်ငံရှိ ဒေသအနှံ့အပြားသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန်ဖြစ်သည်။

ဖလမ်းလေဆိပ်သည် ချင်းပြည်နယ်၏ အလယ်ပိုင်းတွင်တည်ရှိပြီး ဖလမ်းလေဆိပ်မှ ဖလမ်းမြို့၊ လုံပီးတောင်၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ ရိဒ်ရေကန် စသည့် ချင်းပြည်နယ်ရှိမြို့များမှ ဖလမ်းလေဆိပ်နှင့်ချိတ်ဆက်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်လေဆိပ်များသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန်တို့ဖြစ်သည်။

ဖလမ်း(ဆူရိဘုန်)လေဆိပ်သစ် တည်ဆောက်ရေးစီမံကိန်းကို နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများပြီးစီး၍ ATR-72 လေယာဉ်များ ဆင်း/တက် အသုံးပြုနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇန်နဝါရီ ၁**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေပရဝဏ်၌ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းအမှိုက်ကောက်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေပရဝဏ်၌ ကျင်းပသည်။

**ပတ်ဝန်းကျင် သန့်ရှင်းစေရန်**

ထိုသို့ ဆောင်ရွက်စဉ် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် We Clean, We Educate, We Change နှင့်အညီ မိမိပတ်ဝန်းကျင် သန့်ရှင်းစေရန် ဆောင်ရွက်ကြရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် အားလုံးပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အမှိုက်ကင်းစင်ခြင်းသည် စိတ်ကိုကြည်နူးစေပြီး ခွန်အားလည်းဖြစ်စေပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များတွင် အမှိုက်ကောက်ခြင်းကို ပုံမှန်ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် အဖွဲ့သုံးဖွဲ့ခွဲ၍ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ပရဝဏ်အတွင်း၌ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ကောက်ရှင်းလင်းခြင်းများကို တပျော်တပါး ဆောင်ရွက်ကြသည်။



ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ အမှိုက်ကောက်ခြင်းကို ၂၀၁၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နှင့် ၂၀၁၉ ခုနှစ်တွင် ရန်ကုန် - မန္တလေး အမြန်လမ်း(၀)မိုင် တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

## MRTV Channel အား SD စနစ်မှ HD စနစ်သို့ ပြောင်းလဲထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များ အရုပ်/အသံ အရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD) စနစ်အပြင် High Definition (HD) စနစ်ကိုပါ တွဲဖက်၍ (၁၅-၁-၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် (၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံ အရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များ အနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့် ချိန်ညှိမှုကိုမှ ပြုလုပ်ရန်မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်သို့ အဆင့်မြှင့်တင်ကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည်ပြုလုပ်ခြင်းဖြင့် ရုပ်/သံ အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

(က) DVB -T2 Set-top Box ဖြင့် ဖမ်းယူပါက Menu မှ Channel Search ကိုရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။

Menu ⟶ Channel Search ⟶ Auto Search ⟶ OK

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကို ရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကို ရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။

Menu ⟶ Channel ⟶ Tuner Type ⟶ Antenna ⟶ Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV) ⟶ Start ⟶ OK

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက် Set-top Box ၏ Menu မှPicture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကို ရွေး၍ OK နှိပ်ပါ။

Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK

၅။ ဖမ်းယူချိန်ညှိပြီးပါက Channel Box တွင် အောက်ပါအစီအစဉ်အတိုင်း Channel များကို ဖမ်းယူရရှိမည် ဖြစ်ပါသည်-

| | |
|---|---|
| (1) MRTV-HD | (2) MRTV-SD |
| (3) MRTV Hluttaw | (4) MRTV NRC |
| (5) MRTV Farmer | (6) MRTV Sport |
| (7) MRTV Entertainment | (8) MI |
| (9) MRTV-4 | (10) Channel-7 |
| (11) 5 - Plus | (12) MNTV |
| (13) Channel-9 | (14) Mizzima |
| (15) DVB | (16) Channel K |
| (17) YTV | (18) Fortune |
| (19) Myanma Radio | (20) Upper Tineyin Thar |
| (21) Lower Tineyin Thar | |

၆။ အထက်အပိုဒ် ၅ ပါ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း (၁၅-၁-၂၀၂၀) ရက်နေ့မှစတင်၍ အထက်အပိုဒ် ၄ ပါ အစီအစဉ်များအတိုင်း Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည် ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀

(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

# နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် အစည်းအရုံးများမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ ယနေ့အခမ်းအနားသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် “နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲကို ဖိတ်ခေါ်ကျင်းပပေးခဲ့ပြီး ဆုချီးမြှင့်ပွဲဖြစ်ကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၂၀ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ဝင်ရောက်ယှဉ်ပြိုင်**

ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားကြောင်း၊ လူမျိုးတစ်မျိုးချင်းစီ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းများ များစွာရှိကြောင်း၊ ထိုအရာများကို ဓာတ်ပုံ၊ ပို့စကတ်စသည့်ပညာရပ်များဖြင့် ပုံဖော်ဖန်တီး ရိုက်ကူးခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သမိုင်းဝင်သည့်နေရာများနှင့် ရေမြေတောတောင်များ၏ သာယာလှပမှု၊ ပျော်ရွှင်မှုနှင့် လွတ်လပ်မှုစသည့်ပုံရိပ်များ ရရှိစေရန်အတွက် ရည်ရွယ်၍ ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၈၁ ဦးတို့က ဓာတ်ပုံပေါင်း ၇၃၅ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပို့စကတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃ ဦးတို့က ပို့စကတ်ပေါင်း ၂၂၄ ခုကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်ကို သိရှိရကြောင်း။

ပြိုင်ပွဲတွင် ကဏ္ဍနှစ်ရပ်ရှိရာ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ပညာရှင်များက ဆုရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ပို့စကတ်ပြိုင်ပွဲကို မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)ပညာရှင်များက ဆုရွေးချယ်ပေးခဲ့ကြကြောင်း၊ ဓာတ်ပုံနှင့် ပို့စကတ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု ငါးဆုစီ၊ ပြိုင်ပွဲတစ်ခုလျှင် ဆုရှစ်ဆုစီနှင့် စုစုပေါင်း ၁၆ ဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယနေ့ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဓာတ်ပုံပညာရှင်များ၊ ပို့စကတ်သရုပ်ဖော်ပညာရှင်များတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်နေသည်ကို သိရသည့်အတွက် အထူးဝမ်းသာ ကြိုဆိုပါကြောင်း၊ ပြိုင်ပွဲများတွင် ဆုရွေးချယ်ပေးခဲ့သော ပညာရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆုရရှိသူများအတွက်လည်း ဂုဏ်ယူပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဆုရဓာတ်ပုံများနှင့် ပို့စကတ်များကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ဓာတ်ပုံပြိုင်ပွဲ ဆုများရွေးချယ်ဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) အဖွဲ့ဝင် ဦးကြည်ဝင်းက ပို့စကတ်ပြိုင်ပွဲ ဆုများရွေးချယ်ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် “နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ လှမိုးနိုင်(Ko Sat)နှင့် ပို့စကတ်ပြိုင်ပွဲ ပထမဆုရ မောင်ဖြိုးမောင်မောင်(ရွှေဘို)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဦးအောင်မျိုးမြင့်၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယက ပန်းချီစိုးမိုး၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးနှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးမြတ်ထွန်းအောင်တို့က ဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ ဇော်ဇော်ကောင်းစံနှင့် ပို့စကတ်ပြိုင်ပွဲ ဒုတိယဆုရ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ ဓာတ်ပုံပြိုင်ပွဲ တတိယဆုရ မောင်ထက်ခိုင်နှင့် ပို့စကတ်ပြိုင်ပွဲ တတိယဆုရ နိုင်ထူးအောင်၊ ဓာတ်ပုံပြိုင်ပွဲ အထူးဆုရရှိသူများဖြစ်ကြသည့် ကျော်နိုင်လင်း(လရိပ်ပြာ)၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ ဦးငွေးအောင်၊ ငွေးဝင်း(ရမ္မာဝတီ)၊ သန်းနိုင်ဦး(ပြန်/ဆက်)နှင့် ပို့စကတ်ပြိုင်ပွဲ အထူးဆုရရှိကြသူများ ဖြစ်ကြသည့် အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ နိုင်ထူးအောင်၊ ငွေးဝင်း(ရမ္မာဝတီ)၊ ကိုအောင်ကျော်မိုးနှင့် ရဲသူရအောင်(IPRD)တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် ဆုရရှိသူများကိုယ်စား ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ လှမိုးနိုင်(Ko Sat)က ကျေးဇူးတင်စကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဆုချီးမြှင့်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသော TMW Enterprise Limited မှ Retail Marketing Manager ဦးဖွဲ့ရန်ဗိုလ်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(မင်္ဂလာရုပ်ရှင်မိသားစု)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆုရဓာတ်ပုံများနှင့် ပို့စကတ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

## ပျဉ်းမနား-နေပြည်တော်-မန္တလေး အမြန်ရထားတွဲဆိုင်းဖြင့် အစုန်/အဆန်ခရီးစဉ် စတင်ပြေးဆွဲ

**ပျဉ်းမနား ဇန်နဝါရီ ၁**

မြန်မာ့မီးရထားမှ ရထားစီးခရီးသွားပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရန်အတွက် ပျဉ်းမနား–နေပြည်တော်–မန္တလေး အမြန်ရထားတွဲဆိုင်းဖြင့် အစုန်/အဆန်ခရီးစဉ်ကို ယနေ့တွင် စတင်ပြေးဆွဲပေးရာ အဆန်ရထားဖြစ်သော ပျဉ်းမနား–မန္တလေးပြေးဆွဲသည့် အမြန်ရထားတွဲဆိုင်းအား ပျဉ်းမနားဘူတာမှ ယနေ့နံနက် ၆ နာရီတွင် စတင်ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျဉ်းမနား–နေပြည်တော်–မန္တလေး အမြန်ရထားတွဲဆိုင်း ပြေးဆွဲပေးသည့် ရထားခရီးစဉ်အရ ပျဉ်းမနားဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြေးဆွဲသည့် အမြန်ရထားတွဲဆိုင်းမှာ မန္တလေးဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး မန္တလေးဘူတာမှ ညနေ ၅ နာရီတွင် ပြန်လည်ထွက်ခွာပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ ပျဉ်းမနားဘူတာသို့ ည ၁၁ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ(ပို့ဆောင်ရေး)ဦးကျော်စိုးလင်းက ပြောသည်။



အဆိုပါ အမြန်ရထားတွဲဆိုင်း၌ ရိုးရိုးတန်း ခြောက်တွဲ၊ အထက်တန်းထိုင်ခုံနှစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲတို့ ပါဝင်ကြောင်း၊ ခရီးသည် ၅၀၀ ခန့်လိုက်ပါစီးနင်းနိုင်ပြီး ရထားလက်မှတ်ခနှုန်းထားအား ရိုးရိုးတန်းထိုင်ခုံလက်မှတ် ငွေကျပ် ၁၉၅၀ နှင့် အထက်တန်းထိုင်ခုံလက်မှတ်ငွေကျပ် ၃၉၀၀ သတ်မှတ်ထားကြောင်း သိရသည်။

လက်ရှိတွင် ပျဉ်းမနားဘူတာမှ ယနေ့ပြေးဆွဲသည့် အမြန်ရထားတွဲဆိုင်းအပါအဝင် ပျဉ်းမနားဘူတာမှ ထွက်ခွာပြေးဆွဲသော အခြားရထားခရီးစဉ်ရှိကြောင်း သိရပြီး ပျဉ်းမနား–တောင်တွင်းကြီး အမြန်ရထားတွဲဆိုင်းအား ပြေးဆွဲပေးလျက်ရှိသည်။ ပြေးဆွဲပေးနေသည့် ခရီးစဉ်အရ ပျဉ်းမနားဘူတာမှ ညနေ ၃ နာရီတွင် ထွက်ခွာသည့်အဆန်ရထားမှာ တောင်တွင်းကြီးဘူတာသို့ ည ၁၀ နာရီ မိနစ် ၂၀ တွင်ရောက်ရှိပြီး တောင်တွင်းကြီးဘူတာမှ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ပြန်လည်ထွက်ခွာပြေးဆွဲသည့် အစုန်ရထားမှာ ပျဉ်းမနားဘူတာသို့ ည ၁၁ နာရီတွင်ရောက်ရှိကြောင်း မြန်မာ့မီးရထားမှ ထုတ်ပြန်ထားချက်အရ သိရသည်။

**သတင်း – ပွင့်သစ္စာ၊ ဓာတ်ပုံ – စိုးမြင့်အောင်**

## ကျောက်ပန်းတောင်းမြို့နယ်တွင် လာမည့်နွေရာသီ ရေခက်ခဲမှုဖြစ်ပေါ်နိုင်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁**


အညာဒေသဖြစ်သော မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် မိုးရာသီကာလများအတွင်း မိုးရွာသွန်းမှု နည်းပါးခဲ့သဖြင့် ကျေးရွာများရှိ မိုးရေလှောင်ကန်များတွင် ရေဝင်ရောက်မှုနည်းပါးခဲ့ရာ ယခုနှစ်နွေရာသီကာလတွင် ရေခက်ခဲမှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မိုးရွာသွန်းရက်မှာ တစ်နှစ်ပတ်လုံး ၄၄ ရက်သာရှိခဲ့ပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း အဓိကမှီခိုအားထားနေရသည့်ကြက်မောက်တောင်ဆည်အတွင်း ရေဝင်ရောက်မှုနည်းပါးလာသည့်နည်းတူ ကျေးရွာများရှိ မိုးရေလှောင်ကန်များတွင်လည်း ရေဝင်ရောက်မှုမရှိသဖြင့် လာမည့်နွေရာသီကာလတွင် စက်ရေတွင်းတူးဖော်အသုံးပြုနေသည့် ကျေးရွာများတွင် အခက်အခဲများစွာမရှိနိုင်သော်လည်း စက်ရေတွင်းမရှိဘဲ မိုးရေလှောင်ကန်ကိုသာ အားထားမှီခိုသုံးစွဲနေရသည့် ကျေးရွာတချို့တွင် သောက်သုံးရေ ခက်ခဲရှားပါးမှုနှင့် ကြုံတွေ့လာနိုင်ကြောင်း သိရသည်။


ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၁၀၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၃၃၉ ရွာရှိရာ ကျေးရွာအချို့၌ နွေရာသီကာလ ရေခက်ခဲရှားပါးသည့်အချိန်များတွင် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအလှူရှင်များက ရေသယ်ယာဉ်များဖြင့် လိုက်လံလှူဒါန်းပေးရလေ့ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ဓာတ်ပုံစကတ်ပြိုင်ပွဲ ဆုရပို့စကတ်များ









အမည်- ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)
မွေးသက္ကရာဇ် - ၉ - ၇ - ၁၉၈၂
ဇာတိ - မကွေးတိုင်းဒေသကြီး၊
ဆင်ဖြူကျွန်းမြို့နယ်။






အမည်- နိုင်ထူးအောင်
မွေးသက္ကရာဇ် - ၁၃ - ၈ - ၁၉၈၄
ဇာတိ - ရန်ကုန်တိုင်းဒေသကြီး၊
မြောက်ဒဂုံမြို့နယ်။





အမည်- ဖြိုးမောင်မောင်
မွေးသက္ကရာဇ် - ၁ - ၁၂ - ၁၉၈၈
ဇာတိ - စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်။






အမည်- အောင်ကျော်ထွန်း(ပုသိမ်ကြီး)
မွေးသက္ကရာဇ် - ၂၄ - ၃ - ၁၉၇၂
ဇာတိ - မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်။






အမည်- နိုင်ထူးအောင်
မွေးသက္ကရာဇ် - ၁၃ - ၈ - ၁၉၈၄
ဇာတိ - ရန်ကုန်တိုင်းဒေသကြီး






အမည်- ငွေဝင်း(ရမ္မာဝတီ)
မွေးသက္ကရာဇ် - ၉ - ၉ - ၁၉၇၁
ဇာတိ - ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်။





အမည် - ကိုအောင်ကျော်မိုး
မွေးသက္ကရာဇ် - ၃ - ၆ - ၁၉၇၃
ဇာတိ - မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့နယ်။





အမည်- ရဲသူရအောင် (IPRD)
မွေးသက္ကရာဇ် - ၂၈ - ၅ - ၁၉၈၆
ဇာတိ - မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်။

# မန္တလေးတက္ကသိုလ်တွင် သံဃာအပါး ၅၀၀ ဆွမ်းလောင်းပွဲ ကျင်းပ



မန္တလေး ဇန်နဝါရီ ၁

မန္တလေးတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ် မေတ္တာမျက်ဝန်း လူငယ်ပရဟိတဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် သံဃာအပါး ၅၀၀ သံဃာဒါနဆွမ်းလောင်းပွဲကို မန္တလေးတက္ကသိုလ် ပင်မဆောင်မျက်နှာစာ၌ ယနေ့နံနက် ၇ နာရီတွင် ကျင်းပသည်။

**လောင်းလှူ**

ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအရှင်ဇောတိက က သီလပေးရေစက်ချ တရားဟောကြားခြင်း၊ သံဃာတော်များမှ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအရှင်ဇောတိကနှင့် IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ (စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင်)တို့က ဆုံးမသြဝါဒစကား မြွက်ကြားခြင်း၊ သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်း စသည့် အစီအစဉ်များဖြင့် ကျင်းပခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

အဆိုပါဆွမ်းလောင်းလှူပွဲသို့ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဆောင်သော ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေးတက္ကသိုလ် မေတ္တာမျက်ဝန်း လူငယ်ပရဟိတဖောင်ဒေးရှင်းအသင်းသားများ၊ အလှူရှင်များ လာရောက်၍ သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ပစ္စည်းမျိုးစုံတို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း မန္တလေးမြို့၌ ပြည်တွင်း ပြည်ပခရီးသွားများဖြင့် စည်ကား

မန္တလေး ဇန်နဝါရီ ၁

၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တို့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် လာရောက်ဘုရားဖူးလေ့လာကြသည့် ပြည်တွင်း ပြည်ပခရီးသွားများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**နေဝင်ဆည်းဆာအလှ ကြည့်ရှု**

အဆိုပါခရီးသွားများသည် နံနက်ပိုင်း၌ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် မဟာမုနိရုပ်ရှင်တော်၊ ကျောက်တော်ကြီး၊ ရွှေကျီးမြင်ဘုရား၊ ကုသိုလ်တော်ဘုရားများနှင့် အောင်တော်မူဘုရားများသို့ အများဆုံးသွားရောက်ဖူးမြော်ကြည်ညိုကြပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့တွင်းရှိ အထင်ကရ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသများဖြစ်ကြသည့် ရွှေကျောင်းကြီး၊ နန်းမြို့တွင်းနှင့် အင်းဝဒေသများသို့ သွားရောက်လေ့လာ၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။ ညနေပိုင်းအချိန်တွင် ဦးပိန်တံတားနှင့် မန္တလေးတောင်ပေါ်ဘုရားများသို့ သွားရောက်၍ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားကြသည်။

''မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်ခဲ့တာပါ။ ရန်ကုန်၊ ပုဂံ၊ မန္တလေးနဲ့ အင်းလေးဘက်ကို သွားရောက်လေ့လာမှာပါ။ ရန်ကုန်နဲ့ ပုဂံကိုတော့ ရောက်ခဲ့ပြီးပါပြီ။ ပုဂံက ဘုရားတွေရဲ့ ဗိသုကာလက်ရာတွေက အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒီဦးပိန်တံတားကို အဆုံးထိလျှောက်ပြီး ညနေခင်းမှာ နေဝင်ချိန်ကို စောင့်ကြည့်ဖို့ စိတ်ကူးထားပါတယ်။ ဒီနေရာလေးဟာ သာယာတဲ့ နေရာလေးပါ။ ကျွန်တော်တို့နိုင်ငံကို ပြန်ရောက်ရင် အသိမိတ်ဆွေတွေကို မြန်မာနိုင်ငံကို သွားရောက်လည်ပတ်ဖို့ ပြောပြမယ်။ မန္တလေးမြို့ ဒေသခံပြည်သူတွေရဲ့ အပြုံးနဲ့ ဧည့်ဝတ်ကျေပွန်မှုကို ကျေနပ်တဲ့အတွက် နောက်တစ်ခါပြန်လာနိုင်ဖို့ ကြိုးစားသွားပါမယ်''ဟု ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူ အီတလီနိုင်ငံသားတစ်ဦးက ပြောသည်။



ထို့ပြင် နေပြည်တော်မှ မန္တလေးမြို့သို့ မိသားစုဖြင့် လာရောက်လည်ပတ်သည့် ဦးအောင်မြင့်ကလည်း ''ဒီဇင်ဘာကျောင်းပိတ်ရက်နဲ့ ဝန်ထမ်းတွေအတွက် ခံစားခွင့်ပေးထားတဲ့ နှစ်သစ်ကူးရုံးပိတ်ရက်ကာလမှာ မိသားစုကုသိုလ်ယူရင်း ကလေးတွေ ဗဟုသုတရရှိစေဖို့ မန္တလေးမြို့ကို ခရီးထွက်ခဲ့တာပါ။ မနေ့က ရောက်ရောက်ချင်းမှာ ဘုရားကြီးနဲ့ မန္တလေးတောင်ခြေမှာရှိတဲ့ ဘုရားတွေအားလုံးကို ဖူးမြော်ပြီးသွားပြီ။ ဒီနေ့တော့ ကျွန်တော့်ကလေးတွေ ရှေးခေတ်ဘုရင်တွေ နေထိုင်တဲ့ နန်းတော်ကြီးအကြောင်း သိရှိအောင် မန္တလေးနန်းမြို့တွင်းကို လာရောက်ပြသတာပါ။ ညနေပိုင်းမှာတော့ ဦးပိန်တံတားကို လေ့လာပြီး ညကားနဲ့ နေပြည်တော်ပြန်မှာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးတွေက ပိုမိုကောင်းမွန်လာတဲ့အပြင် အားလပ်ရက်တွေမှာ ခရီးထွက်ကြတဲ့ ဓလေ့တွေထွန်းကားနေကြပြီဖြစ်လို့ ရောက်တဲ့ဒေသတိုင်းမှာ ပြည်တွင်းခရီးသွားတွေနဲ့ စည်ကားနေတယ်''ဟု ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ ဓာတ်ပုံ-အောင်ဖြိုးကျော်**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲတော် ဖျာပုံမြို့၌ စည်ကားစွာ ကျင်းပလျက်ရှိ

ဖျာပုံ ဇန်နဝါရီ ၁

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုအခမ်းအနားများကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဌာနဆိုင်ရာများ၏ အသိပညာပေးပြခန်းများလည်း ထည့်သွင်းပြသထားကြောင်း၊ အများပြည်သူ လူတန်းစားအလွှာစုံ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် အားကစားပြိုင်ပွဲပေါင်း ၁၂ မျိုးခန့် ကျင်းပလျက်ရှိကြောင်း ဖျာပုံမြို့ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ပြောသည်။

**သူဇာနွယ်(ဖျာပုံ)**

**❂ နေပြည်တော်မှ**

နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်၊ သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် သံဝေဇနိယလေးဌာန၊ သကျရံသီရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီတော်၊ ရန်အောင်မြင်စေတီတော်၊ ဖောင်တော်ချက်မဘုရားနှင့် အခြားဘုရား၊ စေတီ၊ ပုထိုးများတွင် ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်းနှင့် တရားဘာဝနာပွားများအားထုတ်ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဥပ္ပါတသန္တိစေတီတော်သို့ လာရောက်ဖူးမြော်သူ မအိအိမိုးက "ဒီနေ့က အစိုးရရုံးပိတ်ရက်လည်းဖြစ်တဲ့အတွက် နေပြည်တော်တစ်ခွင်လုံး လည်ပတ်မှာပါ။ အခုဘုရားကို အရင်ဆုံးလာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဒါပြီးရင် ဆာဖာရီဥယျာဉ်နဲ့ တိုင်းရင်းသားကျေးရွာတွေကို လည်ပတ်ဖို့ စီစဉ်ထားပါတယ်။ ပိတ်ရက်မှာ မိသားစုနဲ့အတူ လည်ပတ်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ နှစ်သစ်မှာ အားလုံးကျန်းမာချမ်းသာစေဖို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သူငယ်ချင်းများအား ဘုရားဖူးလိုက်ပို့သူ ဦးအေးထွန်းက "ကျွန်တော်နေပြည်တော်မှာ တာဝန်ထမ်းဆောင်ရင်း သူငယ်ချင်းတွေကို ဘုရားဖူးလိုက်ပို့တာပါ။ ဒီနေ့က နှစ်သစ်ဖြစ်တဲ့အတွက် တစ်နှစ်လုံးကုသိုလ်ကောင်းမှုတွေနဲ့ လျှောက်လှမ်းနိုင်ဖို့ မျှော်လင့်ပြီး လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ နှစ်သစ်မှာ အေးချမ်းတဲ့ နိုင်ငံတော်ကြီးဖြစ်ပြီး ဘေးအန္တရာယ်တွေကင်းရှင်းပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိုင်းရင်းသားကျေးရွာ၊ ရေပူစမ်းနှင့် ရေပန်းဥယျာဉ်တို့တွင်လည်း နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ မိသားစု၊ သူငယ်ချင်းမိတ်ဆွေများဖြင့် ရှားပါးတိရစ္ဆာန်များ ကြည့်ရှုလေ့လာခြင်း၊ အဖွဲ့လိုက် ဂိမ်းကစားကြခြင်း၊ တိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်များ၊ အဝတ်အစားများ ဝတ်ဆင်၍ ဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မှ တာဝန်ခံ ဒေါ်ခင်နန်းစိုးက " ဒီနေ့ လာရောက်လည်ပတ်တဲ့သူတွေအတွက် ဥယျာဉ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားရိုးရာအိမ်တွေကို ဝင်ရောက်လေ့လာခွင့်ပေးတယ်။ ပြီးရင် ရိုးရာအဝတ်အစားတွေ ဝတ်ဆင်ပြီး ဓာတ်ပုံရိုက်လို့ရအောင် စီစဉ်ထားပါတယ်။ နောက်ပြီး တိုင်းရင်းသားတွေရဲ့ ရိုးရာအသုံးအဆောင်တွေကိုလည်း ကြည့်ရှုလေ့လာလို့ရမှာဖြစ်ပါတယ်"ဟု ပြောသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ တောင်ငူမြို့မှ လာရောက်လည်ပတ်သူ ဒေါ်ပုချိုကလည်း " အခုလိုပိတ်ရက်မှာ မိသားစုနဲ့ လျှောက်လည်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ နေပြည်တော်မှာ ဘုရားတွေဖူးပြီး အထင်ကရနေရာတွေကို လည်ပတ်ဖို့ စီစဉ်ထားပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ အားလုံးသာယာအေးချမ်းကြပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ Capital Hyper Market၊ Junction Center၊ Ocean Supermarket စသည့် ဈေးဝယ်စင်တာများတွင်လည်း အဖွဲ့လိုက်ပျော်ရွှင်စွာ ဈေးဝယ်ထွက်၍ ရုပ်ရှင်ကြည့်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း-အောင်ရဲသွင်**

**ဓာတ်ပုံ-ကျော်ဇင်ထိုက်၊စိုးဝင်းထွန်း**

# ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးရုံးပိတ်ရက်များကို ခရီးသွားလည်ပတ်၍ ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြသူများ၏ စကားသံများ

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးရုံးပိတ်ရက်များကို ခရီးသွားလည်ပတ်၍ ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြပြီးနောက် သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်ဝင်ရောက်ရန်နှင့် နေရပ်ဒေသများသို့ ပြန်ကြရန် ရန်ကုန်-မန္တလေးအမြန်လမ်း (၁၁၅)မိုင် ယာဉ်ရပ်နားစခန်း၌ ခရီးတစ်ထောက်ခေတ္တအနားယူနေကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်-

တွေ့ဆုံမေးမြန်း
မျိုးသူဟိန်း

ဓာတ်ပုံ
အေးသန်း



မခင်သန္တာကျော်


ဒေါ်နီလာထွေး


ဦးရွှေဘ


ဦးထွန်းထွန်းမင်း


ဒေါ်မော်မော်လွင်


ဦးသန်းကျော်


ဦးလှိုင်ဝင်းထွဋ်

**မခင်သန္တာကျော် (ဝန်ထမ်း)**

ကျွန်မတို့ နှစ်သစ်ကူးရုံးပိတ်ရက်မှာ သံတောင်ကြီးကို တစ်ညအိပ်ခရီးစဉ်သွားခဲ့တာပါ။ မနက်ဖြန်ဆိုရင် ရုံးတွေဖွင့်ပြီဆိုတော့ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရတော့မှာ ဖြစ်ပါတယ်။ သူငယ်ချင်း ရှစ်ယောက်စုပြီးခရီးထွက်ကြတာပါ။ တောထဲသွားတဲ့အခါ စိတ်လှုပ်ရှားစရာကောင်းပြီး ပျော်ဖို့လဲကောင်းပါတယ်။ နော်ဘူဘောတောင်မှာရှိတဲ့ Church ကျောင်းကို သွားလည်ဖြစ်တယ်။ အမွှာတောင်လို့လည်းခေါ်တဲ့ ကရင်နှစ်သစ်ကူးတောင်ကိုလည်း ရောက်တယ်။ လက်ဖက်ခင်းတွေ သွားလေ့လာတယ်။ ပသိချောင်းမှာလည်း ပျော်ခဲ့ပါတယ်။ ၂၀၂၀ နှစ်သစ်ကိုတော့ သံတောင်ကြီးမှာပဲ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းခဲ့ပါတယ်။

**ဒေါ်နီလာထွေး(ကုန်သည်)**

နှစ်သစ်ကို နေပြည်တော်မှာ အေးအေးချမ်းချမ်းဖြတ်သန်းချင်လို့ ရန်ကုန်မြို့ကနေ လာခဲ့ကြတာပါ။ အန်တီတို့မိသားစုရယ်နဲ့ သမီးသူငယ်ချင်းတွေပါတယ်။ အပြန်ကျတော့ ဖိုးကျားဆင်စခန်းဝင်မယ်။ နေပြည်တော်မှာရှိတဲ့ ဘုရားတွေဝင်ဖူးတယ်။ နှစ်သစ်ကူးရက်မှာ နေပြည်တော်က ဟိုတယ်မှာပဲ မိသားစုတွေ၊ သမီးရဲ့သူငယ်ချင်းတွေနဲ့ပဲ ချက်ပြုတ်စားသောက်ပြီး ဖြတ်သန်းခဲ့ကြပါတယ်။ နှစ်သစ်မှာ ဒီလိုခရီးလေးထွက်ပြီးတော့ အေးအေးချမ်းချမ်းအနားယူရတာ တစ်နှစ်တာလုံးပင်ပန်းခဲ့တာတွေ၊ စိတ်ဖိစီးတာတွေ ပျောက်ကင်းသွားသလိုပါပဲ။ ကျန်းမာရေးအတွက်လည်း ဒီလိုခရီးထွက်တာကောင်းတယ်။

**ဦးရွှေဘ (ကုမ္ပဏီယာဉ်မောင်း)**

ရုံးပိတ်ရက်မှာ မိသားစုတွေနဲ့အတူ တောင်ကြီး-အင်းလေး-ပင်းတယ-ကလောကို လေးညအိပ် ငါးရက်ဘုရားဖူးပြီး ပြန်လာတာပါ။ အပြန်မှာတော့ နေပြည်တော်မှာရှိတဲ့ ဘုရားတွေကို ဝင်ရောက်ဖူးမြော်ခဲ့ပါတယ်။ ခုလိုရုံးပိတ်ရက်မှာ ခရီးသွားရတာ စိတ်ပေါ့ပါးပြီး ပင်ပန်းသမျှပြေပျောက်စေသလို နှစ်သစ်မှာ လုပ်ငန်းခွင်ဝင်တဲ့အခါ အလုပ်လုပ်နိုင်ဖို့လည်း ခွန်အားတွေဖြစ်စေပါတယ်။ ၂၀၂၀ နှစ်သစ်မှာ တိုင်းပြည်အေးချမ်းသာယာဖို့၊ ပြည်သူလူထုတွေစားဝတ်နေရေးအဆင်ပြေဖို့ ဆုတောင်းပေးပါတယ်။

**ကိုကျော်ကျော် (အောင်သပြေဘုရားဖူးပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း)**

ကျွန်တော်တို့ ခရီးသွားလုပ်ငန်းက နှစ်သစ်ကူးပိတ်ရက်မှာ ပြင်ဦးလွင် ပန်းပွဲတော်၊ စစ်ကိုင်း၊ မန္တလေး၊ အင်းဝ၊ မုံရွာအလောင်းတော်ကဿပ၊ ကျောက်စိမ်းစေတီကိုသွားတယ်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဆိုတော့ သူတို့သူငယ်ချင်းတွေနဲ့အတူ ခရီးထွက်ကြတဲ့ ကျောင်းသားတွေပါတယ်။ နှစ်သစ်ကူးချိန်မှာတော့ အစ်ကိုတို့ကားက ၁၁၅ မိုင်မှာ ရောက်နေတော့ အဲဒီမှာပဲ ကားပေါ်ပါတဲ့ ခရီးသွားပြည်သူတွေနဲ့အတူ နှစ်သစ်ကို ဖြတ်သန်းလိုက်ပါတယ်။ ဒီလိုကားပေါ်မှာပါတဲ့ ခရီးသည်တွေနဲ့ ပေါ့ပေါ့ပါးပါးလေးဖြတ်သန်းလိုက်ရတာလည်း အမှတ်တရတစ်ခုပါပဲ။ ၂၀၁၉ ခုနှစ်ထဲမှာ ရုံးပိတ်ရက်တွေလည်းများတော့ ဝန်ထမ်းတွေ၊ ကျောင်းသားတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ အစုအဖွဲ့လိုက် ခရီးသွားကြတာတွေ ရှိပါတယ်။ နှစ်သစ်မှာအားလုံးလုပ်ငန်းကိစ္စများ အဆင်ပြေချောမွေ့ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးထွန်းထွန်းမင်း(ကုန်သည်)**

မိသားစုနဲ့အတူတူ နေပြည်တော်မှာရှိတဲ့ အစ်ကိုဆီမှာဝင်တည်းပြီး ပုဂံကိုသွားလည်တယ်။ နေပြည်တော်ဘုရားတွေ ဝင်ဖူးတယ်။ ခရီးစဉ်ကတော့ သုံးညအိပ်လေးရက်ခရီး ဖြစ်ပါတယ်။ ခုလိုခရီးထွက်ရတဲ့အတွက် ရပ်ဝေးမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေနဲ့လည်း ပြန်လည်ဆုံရတဲ့အတွက် ပျော်ဖို့ကောင်းပါတယ်။ နှစ်သစ်ကူးအချိန်ကိုတော့ မိသားစုတွေနဲ့အတူတူ ပျော်ပျော်ပါးပါးချက်ပြုတ်စားသောက်ပြီး ဖြတ်ကျော်ခဲ့ပါတယ်။

**ဒေါ်မော်မော်လွင်(ဝန်ထမ်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**

နေပြည်တော်မှာ သူငယ်ချင်းတွေနဲ့အတူတူဖြတ်သန်းဖို့အတွက် ရန်ကုန်မြို့ကနေ နေပြည်တော်ကို နှစ်သစ်ကူးအမီသွားခဲ့တာပါ။ သူငယ်ချင်းတွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင်နှစ်သစ်ကူးခဲ့တာပါ။ မနက်ဖြန်ရုံးတက်ရမှာဆိုတော့ ဒီနေ့ ရန်ကုန်မြို့ကို ပြန်မှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် တစ်နှစ်လုံး အလုပ်တွေကြိုးစားကာ အခုလိုနှစ်သစ်ကူးချိန်မှာ ခရီးထွက်ပြီး စိတ်အပန်းဖြေရတာစိတ်ပျော်ရွှင်လန်းဆန်းစေပါတယ်။၂၀၂၀ နှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး အလုပ်တွေ အဆင်ပြေကြပါစေ၊ ကျန်းကျန်းမာမာနဲ့ တစ်နှစ်ပတ်လုံးပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးသန်းကျော် (လုံခြုံရေးဝန်ထမ်း)**

ဒီရက်ပိုင်းမှာ ပုံမှန်ထက် ဒီယာဉ်ရပ်နားစခန်းမှာ ကားဝင်ရောက်မှု သုံးဆလောက် ပိုရှိပါတယ်။ အိမ်စီးကား၊ ဘုရားဖူးကားတွေ များပါတယ်။ မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ ကိုယ်ပိုင်အထက်တန်းကျောင်းက ကျောင်းသားတွေ အစုအဖွဲ့လိုက် ဘုရားဖူးခရီးထွက်လာကြတာတွေ တွေ့ရတယ်။ ကျွန်တော်တို့က ကားအဝင်/ အထွက်ကို တစ်စီးနဲ့တစ်စီး မထိခိုက်အောင်၊ ခရီးသွားတွေရဲ့ပစ္စည်းတွေ မပျောက်အောင် ၂၄ နာရီ တာဝန်ယူစောင့်ရှောက်ပေးပါတယ်။

**ဦးလှိုင်ဝင်းထွဋ်(ဒေးဒရဲမြို့)**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ကပါ။ သူငယ်ချင်း ကိုးယောက်စုပြီး ခရီးသွားကြမှာပါ။ နှစ်သစ်ကိုတော့ ကျွန်တော်တို့မြို့မှာပဲ ဖြတ်သန်းခဲ့ပါတယ်။ အခုခရီးစဉ်က နှစ်သစ်မှာ စိတ်ပျော်ရွှင်စေဖို့ ခရီးထွက်တာဖြစ်ပါတယ်။ ဒီည မန္တလေးမှာအိပ်ပြီး မြစ်ကြီးနားကို သွားမယ်။ ဇလုံတောင်တို့၊ အင်းတော်ကြီးတို့ သွားမယ်။ ပြီးရင် မိုးကုတ်ဝင်မယ်။ မိုးကုတ်ကနေ မန္တလေးကို ပြန်မယ်။ ခရီးစဉ်က တစ်ပတ်လောက်ကြာပါမယ်။ နှစ်သစ်မှာ ပထမဆုံးခရီးထွက်ရတာ ပျော်ဖို့ကောင်းပါတယ်။

# ကင်ဆာဆေးကုသမှုခံယူထားသည့် အမျိုးသမီးများ နှစ်သစ်ပျော်ပွဲရွှင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ကင်ဆာရောဂါဆေးကုသမှုအောင်မြင်ထားသည့် အမျိုးသမီးလူနာများ နှစ်သစ်တွင် တန်းတူတွေ့ဆုံသည့် ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ပင်လုံဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပင်လုံဆေးရုံမှ သားဖွားမီးယပ်နှင့် ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာစီလေးခိုင်က ကင်ဆာဝေဒနာဖြင့် ရှင်သန်နေသူများအတွက် ပျော်ပွဲရွှင်ပွဲ တွေ့ဆုံပွဲပြုလုပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိတ်တစ်ခုဖြင့် ရှင်သန်ရန် ခေတ်မီကုထုံးဖြင့် ကုသရန်ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် အမျိုးသမီးကင်ဆာဝေဒနာရှင်များက မိမိတို့၏ပျော်ရွှင်မှု၊ မျှော်လင့်မှုတို့ကို ပြောသည်။ ပင်လုံဆေးရုံ၏ အမှုဆောင်အရာရှိချုပ် ဦးကောင်းမြတ်က အမေရိကန်နိုင်ငံတွင် နှစ်စဉ်ဇွန်လပထမပတ် တနင်္ဂနွေနေ့တွင် ကင်ဆာရောဂါကုသထားသည့် အောင်မြင်သောလူနာများ တွေ့ဆုံပွဲကို ကျင်းပပြီး မိမိတို့ဆေးရုံတွင်လည်း ထိုနေ့တွင် ကျင်းပကြောင်း၊ ကင်ဆာရောဂါဆေးကုသမှုအောင်မြင်ထားသော်လည်း ပြန်လည်ဖြစ်ပွားခြင်း ရှိ၊ မရှိကို ငါးနှစ်ခန့်ထိကြည့်ရှုစစ်ဆေးလေ့ရှိကြောင်း၊ မိမိတို့ဆေးရုံတွင် ၂၀၁၄ ခုနှစ်မှ စတင်၍ ကင်ဆာရောဂါအထူးကုသခြင်းကို စတင်ခဲ့ကြောင်း၊ လူနာများကို အားပေးသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့တွင် ပျော်ပွဲရွှင်ပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပျော်ပွဲရွှင်ပွဲတွင် တေးသီချင်းများဖြင့် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ နှစ်သစ်ကိတ်မုန့်ခွဲခြင်း၊ ဗလာမပါကံစမ်းမဲလက်ဆောင်များ ပေးအပ်ခြင်းနှင့် စားသောက်ဖွယ်ရာများကို ပျော်ရွှင်စွာစားသုံးကြသည်။ ပျော်ပွဲရွှင်ပွဲသို့ ကင်ဆာရောဂါဆေးကုသမှုခံယူထားသည့် အမျိုးသမီး ၂၅ ဦး တက်ရောက်ကြသည်။


**အောင်သူရ**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို အလေးအမြတ်ထား ဂုဏ်ပြုမည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "လွတ်လပ်ရေး၏ အဓိပ္ပာယ်" မျက်နှာဖုံးကာတွန်း၊ နံစော်ဖျံ၏ မိမိကိုယ်မိမိအန္တရာယ်မှ ခုခံကာကွယ်နိုင်ပုံအကြောင်းကို ရေးသားတင်ဆက်ထားသည့် "နံစော်ဖျံ၏ လက်နက်" သုတဆောင်းပါး၊ ခန္ဓာကိုယ်ကျန်းမာရေးကောင်းမွန်ရန်အတွက် သန့်ရှင်းသောအစာကို သန့်ရှင်းသောလက်တို့ဖြင့် စားသုံးသင့်ကြောင်းရေးဖွဲ့ထားသည့် နှစ်မျက်နှာကာတွန်းနှင့် ယုန်လေး၏အကြံပိုင်နိုင်မှုကြောင့် မြင်းငယ်လေးသည် အသက်ဘေးမှ လွတ်မြောက်သွားပုံအကြောင်း ရေးဖွဲ့ထားသည့် ကလေးပုံပြင်အပါအဝင် ရွှေသွေး အင်္ဂလိပ်သဒ္ဒါ၊ ပဟေဠိကဏ္ဍ၊ ကဗျာ စသည့်ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရှိရသည်။



# ဘရက်ဆစ်အလွန်ကာလတွင် ဗြိတိန်အား သာယာဝပြောရေး ဆောင်ရွက်သွားမည်ဟု ဂျွန်ဆင်ကတိပြု

**လန်ဒန် ဇန်နဝါရီ ၁**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ၎င်းပထမဆုံး ဆောင်ရွက်မည့်အရာမှာ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ဗြိတိန်နိုင်ငံအား ဥရောပသမဂ္ဂမှ ဇန်နဝါရီလအကုန်တွင် နုတ်ထွက်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လန်ဒန်နာရီစင်ကြီးမှ နှစ်သစ်ကူးညသန်းခေါင်ယံ အချိန်တွင် တီးခတ်လိုက်သော ခေါင်းလောင်းသံသည် ပျော်ရွှင်ဖွယ်ကောင်းသော နှစ်သစ်တွင်ပြုထားခဲ့သည့် ကတိကဝတ်များအပေါ် သတိပေးနှိုးဆော်လိုက်ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အား ငြိမ်းချမ်းပြီး စည်ပင်ဝပြောသောဆယ်စုနှစ်ဖြစ်လာစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် ဗြိတိန်ပြည်သူများအား အချက်ပေးခြင်းဖြစ်သည်။ ဘရက်ဆစ်အရေးနှင့်ပတ်သက်ပြီး ပြောကြားရာတွင် ဘရက်ဆစ်အရေးမှာ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ သို့သော် ပါလီမန်က အထက်ပါအရေးအားဟန့်တားရန် လှည့်ဖြားမှုပြုလုပ်နေကြောင်း ဂျွန်ဆင်က ပြောကြားသည်။ မိမိတို့အနေဖြင့် နိုင်ငံ၏သမိုင်းသစ်ကို ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်မှာ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမှာ လိုအပ်သည့် ထောက်ပံ့ငွေကို ဖြည့်တင်းပေးခြင်း၊ စာသင်ကျောင်းများအား ပြန်လည်ပြင်ဆင်ခြင်း၊ သိပ္ပံပညာရှင်များအား ထောက်ပံ့ခြင်း၊ အခြေခံအဆောက်အဦအသစ်များ တည်ဆောက်ခြင်း၊ လူဝင်မှုကြီးကြပ်ရေးကဏ္ဍကို ထိန်းချုပ်ခြင်း၊ လမ်းများအား ယာဉ်မတော်တဆမှု ကင်းရှင်းရေးအတွက် ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဗြိတိန်နိုင်ငံ ရှင်သန်ခိုင်မာရေးတို့ကို ဆောင်ရွက်ရမည်ဟု ဂျွန်ဆင်က ပြောကြားသည်။ ဗြိတိန်နှင့်ကမ္ဘာ့နိုင်ငံများ၏ ဆက်ဆံရေးမြှင့်တင်ရန်၊ ဗြိတိန်သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများအနေဖြင့် ပြည်သူများ၏ လူနေမှုမြှင့်တင်ရေးအတွက် ဆောင်ရွက်ရန်နှင့် ပို့ဆောင်ရေးကဏ္ဍကိုသန့်ရှင်း၊ စိမ်းလန်း၊ ဆူညံမှုကင်းစေရေး ဆောင်ရွက်ရန် ဂျွန်ဆင်က ဆက်လက်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊**
**ဘာသာပြန် - စိုးသူရ**



# ထိုင်းနိုင်ငံနှစ်သစ်ကူးအခါသမယအတွင်း ယာဉ်မတော်တဆမှုများမှ ၂၀၈ ဦး သေဆုံး

**ဘန်ကောက် ဇန်နဝါရီ ၁**

ထိုင်းနိုင်ငံနှစ်သစ်ကူးအခါသမယအတွင်း ယာဉ်မတော်တဆဖြစ်မှု ၁၉၈၈ ခုရှိခဲ့ပြီး သေဆုံးသူ ၂၀၈ ဦးနှင့် ဒဏ်ရာရရှိသူ ၂၀၃၁ ဦး ရှိကြောင်း သိရသည်။

အာဏာပိုင်များက မော်တော်ယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်များလုပ်ဆောင်သည့်တိုင် ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်းများ မြင့်မားခဲ့သည်ဟု တာဝန်ရှိသူများက ဆိုသည်။


ယာဉ်မတော်တဆမှု ကင်းရှင်းရေးဆောင်ရွက်ချက်များ လုပ်ဆောင်သည့် နှစ်သစ်ကူးအခါသမယ ခုနစ်ရက်၏ ပထမလေးရက်တာတွင် ဘန်ကောက်မြို့၌ သေဆုံးသူ ၁၁ ဦးထိ မြင့်တက်ခဲ့သည်။ ဘန်ကောက်မြို့အနောက်ဘက် နာခွန်းပါသွမ်စီရင်စုတွင် ၆၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ကမ္ဘာလှည့်ခရီးသွား အများဆုံးလာရောက်သည့်မြို့ဖြစ်သော ချင်းမိုင်တွင် ယာဉ်မတော်တဆမှု ၆၁ ခုခန့် ဖြစ်ပွားခဲ့သည်။ နိုင်ငံအတွင်းရှိ စီရင်စု ၇၇ ခုအနက် ၁၆ ခုသာလျှင် ယာဉ်မတော်တဆဖြစ်ပွားမှုမှ လူသေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက်တစ်နေ့တည်းတွင် ယာဉ်မတော်တဆမှု ၄၈၅ ခုဖြစ်ပွားခဲ့ပြီး ၄၈ ဦးသေဆုံးကာ ၄၈၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ယာဉ်မတော်တဆမှုများအနက် အရက်သောက်သုံးပြီး မောင်းနှင်ခြင်းကြောင့် ၃၃ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပွားခဲ့ပြီး အရှိန်ပြင်းမောင်းနှင်ခြင်းကြောင့် ၂၈ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပွားခဲ့သည့်အပြင် မော်တော်ဆိုင်ကယ်နှင့် တိုက်မိကာ မတော်တဆမှုဖြစ်ပွားခြင်းသည် ၈၁ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့သည်။

ဒီဇင်ဘာ၂၇ ရက်မှ ၃၁ ရက်အထိ အရက်သောက်သုံးပြီးမောင်းနှင်သောယာဉ်မောင်း ၄၈၅၆ ဦးအား ယာဉ်စည်းကမ်းဖောက်ဖျက်မှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊**
**ဘာသာပြန် - အောင်ကျော်ကျော်**

## 2020 New Year holidays road toll



**Road accidents during New Year holidays**
**(Dec 27, 2019 - Jan 2, 2020)**

| | Accidents | | | Deaths | | | Injuries | | |
|---|---|---|---|---|---|---|---|---|---|
| | 2019 | 2020 | Change* | 2019 | 2020 | Change* | 2019 | 2020 | Change* |
| Dec 27 | 419 | 464 | 10.7% | 45 | 45 | 0.0% | 428 | 464 | 8.4% |
| Dec 28 | 569 | 509 | -10.5% | 68 | 67 | -1.5% | 579 | 525 | -9.3% |
| Dec 29 | 643 | 530 | -17.6% | 84 | 48 | -42.9% | 663 | 558 | -15.8% |
| Dec 30 | 559 | 485 | -13.2% | 55 | 48 | -12.7% | 572 | 484 | -15.4% |
| Total | 2,190 | 1,988 | -9.2% | 252 | 208 | -17.5% | 2,242 | 2,031 | -9.4% |

# ၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် စိတ်ဝင်စားဖွယ် နိုင်ငံတကာသတင်းဆန်းများ

ကုန်လွန်ခဲ့ပြီဖြစ်သည့် ၂၀၁၉ ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်းတွင် စိတ်ဝင်စားဖွယ်သတင်းအများအပြား ပေါ်ထွက်ခဲ့ပြီး ယင်းတို့အနက်မှ စိတ်ဝင်စားဖွယ်နိုင်ငံတကာသတင်းတချို့ကို ဖော်ပြလိုက်ပါသည်။

## ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်က ယာယီသမ္မတအဖြစ် ကြေညာ

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါအီဒိုသည် ဇန်နဝါရီလအတွင်းက နိုင်ငံ၏ယာယီသမ္မတအဖြစ် ၎င်းကိုယ်ကိုယ် ကြေညာခဲ့ပြီး အမေရိကန်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့် နိုင်ငံအတွင်း တင်းမာမှုများလည်း မြင့်တက်ခဲ့သည်။

## ပီရူးသမ္မတက လွှတ်တော်အရေးကိစ္စကို ရုပ်သိမ်း

စက်တင်ဘာလတွင် ပီရူးနိုင်ငံသမ္မတဗစ်ကာရာက ဥပဒေပြုလွှတ်တော်နှင့် အစိုးရကြား ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်တွေ့မှုကြောင့်ဖြစ်ပေါ်လာသည့် လွှတ်တော်အရေးကိစ္စကို ရုပ်သိမ်းပေးနိုင်ခဲ့သည်။

## အေပက်ထိပ်သီးအစည်းအဝေး အိမ်ရှင်အဖြစ်မှ ချီလီနုတ်ထွက်

အောက်တိုဘာလတွင် အီကွေဒေါနှင့် ချီလီနိုင်ငံများတွင် အကြမ်းဖက်မှုများပေါ်ပေါက်ခဲ့ပြီး အီကွေဒေါနိုင်ငံသမ္မတလီနင်မိုရီနိုက ၎င်း၏အစိုးရရုံးစိုက်ရာနေရာကို မြို့တော်ကွီတိုမှ အရှေ့တောင်ဘက်ရှိဂွါယာကွီမြို့သို့ ရွှေ့ပြောင်းခဲ့သည်။ ထို့ပြင် ချီလီနိုင်ငံကလည်း အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်)ထိပ်သီးအစည်းအဝေး အိမ်ရှင်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

## ပင်လယ်ကွေ့တွင် ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရ

အမေရိကန်နိုင်ငံမှ ဖိအားများမြင့်တက်လာမှုအောက်တွင် အီရန်နိုင်ငံသည် မေလကစ၍ ပူးတွဲဘက်စုံလှုပ်ရှားမှုအစီအစဉ်ဟု လူသိများသော၂၀၁၅ နျူကလီးယားသဘောတူညီချက် ကတိကဝတ် အကောင်အထည်ဖော်မှုအပိုင်းများကို တဖြည်းဖြည်းချင်းရပ်နားခဲ့သည်။ တစ်ချိန်တည်းမှာပင် ပင်လယ်ကွေ့၌ ရေနံတင်သင်္ဘောများကို တိုက်ခိုက်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းနှင့် အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းကို ပစ်ချခြင်းများ လုပ်ဆောင်ခဲ့သည်။ အမေရိကန်နိုင်ငံဘက်ကလည်း အီရန်ကိုဆန့်ကျင်ရေးအင်အားသုံးပြီး တစ်ကြိမ်ခြိမ်းခြောက်မှုလုပ်ခဲ့ကြောင်း သိရသည်။

## စစ်ဆင်ရေးဆိုင်ရာ ငြိမ်းချမ်းရေးနွေဦး စတင်

အောက်တိုဘာ ၇ ရက်တွင်မူ ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းခဲ့သည်။ အောက်တိုဘာ ၉ ရက်တွင်မူ ဆီးရီးယားကဒ့်ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းအား ဆန့်ကျင်ရေးစစ်ဆင်ရေးဆိုင်ရာ ငြိမ်းချမ်းရေးနွေဦးကို စတင်လုပ်ဆောင်ခဲ့သည်။

## ကမ္ဘာ့စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို သုံးရာခိုင်နှုန်းသို့ လျှော့ချ

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ၂၀၁၉ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို သုံးရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီး ယင်းခန့်မှန်းချက်မှာ၂၀၀၈ ခုနှစ် နိုင်ငံတကာငွေကြေးအကျပ်အတည်းကာလမှစ၍ အနိမ့်ဆုံးအဖြစ်ရောက်ရှိမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ မန်နေဂျင်းဒါရိုက်တာ ခရစ္စတယ်လီနာဂျော်ဂျီဗာက တရုတ်နိုင်ငံ၏ တိုးတက်မှုနှုန်းမှာ ရည်မှန်းထားသည့်နှုန်းအတွင်း ဆက်လက်ရှိနေမည်ဟု ပြောကြားခဲ့သည်။

## ဗြိတိန်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီအမတ်နေရာ အများစုရရှိ

အောက်တိုဘာ၂၈ ရက်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ခြင်း(ဘရက်ဆစ်)နေ့ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်အထိရွှေ့ဆိုင်းရန် ဗြိတိန်၏တောင်းဆိုမှုကို ဥရောပသမဂ္ဂက လက်ခံခဲ့သည်။ ယင်းသို့ရွှေ့ဆိုင်းမှုသည် တတိယအကြိမ်မြောက်ဖြစ်ပြီး ဗြိတိန်ပါလီမန်တွင် ဘရက်ဆစ်သဘောတူညီချက် အကြိမ်ကြိမ်ပယ်ချခံရပြီးနောက် ထရီစာမေလည်း ဗြိတိန်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ထို့နောက် ထရီစာမေ၏နေရာတွင် ဘောရစ်ဂျွန်ဆင်ဝန်ကြီးချုပ်အဖြစ် ဆက်ခံလာကာ မဆုတ်သာမတိုးသာ အခြေအနေဖြစ်နေသော ဘရက်ဆစ်ကို ချိုးဖျက်ရေးအတွက် ဒီဇင်ဘာ ၁၂ ရက်တွင် အစောပိုင်းရွေးကောက်ပွဲပြုလုပ်ရန် တွန်းအားပေးခဲ့သည်။ အဆိုပါ ဗြိတိန်ရွေးကောက်ပွဲတွင် ဘောရစ်ဂျွန်ဆင်ဦးဆောင်သည့် ကွန်ဆာဗေးတစ်ပါတီက အောက်လွှတ်တော်၌ အမတ်နေရာအများစုရရှိခဲ့သည်။

## အရှေ့အာရှကုန်သွယ်မှုဇရိယာ၏ ကြီးမားသောခြေလှမ်း

နိုဝင်ဘာ ၄ ရက်တွင် ဒေသတွင်းစီးပွားရေး မိတ်ဖက်အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံက ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပသည့် တတိယအကြိမ်မြောက် ဒေသတွင်းစီးပွားရေးမိတ်ဖက်ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် စာသားအားဖြင့် ဆွေးနွေးညှိနှိုင်းမှုများနှင့် မရှိမဖြစ်ဈေးကွက်အားလုံး ဝင်ရောက်မှုများကို အဆုံးသတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းမှာ လူဦးရေအများဆုံး၊ ကွဲပြားမှုအများဆုံး အဖွဲ့ဝင်ဖြစ်မှုပုံစံများနှင့် ကမ္ဘာကြီးတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာအများဆုံးဖြစ်သော အရှေ့အာရှကုန်သွယ်မှုဇရိယာတစ်ခုတည်ဆောက်ရာတွင် ကြီးမားသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ ဒေသတွင်းစီးပွားရေးမိတ်ဖက်ကို အရှေ့တောင်အာရှနိုင်ငံများ အသင်းဝင် ၁၀ နိုင်ငံက အဆိုပြုခဲ့ပြီး တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အိန္ဒိယစသည့်နိုင်ငံများကို ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။

## တရုတ် - အမေရိကန် စီးပွားရေးနှင့်ကုန်သွယ်ရေး သဘောတူညီချက်

ဒီဇင်ဘာ ၁၃ ရက်တွင် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် တန်းတူညီမျှပြီး အပြန်အလှန်လေးစားမှုရှိသည့် စည်းမျဉ်းတစ်ခုကို အခြေခံသောစီးပွားရေးနှင့် ကုန်သွယ်ရေးသဘောတူညီချက် ပထမအဆင့်ပြဋ္ဌာန်းချက်ကို သဘောတူခဲ့ကြောင်း တရုတ်နိုင်ငံဘက်က ကြေညာခဲ့သည်။

လွန်ခဲ့သည့်နှစ်အတွင်း တရုတ် - အမေရိကန် စီးပွားရေးနှင့်ကုန်သွယ်ရေး ဆွေးနွေးညှိနှိုင်းမှုများသည် အလှည့်အပြောင်းများ ရှိခဲ့သည်။ ဇွန်လတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ တွေ့ဆုံခဲ့ပြီး တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုကို အခြေခံသည့် စီးပွားရေးနှင့် ကုန်သွယ်ရေး ဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်စတင်ရန် သဘောတူခဲ့ကြသည်။ နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုအဖွဲ့များမှ နှစ်နိုင်ငံခေါင်းဆောင်များရရှိခဲ့သည့် သဘောတူညီမှုများကို အကောင်အထည်ဖော်ခဲ့သည်။

## သမ္မတထရမ့် အမေရိကန်သမိုင်းတစ်လျှောက် စွပ်စွဲပြစ်တင်ခံရသည့် တတိယမြောက်သမ္မတဖြစ်လာ

ဒီဇင်ဘာ ၁၈ ရက်တွင် ဒီမိုကရက်ဦးဆောင်သည့် အမေရိကန်အောက်လွှတ်တော်က သမ္မတဒေါ်နယ်ထရမ့်ကို ဆန့်ကျင်သော စွပ်စွဲချက်နှစ်ချက်ကို ခွင့်ပြုခဲ့သည်။ ထရမ့်အား အာဏာအလွဲသုံးစားလုပ်မှုနှင့် လွှတ်တော်ကို ဖျက်လိုဖျက်ဆီးလုပ်မှုများဖြင့် စွပ်စွဲထားခြင်းဖြစ်သည်။ ထရမ့်သည် အမေရိကန်သမိုင်းတစ်လျှောက် စွပ်စွဲပြစ်တင်ခံရသည့် တတိယမြောက်သမ္မတဖြစ်လာခဲ့ပြီး ဒီမိုကရက်များက ၎င်းအား အာဏာအလွဲသုံးစားလုပ်သည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

ထရမ့်က ယူကရိန်းသမ္မတထံ ဖုန်းခေါ်ဆိုမှုကြောင့်ဖြစ်ပေါ်လာသည့် စွပ်စွဲပြစ်တင်မှုသည် ဒီမိုကရက်တစ်ပါတီနှင့် ရီပတ်ဘလစ်ကန်ပါတီအကြား ပါတီဝင်များအားပြိုင်ရာ နေရာတစ်ခုဖြစ်လာပြီး နိုင်ငံရေးပါတီဝင်များ ပဋိပက္ခနှင့် နိုင်ငံရေးအငြင်းပွားမှုအဆင့်သစ်သို့ ဝင်ရောက်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။ ထရမ့်၏ စွပ်စွဲပြစ်တင်ခံရမှုသည် ၂၀၂၀ ပြည့်နှစ် အမေရိကန်ရွေးကောက်ပွဲအပေါ် သိသာသော လွှမ်းမိုးမှုရှိလာမည်ဟု မျှော်မှန်းထားကြသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အမေရိကန်-တရုတ် အဆင့်တစ် ကုန်သွယ်ရေးသဘောတူညီချက်ကို ဇန်နဝါရီ ၁၅ ရက်တွင် လက်မှတ်ထိုးမည်ဟု သမ္မတ ဒေါ်နယ်ထရမ့် ပြော



**ဝါရှင်တန် ဇန်နဝါရီ ၁**

အမေရိကန်-တရုတ် ကုန်သွယ်ရေးသဘောတူညီချက်တစ်စိတ်တစ်ပိုင်းကို ယခုလအလယ်တွင် လက်မှတ်ရေးထိုးမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီး ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် တရုတ်နိုင်ငံသို့ သွားရောက်မည်ဟု ယမန်နေ့က ကြေညာလိုက်သည်။

သမ္မတ ဒေါ်နယ်ထရမ့်က စည်းကြပ်ခွန်အချို့ကို လျှော့ချ သို့မဟုတ် ဖျက်သိမ်းကာ တရုတ်နိုင်ငံက ကုန်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်နှင့် အမေရိကန်လယ်ယာပို့ကုန်များ ပိုမိုဝယ်ယူရန် ကတိပြုခဲ့သောကြောင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့က ပြီးခဲ့သည့် ဒီဇင်ဘာလအစောပိုင်းတွင် "အဆင့်တစ်" ကုန်သွယ်ရေးသဘောတူညီချက်ကို ကြေညာခဲ့ပြီး နှစ်နှစ်နီးပါးကြာ ကုန်သွယ်ရေးစစ်ပွဲကို အရှိန်လျှော့ချခဲ့သည်။ သဘောတူညီချက်ကို တရားဝင် မကြေညာရသေးသော်လည်း အမေရိကန် တာဝန်ရှိသူများ၏ ပြောကြားချက်မှာ နည်းပညာဆိုင်ရာ အမြင်တစ်ရပ်သာဖြစ်သည်။ "ဘက်စုံပါဝင်တဲ့ အဆင့်တစ် ကုန်သွယ်ရေးသဘောတူညီချက်ကို ဇန်နဝါရီ ၁၅ ရက်မှာ တရုတ်နိုင်ငံနဲ့ ကျွန်တော် လက်မှတ်ရေးထိုးမှာဖြစ်ပါတယ်။ အခမ်းအနားကို အိမ်ဖြူတော်မှာ ကျင်းပမှာဖြစ်ပြီး တရုတ်နိုင်ငံက အဆင့်မြင့်ကိုယ်စားလှယ်တွေ တက်ရောက်ပါမယ်" ဟု ဒေါ်နယ်ထရမ့်က တွစ်တာ၌ ရေးသားခဲ့သည်။

သဘောတူညီချက်တွင် အသိဉာဏ်မူပိုင်ခွင့်၊ စားသောက်ကုန်၊ လယ်ယာထွက်ကုန်၊ ဘဏ္ဍာရေးလုပ်ငန်းနှင့် ပြည်ပငွေကြေးလဲလှယ်မှုတို့အတွက် အကာအကွယ်ပေးမှုများနှင့် အငြင်းပွားမှုဖြေရှင်းသည့် စည်းကမ်းချက်တစ်ခုတို့ ပါဝင်ကြောင်း အမေရိကန်နှင့်တရုတ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။ သဘောတူညီချက်သစ်အရ တရုတ်နိုင်ငံက အမေရိကန်ထုတ်လုပ်သူများ၊ လယ်သမားများ၊ စွမ်းအင်ထုတ်လုပ်သူများနှင့် ဝန်ဆောင်မှုလုပ်ငန်းများထံမှ လာမည့် နှစ်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံ တန်ကြေးရှိ ကုန်ပစ္စည်းများ ဝယ်ယူမည်ဟု ကတိပြုခဲ့ကြောင်း အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုင်သီဇာက ပြောသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန် – ကျော်ထိုက်စိုး**




# ရေကြီးရေလျှံမှုကြောင့် အင်ဒိုနီးရှား၌ ကိုးဦး သေဆုံး

**ဂျကာတာ ဇန်နဝါရီ ၁**

နှစ်သစ်ကူးအကြိုနေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူ ကိုးဦးသေဆုံးပြီး ပြည်သူ ၁၃၀၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း အင်ဒိုနီးရှား သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။ ထို့အပြင် အဆိုပါမိုးကြောင့် နေရာတချို့တွင် မြေပြိုမှုများဖြစ်ပွားပြီး ဒေသခံပြည်သူအများအပြား သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် လူဦးရေ သန်း ၃၀ ခန့် နေထိုင်ရာ ဂျကာတာမြို့ရှိ ရာနှင့်ချီသော ရပ်ကွက်များတွင် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး တချို့သော ရထားလိုင်းများ ရပ်ဆိုင်းကာ မြို့တော်ရှိ လေဆိပ်တစ်ခုကိုလည်း ပိတ်ပင်ခဲ့ရကြောင်း သိရသည်။

အသက် ၁၆ နှစ်အရွယ် ယောက်ျားလေးတစ်ဦး ဓာတ်လိုက်ပြီး သေဆုံးကာ ကျန်သုံးဦးသည် ခန္ဓာကိုယ်အပူရှိန် အလွန်ကျဆင်းမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဂျကာတာ သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးအေဂျင်စီ အကြီးအကဲ ဆူဘီဂျိုက ပြောကြားသည်။

"ရေကြီးရေလျှံမှုဟာ တဖြည်းဖြည်းချင်း လျော့ကျလာလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်၊ ဒါပေမယ့် မိုးက ဆက်လက်ရွာနေမယ်ဆိုရင် ရေကြီးရေလျှံမှုဟာ ဆက်လက်ဖြစ်နေမှာပါ" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် မြစ်ကမ်းပါး ကျိုးပေါက်ခဲ့ပြီးနောက် ရေ ၄ မီတာအထိ မြင့်တက်လာပြီး ရပ်ကွက်အတွင်းရှိ သက်ကြီးပိုင်းစုံတွဲနှစ်ဦး ၎င်းတို့၏နေအိမ်တွင် ပိတ်မိခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂျကာတာမြို့ ဆင်ခြေဖုံးရပ်ကွက်တွင် ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းက မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးပြီး တစ်ဦးသည် ရေနစ်သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ဖော်ပြထားသည်။

သို့သော် ရဲတပ်ဖွဲ့ကမူ ရေကြီးရေလျှံမှုကြောင့် သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာ သေဆုံးသူဦးရေကို အတိအကျအတည်မပြုနိုင်သေးကြောင်း ပြောကြားသည်။

မြို့ပေါ်ရှိ ရပ်ကွက်အတော်များများသို့ ရေဝင်ရောက်ခဲ့သောကြောင့် ဓာတ်လိုက်မည်ကိုစိုးရိမ်သဖြင့် တာဝန်ရှိသူများက ရပ်ကွက်အများအပြားတွင် လျှပ်စစ်မီးဖြတ်တောက်ခဲ့သည်။

ဂျကာတာမြို့သည် နိုဝင်ဘာလ နှောင်းပိုင်းမှစတင်သည့် အင်ဒိုနီးရှားနိုင်ငံ၏ မိုးရာသီအတောအတွင်း ရေကြီးရေလျှံမှုဒဏ်ကို ပုံမှန်ခံစားလျက်ရှိသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျေတီ**

# ကမ္ဘာကြီးအနေဖြင့် မဟာဗျူဟာမြောက် လက်နက်သစ်ကို တွေ့ကြုံရမည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကြုံးဝါး

**ပြုံယမ်း ဇန်နဝါရီ ၁**

ကမ္ဘာကြီးအနေဖြင့် မကြာမီကာလတွင် မြောက်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာမြောက် လက်နက်သစ်ကို တွေ့ကြုံရမည်ဟု ခေါင်းဆောင် ကင်ဂျုံအန်က အာဏာရအလုပ်သမားပါတီ၏ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးကို ကိုရီးယားဗဟိုရုပ်သံဌာနက ဖော်ပြခဲ့ပြီး ကင်ဂျုံအန်၏ မိနစ် ၄၀ ကြာ မိန့်ခွန်းပြောကြားမှုကို ထုတ်လွှင့်ပြသခဲ့သည်။ မိန့်ခွန်းအတွင်း အမေရိကန်နိုင်ငံက ဆွေးနွေးမှုများကို အချိန်ဆွဲခဲ့ကြောင်း ကင်ဂျုံအန်က ပြောကြားသည်။ ကုန်လွန်ခဲ့သည့် နှစ်ကုန်ဆွေးနွေးမှုပြန်လည်စတင်ရေးနှင့်ပတ်သက်၍လည်း ၎င်းက ပြောကြားခဲ့သည်။ နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးမှုများတွင် အခက်အခဲကျော်လွှားရန် မြောက်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံအတွက် တစ်ဖက်သတ် တစ်နှစ်အချိန် သတ်မှတ်ပေးခဲ့သည်။

နျူကလီးယားလက်နက်များ စမ်းသပ်မှုနှင့် တိုက်ချင်းပစ်ဒုံးကျည် (ICBM) များ ပစ်လွှတ်မှုရပ်တန့်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ကတိပြုခဲ့သော်လည်း အမေရိကန်နိုင်ငံက အရေးယူမှုများ ရုပ်သိမ်းပေးခြင်းကို မတုံ့ပြန်ခဲ့ကြောင်း ကင်ဂျုံအန်က ပြောကြားသည်။ အမေရိကန်နိုင်ငံက ရန်လိုမှုများ ဆက်လက်ရှိနေပြီး တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ထောက်ပြခဲ့သည်။ ကင်ဂျုံအန်က အမေရိကန်နိုင်ငံနှင့် ကာလရှည်ထိပ်တိုက်တွေ့ဆုံနိုင်သည့် ဖြစ်နိုင်ခြေကို ရိုးတိုးရိပ်တိပ်ပြောခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဟန့်တားမှုအတိုင်းအတာနှင့် အင်အားမှာ အမေရိကန်နိုင်ငံ၏ အနာဂတ်သဘောထားအပေါ် မူတည်မည်ဟု ၎င်းက ဆိုသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံး တိုက်ခိုက်ခံခဲ့ရပြီးနောက် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင် ၇၅၀ ခန့် ဖြန့်ကြက်မည်

**ဝါရှင်တန် ဇန်နဝါရီ ၁**

အမေရိကန်ပြည်ထောင်စုသည် အရှေ့အလယ်ပိုင်းဒေသတွင် တပ်ဖွဲ့ဝင် ၇၅၀ ခန့် ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားသည်။

အီရတ်ဆန္ဒပြသူများက အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးကို စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် ကာကွယ်ရေးဝန်ကြီး အက်စ်ပါအနေဖြင့် တပ်ဖွဲ့ဝင်များကို အရှေ့အလယ်ပိုင်းဒေသတွင် ဖြန့်ကြက်ထားရန် ပြောဆိုခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင် ၇၅၀ ခန့်ကို အရှေ့အလယ်ပိုင်းဒေသတွင် ချက်ချင်းဖြန့်ကြက်ထားမည်ဖြစ်ပြီး အမေရိကန်၏ ချက်ချင်း တုံ့ပြန်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို လာမည့်ရက်များအတွင်း နောက်ထပ်ဖြန့်ကြက်ထားရန် ကြိုတင်ပြင်ဆင်ထားကြောင်း ပင်တဂွန်အကြီးအကဲက ပြောကြားသည်။

"ဒီတပ်ဖွဲ့ဖြန့်ကြက်မှုဟာ ဘဂ္ဂဒက်မြို့မှာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ် အပါအဝင် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့နဲ့ အဆောက်အအုံတွေအပေါ် ပိုမိုများပြားလာတဲ့ ခြိမ်းခြောက်မှုတွေကို လက်တုံ့ပြန်တဲ့အနေနဲ့ သင့်တော်တဲ့ ကြိုတင်ကာကွယ်မှုဖြစ်ပါတယ်" ဟု အက်စ်ပါက ထပ်မံပြောကြားသည်။

ဒီဇင်ဘာ ၂၉ ရက်က အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် ဟာ့ဇ်ဘိုလာဘီတပ်ဖွဲ့ဝင်များအတွက် ဝမ်းနည်းကြေကွဲမှုကို ပြသသည့်အနေဖြင့် ရာနှင့်ချီသော ဆန္ဒပြသူများက ဘဂ္ဂဒက်မြို့ ဂရင်းဇုန်ရှိ အမေရိကန်သံရုံးအား စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် ပင်တဂွန်စစ်ဌာနက တပ်ဖွဲ့ဝင်များကို အရှေ့အလယ်ပိုင်းဒေသတွင် ဖြန့်ကြက်ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရာနှင့်ချီသော ဆန္ဒပြသူများသည် ဟာ့ဇ်ဘိုလာဘီတပ်ဖွဲ့၏ စစ်ဝတ်စုံများကို ဝတ်ဆင်ကြပြီး အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ အပြင်ဘက်တွင် စုရုံးခဲ့ကြကာ ဟာ့ဇ်ဘိုလာဘီစခန်းအပေါ် အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကို ရှုတ်ချသည့် ကြွေးကြော်သံများဖြင့် အော်ဟစ်ပြီး ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ အီရန်နိုင်ငံက ဇာတ်တိုက်ပေးလျက်ရှိသည်ဟုဆိုကာ အီရန်နိုင်ငံကို ပြစ်တင်ဝေဖန်ခဲ့သည်။

ထို့အပြင် ဒေါ်နယ်ထရန့်သည် ဒီဇင်ဘာ ၃၁ ရက်က အီရတ်ဝန်ကြီးချုပ် အာဒယ်လ်အဗ်ဒူလ်မာဒီနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ပြီး အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်၏ အဆောက်အဦများကို အကာအကွယ်ပေးရန် လိုအပ်ကြောင်း အလေးအနက်ပြောကြားခဲ့ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# မက္ကဆီကို ထောင်ဆူပူမှုအတွင်း အကျဉ်းသား ၁၆ ဦး သေဆုံး

**မက္ကဆီကို ဇန်နဝါရီ ၁**

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဇာကာတီကပ်စ်ပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုအတွင်း ယမန်နေ့ မွန်းလွဲပိုင်းက ဆူပူအုံကြွမှုများဖြစ်ပွားခဲ့ရာ အကျဉ်းသား ၁၆ ဦးထက်မနည်း သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြခဲ့ကြသည်။

ဇာကာတီကပ်စ်ပြည်နယ်၏ မြို့တော်မှ ၁၃ ကီလိုမီတာခန့်ကွာဝေးသည့် စီနီဂွီလာစ်မြို့ရှိ အကျဉ်းထောင်တစ်ခုအတွင်း ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အကျဉ်းသားအုပ်စုအသီးသီးကြား ပဋိပက္ခတစ်ခုဖြစ်ပွားခဲ့သည်ဟု သတင်းများက ဆိုသည်။ ဒေသန္တရရဲတပ်ဖွဲ့က ဆူပူအုံကြွမှုများကို ဝင်ရောက်ဖျန်ဖြေကာ အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း ပြည်နယ် ပြည်သူ့လုံခြုံရေးဌာနက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# မန္တလေးမြို့၏ နှစ်သစ်ကူးညတွင် ယာဉ်မတော်တဆမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၉၀ ကျော်ရှိ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမြို့၏ နှစ်သစ်ကူးညတွင် ယာဉ်မတော်တဆမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိသူ ၉၀ ကျော် ရောက်ရှိခဲ့ကြောင်း အဆိုပါ ဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာခင်ကျော်က ပြောသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီမှ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီအထိ ရောက်ရှိလာသည့် အဆိုပါလူနာများအနက် ပြင်ပလူနာအဖြစ် ယာဉ်မတော်တဆမှုကြောင့် ၃၃ ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ၃၀ နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရှိသူခုနစ်ဦး စုစုပေါင်း ထိခိုက်ဒဏ်ရာရရှိသူ ၇၀ လာရောက်ကုသမှုခံယူခဲ့ကြပြီး အတွင်းလူနာအဖြစ် ယာဉ်မတော်တဆမှုကြောင့် ၁၈ ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် လေးဦးနှင့် အခြားအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူ နှစ်ဦး စုစုပေါင်း ၂၄ ဦးတို့ ရောက်ရှိခဲ့ကြောင်း သိရသည်။



"ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူးညမှာ ကျွန်တော်တို့ ဆေးရုံကြီးကို ထိခိုက်ဒဏ်ရာရရှိမှုကြောင့် လူနာ ၉၄ ဦး ရောက်ရှိလာပါတယ်။ နှစ်သစ်ကူးညမှာ ဒီလိုလူနာတွေ ရောက်ရှိလာရင် အရေးပေါ်ကုသပေးနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေအနေနဲ့ ဆရာဝန်နဲ့ သူနာပြုအင်အားက လုံလောက်စွာရှိနေတဲ့အတွက် လုပ်သားအင်အားနဲ့ ဆေးဝါးတွေကိုပဲ ထပ်မံဖြည့်ဆည်းထားပြီး ကုသပေးခဲ့ပါတယ်။ နှစ်သစ်ကူးညမှာ ထိခိုက်ဒဏ်ရာရရှိသူတွေကို ဆေးရုံကြီးက အရေးပေါ်လူနာတင်ယာဉ်သုံးစီး၊ လူမှုကူညီရေးအဖွဲ့တွေက လူနာတင်ယာဉ် ခုနစ်စီးနဲ့အတူ လူအင်အား ၇၀ ကျော်က ပါဝင်ကူညီပြီး ဆေးရုံကြီးကို ပို့ဆောင်ပေးခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင် နှစ်သစ်ကူးကြိုဆိုပွဲများကို နှစ်စဉ် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် ပျော်ရွှင်စွာ ကျင်းပလျက်ရှိသည့်နည်းတူ ယင်းညတွင် ယာဉ်မတော်တဆမှုများနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများလည်းဖြစ်ပေါ်ခဲ့ရာ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၏ မှတ်တမ်းများအရ ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်သစ်ကူးညပိုင်းတွင် ယာဉ်မတော်တဆမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၆၁ ဦးနှင့် ယာဉ်တိုက်မှုကြောင့် သေဆုံးသူ လေးဦးရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ် နှစ်သစ်ကူးညပိုင်းတွင် ယာဉ်မတော်တဆမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပြင်ပလူနာ ၆၀ နှင့် အတွင်းလူနာ ၂၁ ဦးရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-အောင်ဖြိုးကျော်**

# ရေနီမြို့၌ ယာဉ်တိုက်မှုနှစ်ခုဖြစ် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**ရေတာရှည် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့၌ နှစ်သစ်ကူးအကြိုညဖြစ်သည့် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းနှင့် ဇန်နဝါရီ နံနက်ပိုင်းက ယာဉ်တိုက်မှုနှစ်ခုဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က ရေနီ စက္ကူစက်ရုံဝင်းဟောင်းကွန်ကရစ်လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရေနီနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ကျော်ဇေယျာမင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ စက္ကူစက်ရုံဟောင်းရှေ့ရှိ ကွန်ကရစ်လမ်းအတိုင်း မြောက်မှတောင်သို့ ညီမြင်းဦး အမှတ်(၅)ရပ်ကွက် မြို့လှမြို့နေသူမောင်းနှင်လာသော ယာဉ်သည် လမ်းဘေးတွင် ရပ်တန့်ထားသည့် ကွန်တင်နာယာဉ်အား ဝဲဘက်ခြမ်းမှ ကျော်တက်စဉ် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဝဏ္ဏထွန်း သာကေတမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်အားဝင်တိုက်မိခဲ့ရာ ဝဏ္ဏထွန်းမှာ သေဆုံးသွားခဲ့သဖြင့် ညီမြင်းဦးအား ရေနီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ထို့အတူ ဇန်နဝါရီ ၁ ရက် နံနက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ရေနီမြို့တောင်ဘက် တစ်မိုင်ခန့်အကွာ သရက်ကုန်းကျေးရွာအနီး၌ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ မြင့်ကျော် အုတ်ဖိုရွာသစ်နေသူ မောင်းနှင်ပြီး ကောင်းထက်နိုင် ရေနီစက္ကူစက်ရုံဝန်ထမ်းလိုင်းနေသူ လိုက်ပါလာသော ဆိုင်ကယ်သည် မိုင်တိုင် ၂၀၀/၂ နှင့် ၃ ကြားအခင်းဖြစ်နေရာအရောက် ကားလမ်းအနောက်ဘက်ခြမ်းတွင် ရပ်တန့်ထားသည့် ၂၂ ဘီးထွလာယာဉ်အားဝင်တိုက်မိခဲ့သဖြင့် နှစ်ဦးစလုံး(စိုးရိမ်ရ)ဒဏ်ရာများ ရရှိသွားခဲ့၍ ဆိုင်ကယ်မောင်းနှင်သူ မြင့်ကျော်အား ရေနီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# နှစ်သစ်ကူးညတွင် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)က ထိခိုက်ဒဏ်ရာရသူ ၆၀ ကျော်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ရ

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးညတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးမှ ထိခိုက်ဒဏ်ရာရရှိသူ လူနာ ၆၀ ကျော်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)က ကူညီပို့ဆောင်ပေးခဲ့ရပြီး ထောက်ကြံ့မြို့နယ်၌ ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း အဆိုပါ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့အဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှု ယူထားတဲ့နေရာတွေမှာတော့ ကြီးကြီးမားမား ထိခိုက်ဒဏ်ရာရတာတော့ မရှိပါဘူး။ ပျော်ဖြေရေးနေရာတွေကနေ ရန်ကုန်ဆေးရုံကြီးကိုပို့ရတဲ့ လူနာ ၂၀ လောက်ပဲရှိတယ်။ ကျန်တဲ့ ၄၀ ကျော်က လမ်းမှာဖြစ်တာပါ။ လမ်းမှာဖြစ်ပေမယ့်လည်း ကျွန်တော်တို့အဖွဲ့က လမ်းတစ်လျှောက်မှာ လူနာတင်ယာဉ်တွေ အဆင်သင့်လုပ်ထားတဲ့အတွက် အချိန်မီပို့ပေးနိုင်ခဲ့ပါတယ်"ဟု လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)မှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုရဲကြီးက ပြောသည်။

နှစ်သစ်ကူးညတွင် ယာဉ်မတော်တဆမှု ခြောက်ကြိမ်ခန့်ဖြစ်ပွားခဲ့သော်လည်း အမျိုးသမီးတစ်ဦးသေဆုံးပြီး ကျန်ဒဏ်ရာရရှိသူများမှာ မစိုးရိမ်ရအခြေအနေအဖြစ်သာ ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိခဲ့ကြောင်း၊ ထို့ပြင် မော်တော်ဆိုင်ကယ်တိမ်းမှောက်မှု၊ ရိုက်မှုများကြောင့် ဒဏ်ရာရရှိကာ မစိုးရိမ်ရအခြေအနေနှင့် ဒဂုံမြို့သစ်(တောင်းပိုင်း)မြို့နယ်မှ ဓားထိုးခံရမှုကြောင့် အမျိုးသားတစ်ဦး(စိုးရိမ်ရ)သာ ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

"နှစ်သစ်ကူးညဖြစ်တဲ့အတွက် နေရာတိုင်းမှာ လူများပါတယ်။ ဒါကြောင့် ကျန်းမာရေးစောင့်ရှောက်မှုကလည်း အများကြီးလိုအပ်ပါတယ်။ မတော်တဆမှုတစ်ခုဖြစ်တယ်ဆိုရင် မသေသင့်တဲ့သူကို မသေရအောင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုတွေပေးပြီး ဆေးရုံကြီးကို အချိန်မီပို့ဆောင်နိုင်အောင် ကျွန်တော်တို့အဖွဲ့က အဆင်သင့်လုပ်ထားပါတယ်"ဟု လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။

နှစ်သစ်ကူးညတွင် ခိုက်ရန်ဖြစ်ပွားမှုများ ပေါ်ပေါက်လာပါက ကြိုတင်ကာကွယ်တားဆီးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)က ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာန၌ ဆရာဝန်များနှင့်အတူ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့မှ သင်တန်းနည်းပြဆရာ ၃၀ တို့ကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မိတ်ဖက်အသင်းအဖွဲ့ပေါင်း ၈၀ ကျော်က ကားအစီးရေ ၁၄၀ ကျော်နှင့် ရန်ကုန်မြို့ နေရာအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေးမင်းသူ**

# သထုံမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**သထုံ ဇန်နဝါရီ ၁**

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရေတွင်းဖြူ(၂)လမ်း၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီခန့်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များ သထုံမြို့မရဲစခန်းမှ ဒုရဲအုပ်နန်းဆွေနှင့်တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ သထုံမြို့ သိမ်ကုန်းရပ်ကွက် ရေတွင်းဖြူ(၂)လမ်းနေ ပြည့်ဖြိုးအောင်(ခ)ဖိုးပြည့်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ အား တွေ့ရှိခဲ့၍ ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသော ငွေကျပ် ၉၇၀၀၀ အား ထပ်မံတွေ့ရှိခဲ့သောကြောင့် ပြည့်ဖြိုးအောင် (ခ)ဖိုးပြည့်နှင့် မစံပယ်လှိုင်တို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိသူ ပြည့်ဖြိုးအောင်နှင့် စံပယ်လှိုင်တို့အား သထုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# မိုးမိတ်နှင့် နောင်ချိုမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

တပ်မတော်မှ ယမန်နေ့ နံနက် ၅ နာရီက မိုးမိတ်မြို့နယ် စင့်ကင်ကျေးရွာအနီး ပင်ရှားစေး-စင့်ကင်ကျေးရွာသွားလမ်းတွင် ကျော်ဦး မောင်းနှင်ပြီး ရွှေသားလိုက်ပါလာသော ဆိုင်ကယ်နှင့် အောင်ကျော် မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညပိုင်းတွင် တပ်မတော်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် ကျော်ဦး(ခ)အိုက်လန် မောင်းနှင်ပြီး စိုးနောင် လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၇၄ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ကျော်ဦး၊ ရွှေသား၊ အောင်ကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဇီးကွက်
မျက်မှန်နှင့်မျက်စိဆေးခန်း
Happy New Year 2020
ZeeKwek ၏မိတ်ဆွေများအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ။
တာမွေဆိုင်ခွဲဖွင့်ပွဲ အထူးပရိုမိုးရှင်း
ကိုင်းနဲ့မှန်အပြီးအစီး ၃၃၀၀၀ ကျပ်၊ ကြာချိန် မိနစ် (၂၀)
မျက်စိဆရာဝန်နှင့် စမ်းသပ်ခအခမဲ့
ဇန်နဝါရီလ (၁၅) အထိ
အသက် (၄၀) ကျော်ပါက မျက်စိပါဝါစစ်တိုင်း အတွင်းတိမ် ရေတိမ်ရောဂါ ရှိမရှိကို နောက်ဆုံးပေါ်စက်များနှင့် အခမဲ့ စစ်ဆေးပေးသည်။
ဆိုင်ခွဲ-၁ (မြေနီကုန်း)၊ဆိုင်ခွဲ-၂(လှည်းတန်း)၊ ဆိုင်ခွဲ-၃ (သင်္ဃန်းကျွန်း)၊ ဆိုင်ခွဲ-၄ (တာမွေ)- အမှတ်(၃၂၅ -B)၊ ကျိုက္ကဆံလမ်း နှင့် ၁၅၅ လမ်းထောင့်၊ တာမွေဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ PH : 09-686077888

# စီရင်ထုံးများကညွှန်ပြသော အာမခံဆိုင်ရာသဘောတရားများ

ဦးအောင်စိုးဦး

အာမခံ (Bail) ဆိုသည်မှာ ရာဇဝတ်မှုဖြင့်စွပ်စွဲခံရသူ၊ သို့မဟုတ် တရားခံတစ်ဦးဦးအား အချုပ်လွတ် ထုချေခွင့်ဖြစ်ပါသည်။ ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု စွပ်စွဲခံရသောသူများအား ရဲစခန်း၌ချုပ်နှောင်ခြင်း၊ အကျဉ်းထောင်၌ ချုပ်နှောင်ခြင်းစသည့် ဖမ်းဆီးချုပ်နှောင်ပြီးနောက် ရဲစခန်းတွင်သော်လည်းကောင်း၊ တရားရုံးတွင်သော်လည်းကောင်း အမှုကြားနာစစ်ဆေးသည့်အခါ အချုပ်မှကင်းရှင်းစွာ စစ်ဆေးခံနိုင်ခြင်း၊ ခုခံချေပနိုင်ခြင်းအတွက် အာမခံသူလူပုဂ္ဂိုလ်များက စွပ်စွဲခံရသူ တရားခံသည် တရားရုံးသို့အမှုစစ်ဆေးစဉ် မပြီးပြတ်မချင်း မှန်မှန်လာရန်တာဝန်ယူပါသည်။ ထွက်ပြေးတိမ်းရှောင်ခြင်းမရှိရန် တာဝန်ယူပါသည်။ သက်သေများကို မလျော်ဩဇာမသုံးရန် တာဝန်ယူပါသည်ဟု အာမခံသူနှစ်ဦးက အာမခံတန်ဖိုးငွေကြေးဖြင့် လည်းကောင်း၊ ပိုင်ဆိုင်သောပစ္စည်းများဖြင့်လည်းကောင်း ရုံးတော်သို့ အာမခံတင်သွင်း၍ အာမခံခြင်း ဖြစ်သည်။ ရုံးတော်မှ အာမခံပေးသင့်၊ မပေးသင့် စဉ်းစားဆုံးဖြတ်၍ အာမခံပေးသင့်သည်ဟုယူဆလျှင် အာမခံပေးပါသည်။ အာမခံမပေးသင့်ဟု ယူဆပါက ဆက်လက်ချုပ်နှောင်ထားပါမည်။

သို့ကြောင့် စွပ်စွဲခံရသူများ၊ တရားခံများအနေဖြင့် အာမခံရရှိရေးမှာ အထူးအရေးကြီးလှပါသည်။ အာမခံမရ၍ အချုပ်ထဲနေရလျှင် မိသားစုနှင့်ကင်းကွာ၍ အနေဆင်းရဲ၊ အစားဆင်းရဲ၊ မိမိကိုယ်တိုင် ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံကြရသလို မိသားစုအားလုံးမှာလည်း စိတ်ဆင်းရဲကြီးစွာ ဒုက္ခမျိုးစုံနှင့် ကြုံတွေ့ကြရပါသည်။ သို့ပါ၍အာမခံသဘောတရားကို ဥပဒေနှင့် နီးနွယ်သူအားလုံး သဘောပေါက် သိရှိကြစေပြီး စွပ်စွဲခံရသူတရားခံများအားလုံး အာမခံဟူသော အချုပ်လွတ်ထုချေလွှာရစေရန် အာမခံနှင့် ပတ်သက်သည့် စီရင်ထုံးများကညွှန်ပြသော သဘောတရားများကို တက်နိုင်သရွေ့ရှာဖွေ စုဆောင်းရေးသားတင်ပြပါသည်။

**အာမခံဆိုင်ရာစီရင်ထုံးများ**

**အာမခံပေးသင့်သော စီရင်ထုံးများ**

(၁) အောက်ရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရစွဲဆိုမှုတွင် အာမခံပေးထားသည့်အမိန့်ကို ခရိုင်ရာဇဝတ်တရားသူကြီးကပယ်ဖျက်ပြီး ပြန်ဖမ်းခြင်းမှာ ဥပဒေနှင့်မညီ။ ပုဒ်မ ၄၉၇ အရ အာမခံပေးထားသည့်အမိန့်ကို တရားလွှတ်တော်နှင့် စက်ရှင်တရားရုံးတို့ကသာ ပယ်ဖျက်ပြီး တရားခံကို ပြန်လည်ဖမ်းပိုင်ခွင့်ရှိသည်။ (Maung Ba Chit and V. King – Emperor. 1911, Vol. IV, BLT.70)

(၂) ပုဒ်မ ၄၉၆ နှင့် ၄၉၇ တို့မှကောက်ယူနိုင်သောအမှုမှာ အာမခံပေးခြင်းသည် အစဉ်အလာနည်းဥပဒေဖြစ်၍ ငြင်းပယ်ခြင်းမှာ ခြွင်းချက်ဖြစ်သည်။ ဥပဒေအရ တရားခံကို အပြစ်ရှိသည်ဟု သက်သေထင်ရှားမပြနိုင်သေးသမျှ အပြစ်ကင်းသည်ဟု မှတ်ယူသည့်အတိုင်း ၎င်းသည်တရားလိုပြသက်သေများကို ဩဇာလွှမ်းတန်ရာသည်၊ ခြိမ်းခြောက်တန်ရာသည် သို့မဟုတ် အာမခံပေးလိုက်လျှင် ထွက်ပြေးတန်ရာသည်။ မဟုတ်လျှင် အမှုစစ်ဆေးနေစဉ်အတွင်း ၎င်းအားအာမခံဖြင့် လွှတ်ထားသင့်သည်။ (Hussain Bux Khan V. The Union of Myanmar 1960. BLR, HC,192)

(၃) ရာဇသတ်ကြီးပုဒ်မ ၃၃၆ အရ အရေးယူသည့် တရားခံကို အမှုသွားအမှုလာနှင့် ရဲစစ်ချက်နှင့် ရဲအစီရင်ခံစာတို့ကို ကြည့်ရှုပြီး အမှုစစ်ရုံးနှင့် စက်ရှင်တရားရုံးတို့က အာမခံပေးထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် တရားရုံးချုပ်က ဝင်ရောက်စွက်ဖက်ခြင်း မပြုရ။ (မသန်းသန်းမြင့်နှင့် ရှိတ်အာရဖာအလီ။ ၁၉၆၆၊ မတစ၊ ၉၆၀)

(၄) တရားခံအား အာမခံခွင့်ပြုရန် သင့်/မသင့်စဉ်းစားရာတွင် အမှုနှင့်ပတ်သက်၍ မလျော်ဩဇာ သုံးလိမ့်မည် သို့မဟုတ် ထွက်ပြေးတိမ်းရှောင်မည်ဟူသော အချက်များ မပေါ်ပေါက်လျှင် အာမခံပေးနိုင်သည်။ အာမခံခွင့်ပြုရာတွင် အဆမတန် တန်ဖိုးထားသင့်သော်လည်း တရားခံအပေါ် စွပ်စွဲသောငွေကြေးပမာဏနှင့် အာမခံအတွက်ငွေကြေးပမာဏတို့မှာ လိုက်လျောညီထွေဖြစ်သင့်ကြောင်း သတိရှိရမည်။ (ဦးဝင်းသောင်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၇၉၊ မတစ၊ ၁၅၃)

(၅) မူလရုံးတရားသူကြီးသည် အမှုသွားလာနှင့် တရားရုံးရှေ့တွင် တိုက်ရိုက်မျက်မြင်တွေ့ရသည့် တရားခံ၏ ကျန်းမာရေးအခြေအနေကို ထည့်သွင်းစဉ်းစားပေးခဲ့ခြင်းဖြစ်သဖြင့် အထက်ရုံးများအနေဖြင့် အကြောင်းထူးမရှိလျှင် ထိုအာမခံကိုပယ်ဖျက်ရန်သင့်မည်မဟုတ်။ (မမြသက်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၉၆၊ မတစ၊ ၁၇၇)

(၆) အာမခံလျှောက်ထားသည်မှာ စောလွန်းသည်ဟုဆိုပြီး ပလပ်ခြင်းမှာ လုံလောက်သော အကြောင်းပြချက်မဟုတ်။ စက်ရှင်တရားသူကြီးက စဉ်းစားရမည်မှာ တင်ပြသော အချက်အလက်များအရ တရားခံသည် စွဲဆိုသောပြစ်မှုဖြင့် အပြစ်ရှိသည်ဟု ယုံကြည်ရန်အကြောင်းရှိ၊ မရှိဖြစ်သည်။ (Maung Lu Min V. The Union of Myanmar 1956, BLR, HC, 112)

(၇) စသုံးလုံးတရားသူကြီးက အာမခံပယ်သည့်အမိန့်ကို မကျေနပ်သည့်လျှောက်လွှာအား ပုဒ်မ ၄၉၈ အရ စက်ရှင်ရုံးသို့ ကနဦးတင်သွင်းသည်။ (မောင်သန်း (ခ) ရာကွတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅၊ မတစ၊ ၁၁၀၈)

(၈) စသုံးလုံးဌာနတွင် ငွေစာရင်းလျော့နည်းမှုအတွက် ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ စွဲဆိုမှုကို စစ်ဆေးနေစဉ် တရားခံအား အာမခံပေးသဖြင့် အစိုးရက ပြင်ဆင်မှု လျှောက်ထားသည်။ ဤကဲ့သို့ ငွေစာရင်းရှင်းလင်းရန်လိုသော အမှုမျိုးနှင့်အခြားလူသတ်မှုစသော ပြစ်မှုမျိုးနှင့် သဘောထားချင်းမတူ။ လူသတ်မှု၌ သူတစ်ဦးသေစေသည်မှာ ထင်ရှားပြီးဖြစ်သည်။ ငွေစာရင်းကွာခြားမှုမျိုး၌ ရုံးတင်သောအချိန်တွင် မည်သူမျှငြိစွန်းသည်ကို အတော်အသင့် ခန့်မှန်းနိုင်သော်လည်း ငွေကွာ၍စာရင်းရှင်းလင်းရန်လိုသော အမှုမျိုး၌ ထိုသို့ ခန့်မှန်းရန်ခဲယဉ်းသည်။ စာရင်းရှင်းလင်းရန်အတွက် အာမခံပေးခြင်းကို စွက်ဖက်ရန်မသင့်။ (ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးစံခင်၊ ၁၉၆၅၊ မတစ၊ ၄၈၈)

(၉) ဘိန်းမှုဖြင့် စွဲဆိုခံရသူများသည် နိုင်ငံခြားသို့ တိမ်းရှောင်ရန် အကြောင်းရှိသည်ဆိုကာ အာမခံငြင်းပယ်ခဲ့မှုဖြစ်သည်။ ဤအမှုတွင် အာမခံပေးခဲ့သည်မှာ လေးလကျော်ရှိခဲ့သော်လည်း တိမ်းရှောင်ခြင်းမရှိသဖြင့် ထိုသို့ယူဆရန်ခဲယဉ်းသည်ဖြစ်၍ အာမခံပေးသင့်သည်။ သို့သော် လုံလောက်သည့် ခံဝန်တောင်းဆိုသင့်သည်။ (ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ဖေကြည်။ ၁၉၆၅၊ မတစ၊ ၆၄၇)

(၁၀) အာမခံပေးရမည့်အမှုများနှင့်စပ်လျဉ်း၍ စဉ်းစားရမည့် မှုများကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ သာမန်အားဖြင့် စွပ်စွဲခံနေရသူတစ်ဦးအား အမှုကိုရုံးသို့တင်၍ စစ်ဆေးခြင်းမပြုသေးမီ သို့မဟုတ် အမှုကိုစစ်ဆေးနေစဉ်အတွင်း၌ ကြာမြင့်စွာချုပ်နှောင်ထားအပ်သည် မဟုတ်။ ထိုသို့ချုပ်နှောင်ခြင်းဖြင့် ၎င်းအပေါ်ပြစ်မှုထင်ရှား မတွေ့ရှိသေးဘဲ ကြိုတင်၍ ပြစ်ဒဏ်ပေးခြင်းမျိုး မဖြစ်အပ်ပေ။ (မောင်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ ၁၉၆၅၊ မတစ၊ ၆၆၆)

(၁၁) စက်ရှင်တရားသူကြီးက ခွင့်ပြုထားသည့်အာမခံကို တရားရုံးချုပ်က ပုဒ်မ ၅၆၁ ကအရ ဝင်ရောက်စွက်ဖက်နိုင်ကြောင်း စီရင်ထုံးများရှိသည်။ သို့ရာတွင်အောက်ရုံးတရားသူကြီးသည် မိမိခွင့်ပြုထားသည့် အာမခံကို ပုဒ်မ ၄၉၈ အရ ပယ်ဖျက်နိုင်သည့် အာဏာမရှိ။ (ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်လှရွှေ။ ၁၉၆၅၊ မတစ၊ ၈၉၈)

(၁၂) အာမခံလျှောက်ထားသူသည် အချုပ်နှင့်နှစ်နှစ်နီးပါးရှိရာ ၎င်းသည်တရားလိုပြသက်သေများအား ဖျက်ဆီးရန် အကြောင်းမရှိတော့သည့်အပြင် အမှုစစ်ဆေးနေစဉ် ပြည့်ပြည့်စုံစုံခုခံချေပနိုင်ရန်အတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရေး အာမခံဖြင့်လွှတ်ထားသင့်သည်။ (မောင်ကိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ ၁၉၆၆၊ မတစ၊ ၄၀၁) (င) တရားစီရင်ထုံးများ

(၁၃) အောက်ရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ စွဲဆိုမှုတွင် အာမခံပေးထားသည့်အမိန့်ကို ခရိုင်ရာဇဝတ်တရားသူကြီးက ပယ်ဖျက်ပြီး ပြန်ဖမ်းခြင်းမှာ ဥပဒေနှင့်မညီ။ ပုဒ်မ ၄၉၇ အရ အာမခံပေးထားသည့်အမိန့်ကို တရားလွှတ်တော်နှင့် စက်ရှင်တရားရုံးတို့ကသာ ပယ်ဖျက်ပြီး တရားခံကို ပြန်လည်ဖမ်းပိုင်ခွင့်ရှိသည်။ (Maung Ba Chit and V. King – Emperor. 1911, Vol. IV, BLT.70.)

(၁၄) အမှုစစ်တရားသူကြီးသည် အထက်ရုံးမှပေးထားသော အာမခံကို ပယ်ဖျက်ပိုင်ခွင့်အာဏာမရှိ။ အာမခံပေးသင့်၊ မပေးသင့်တွင် ရောဂါအမျိုးအစား၊ ဆေးရုံ၌ကုသနိုင်သည့် အခွင့်အလမ်း ရှိ/ မရှိ။ ၎င်း၏ဂုဏ်သရေ၊ ထွက်ပြေးတိမ်းရှောင်မည့်သူ မဟုတ်ခြင်း၊ ရုံးချိန်းတိုင်းလာနိုင်သည့် အခြေအနေရှိခြင်းတို့ကို အာမခံပေးရာ၌ ထည့်သွင်းစဉ်းစားနိုင်သည်။ (U Maung Maung V. The Union of Myanmar. 1949, BLR. HC, 503)

**အာမခံမပေးသင့်သော စီရင်ထုံးများ**

(၁) အာမခံပေးသင့်၊ မပေးသင့်တရားရုံးကချင့်ချိန်သည့်အခါ ပြစ်မှုအမျိုးအစား၊ တရားခံအပေါ်စွပ်စွဲသည့် သက်သေခံချက်နှင့် ချမှတ်နိုင်သည့်ပြစ်ဒဏ်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

အချုပ်မှလွှတ်ထားလျှင်သက်သေများကို ခြောက်လှန့်မည်။ မှုသားသက်သေခံစေမည်ဟု ယုံကြည်စရာအကြောင်း ယုတ္တိရှိလျှင် အာမခံဖြင့် အချုပ်မှလွှတ်ထားရန် ငြင်းဆိုနိုင်သည်။ (Mohammed Eusoof and one V. King – Emperor. 1925, Vol. III, ILR, Ran., 538)

(၂) သေဒဏ်၊ ကျွန်းဒဏ် မထိုက်သင့်သည့်ပြစ်မှုများတွင် တရားသူကြီးက ဆင်ခြင်တုံတရားသုံး၍ အာမခံပေးနိုင်သော်လည်း သေဒဏ်၊ ကျွန်းဒဏ်ထိုက်သင့်သည့်အမှုများတွင် ပုဒ်မ ၄၉၇ (၁) ခြွင်းချက်ပါအချက်များနှင့် အကျုံးမဝင်လျှင် အာမခံပေးရန်မသင့်။ (King– Emperor V. Nga San Htwa end others. 1927, Vol.V, ILR, Ran., 276)

(၃) ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ ပြစ်မှုမှာ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ပေးနိုင်သဖြင့် ပုဒ်မ ၄၉၇ အရ အာမခံမပေးနိုင်သော ပြစ်မှုဖြစ်၍ ပြစ်ဒဏ်ချလျှင် လျှော့ပေါ့သောထောင်ဒဏ်ချသည်ဖြစ်စေ၊ မချသည်ဖြစ်စေ အာမခံပေးခြင်းမှာ မှားယွင်းသည်။ (U Ba Than V.The Union of Myanmar. And one. 1959, BL, HC, 158)

(၄) ရာဇသတ်ကြီးပုဒ်မ ၃၀၇/ ၃၂၆/ ၁၁၄ အရစွဲဆိုမှုတွင် တရားခံသည် ကိုယ်ထိလက်ရောက် ရန်မူတတ်သော လက္ခဏာရှိသည့် စိတ္တဇဝေဒနာသည်တစ်ဦး ဖြစ်သည့်အလျောက် သူ့အားအမှုအတွင်း အချုပ်လွတ်ထုချေခွင့်ပြုခြင်းဖြင့် အခြားသူအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း တွေ့ရသဖြင့် အာမခံပေးရန်လျှောက်လွှာကို ပယ်သည်။ (ဦးကြည်လင်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၈၃၊ မတစ၊ ၄)

(၅) ပုဒ်မ ၄၉၈ အရချမှတ်သော စက်ရှင်ရုံး၏အမိန့်သည် ပုဒ်မ ၄၉၇ အရချမှတ်သည့်မှုများနှင့်ညီရမည်။ ပုဒ်မ ၄၉၈ အရ စက်ရှင်ရုံးက အာမခံဖြင့် လွှတ်ထားသောတရားခံအမှု၌ ပုဒ်မ ၄၉၇ (၅)သည် အကျုံးမဝင်၊ သို့သော် တရားလွှတ်တော်က ပုဒ်မ ၅၆၁– ကအရ တရားခံအား စက်ရှင်ရုံးက အာမခံပေးထားသည့်အမိန့်ကို ဝင်ရောက်စွက်ဖက်နိုင်သည်။ သေဒဏ်၊ တစ်ကျွန်းဒဏ်ပေးနိုင်သည့်အမှုတွင် အလွန်ထူးခြားသည့် အကြောင်းများရှိသည့်အခါမှတစ်ပါး တရားရုံးက အာမခံပေးမည်မဟုတ်။ (The Union of Myanmar V. U Khin Maung. 1949, BLR, HC, 657)

(၆) အာမခံလျှောက်ထားမှုကို စဉ်းစားရာ၌ သက်သေခံအချက်အလက်များအရ စွဲချက်တင်ထားသော ပြစ်မှုများအတွက် အပြစ်ရှိကြောင်းယုံကြည်ရန် အကြောင်းရှိ/မရှိကိုလည်း စဉ်းစားရသည်။ ပုဒ်မ ၄၉၈ အရတရားလွှတ်တော်သည် သေဒဏ်၊ တစ်ကျွန်းဒဏ်ထိုက်သင့်သည့် ပြစ်မှုများတွင် အလွန်ထူးခြားသည့် အခြေအနေရှိမှသာ အာမခံပေးရန် ဖြစ်သည်။ (U Hla Myint V. The Union of Myanmar 1851 BLR. HC, 56)

**အာမခံဆိုင်ရာ အခြားစီရင်ထုံးများ**

(၁) အမှုစစ်တရားသူကြီးသည် အထက်ရုံးကပေးထားသော အာမခံကို ပယ်ဖျက်ပိုင်ခွင့်အာဏာမရှိ။ အာမခံပေးသင့်၊ မပေးသင့်တွင် ရောဂါအမျိုးအစား၊ ဆေးရုံ၌ကုသနိုင်သည့် အခွင့်အလမ်း ရှိ/မရှိ။ ၎င်း၏ဂုဏ်သရေ၊ ထွက်ပြေးတိမ်းရှောင်မည့်သူမဟုတ်ခြင်း၊ ရုံးချိန်းတိုင်းလာနိုင်သည့် အခြေအနေရှိခြင်းတို့ကို အာမခံပေးရာ၌ ထည့်သွင်းစဉ်းစားနိုင်သည်။ (U Maung Maung V. The Union of Myanmar. 1949, BLR. HC, 503)

(၂) တရားရုံးများလက်စွဲ၌ပါရှိသော ညွှန်ကြားချက်များသည် အက်ဥပဒေကဲ့သို့ အာဏာမရှိ။ အာမခံမပေးနိုင်သောအမှုများ၌ စွဲချက်တင်ပြီးနောက် အာမခံဖြင့်လွှတ်ထားသော တရားခံကိုပြန်လည်ဖမ်းဆီးရန် တရားရုံးလက်စွဲပါ ညွှန်ကြားချက်သည် တရားခံကိုထွက်ပြေးခြင်းမှ ကာကွယ်ရန်နှင့် ဥပဒေနှင့်မညီသော အပြုအမူများမှ လုံခြုံမှုရှိစေရန် အုပ်ချုပ်ရေးအရဖြစ်သည်။ (The Union of Myanmar. V.Mr Bernard and four other. 1958, BLR, HC, 43)

(၃) တရားခံနှင့် အာမခံသူတို့သည် တရားရုံးက သက်သေခံပစ္စည်းတင်ပြရန်ညွှန်ကြားလျှင် အချိန်မရွေးတင်ပြရန် တာဝန်ရှိပြီး တင်ပြရန်ပျက်ကွက်လျှင် ၎င်းတို့၏တာဝန်သာ ဖြစ်သည်။ ဤသို့ပျက်ကွက်သဖြင့် တရားခံ၏ အကျိုးဆောင်အား အမှုလိုက်ပါခွင့်ပိတ်ပင်ရန် မဟုတ်။ တရားလွှတ်တော်ရှေ့နေတစ်ဦး ထားရှိသင့်သည့် ကျင့်ဝတ်ဖောက်ဖျက်ပါက တရားလွှတ်တော်ရှေ့နေများကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီသာလျှင် လိုအပ်သလို ဆောင်ရွက်ရန်ဖြစ်သည်။ (ဒေါ်အမာနှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ပါ ၂။ ၁၉၈၃၊ မတစ၊ ၁၄၄)

**စာမျက်နှာ ၁၆ သို့ ✻**

❖ ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု စွပ်စွဲခံရသောသူများအား ရဲစခန်း၌ချုပ်နှောင်ခြင်း၊ အကျဉ်းထောင်၌ ချုပ်နှောင်ခြင်းစသည့် ဖမ်းဆီးချုပ်နှောင်ပြီးနောက် ရဲစခန်းတွင်သော်လည်းကောင်း၊ တရားရုံးတွင်သော်လည်းကောင်း အမှုကြားနာစစ်ဆေးသည့်အခါ အချုပ်မှကင်းရှင်းစွာ စစ်ဆေးခံနိုင်ခြင်း၊ ခုခံချေပနိုင်ခြင်းအတွက် အာမခံသူလူပုဂ္ဂိုလ်များက စွပ်စွဲခံရသူ တရားခံသည် တရားရုံးသို့ အမှုစစ်ဆေးစဉ် မပြီးပြတ်မချင်း မှန်မှန်လာရန် တာဝန်ယူပါသည်။ ထွက်ပြေးတိမ်းရှောင်ခြင်းမရှိရန် တာဝန်ယူပါသည်။

❖ သက်သေများကို မလျော်ဩဇာမသုံးရန် တာဝန်ယူပါသည်ဟု အာမခံသူနှစ်ဦးက အာမခံတန်ဖိုးငွေကြေးဖြင့်လည်းကောင်း၊ ပိုင်ဆိုင်သောပစ္စည်းများဖြင့်လည်းကောင်း ရုံးတော်သို့ အာမခံတင်သွင်း၍ အာမခံခြင်းဖြစ်

# ဗိုလ်ချုပ်အောင်ဆန်း ခေတ္တနားခိုခဲ့သည့်ဇရပ် ပြန်လည်ပြုပြင်မွမ်းမံ

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာတွင် ဖက်ဆစ်တော်လှန်ရေးကာလ ဗိုလ်ချုပ်အောင်ဆန်း ခေတ္တနားခိုခဲ့သည့် ဦးချစ်+ဒေါ်ရှင် ဆောက်လုပ်လှူဒါန်းထားသည့် သစ်သားဇရပ်အား ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား ရွှေတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါ ဇရပ်ပြန်လည်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားကာ ဇရပ်အားလှည့်လည်ကြည့်ရှုသည်။

အဆိုပါဇရပ်သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာအုပ်စု မယားမာန်ကျေးရွာ ရွှေနတ်တောင်စေတီတော်မြတ်ကြီး၏ အောက်ခြေရင်ပြင်တွင်ရှိပြီး ၁၉၃၀ ပြည့်နှစ်တွင် အလှူရှင် ဦးချစ်+ဒေါ်ရှင်တို့က ဗိုလ်တဲ၊ ဗိုလ်ရုံပုံစံ ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ ထိုခေတ်က လာရောက်ကြသည့် အရာရှိ အရာခံများ စခန်းချလေ့ရှိသော အဆောက်အအုံလည်းဖြစ်သည်။

၁၉၄၅ ခုနှစ် မတ် ၂၆ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း နားခိုခဲ့ပြီး ဖက်ဆစ်တို့အား စတင်တော်လှန်ရန် တစ်နိုင်ငံလုံးသို့ ကြေညာရန်အတွက် အစပျိုးခဲ့သည့် နေရာလည်းဖြစ်ကြောင်း သိရသည်။ ဤဇရပ်သည် ဖက်ဆစ်တော်လှန်ရေး အစပြုတော့မည့်အချိန်တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သောကြောင့် သမိုင်းဝင်ဇရပ်အဖြစ် မှတ်တမ်းတင်ထားရှိကြောင်း၊ အဆိုပါဇရပ်ရှေ့တွင် ရေးသားပြသထားသည့် မှတ်တမ်းအရ သိရသည်။

ယခုအခါ အဆိုပါဇရပ်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ သိန်းဖြင့် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက် ဦးစီးဌာနက မူလပုံစံမပျက်စီးစေရန် ပြန်လည်မွမ်းမံပြုပြင်ထိန်းသိမ်းထားရှိခြင်း၊ ဇရပ်ဝင်းအတွင်း ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုပုံတူ ထုလုပ်ထားရှိခြင်း၊ သမိုင်းအထောက်အထားကမ္ပည်းကျောက်စာ စိုက်ထူထားခြင်းများအပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည်များကို အများပြည်သူ လာရောက်လေ့လာနိုင်ရန်အတွက် Event Museum အဖြစ် ဖွင့်လှစ်နိုင်ရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဒေသခံ ရပ်မိ ရပ်ဖပြည်သူများ၏ အကူအညီ ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။



**တင်စိုး(ပဲခူး)**



# ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)တွင် Product Show ကျင်းပ

**လှိုင်ကော် ဇန်နဝါရီ ၁**

ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၏ ဒုတိယအကြိမ် သုတေသနဂျာနယ်ထုတ်ဝေခြင်းနှင့် Product Show အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက လှိုင်ကော်မြို့ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)မှ ဒုတိယပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက တက္ကသိုလ်ဆရာ ဆရာမများ ရေးသားထုတ်ဝေသည့် သုတေသနစာတမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ တီထွင်ဖန်တီးမှုများ ပြုလုပ်နေသည်မှာလည်း အားရကျေနပ်ဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများဖြစ်စေရေးအတွက် ပညာရပ်ဆိုင်ရာလေ့လာမှုများ၊ သင်ကြားရေးလုပ်ငန်းများအပြင် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်အနေနှင့် သုတေသနဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဆောင်ရွက်ချက်အောင်မြင်မှုကို တခမ်းတနား တွေ့မြင်ရကြောင်း၊ ပညာရပ်ဆိုင်ရာသင်ကြားပေးရုံသာမက တီထွင်ဖန်တီးမှု စိတ်ကူးများမှတစ်ဆင့် လေ့လာဆန်းစစ်ဖန်တီးထားသည့် သုတေသနဂျာနယ် ၈၉ စောင်နှင့် Product Show ၂၅ ခုကို ပြသသွားမည်ဟု သိရကြောင်း၊ လိုအပ်ချက်များ၊ အားနည်းချက်များကို စုပေါင်းအင်အားဖြင့် ဖြတ်ကျော်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်မြင့်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)မှ ကျောင်းသား ကျောင်းသူများက သင်ကြားသင်ယူမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)မှ ကျောင်းသား ကျောင်းသူများ၏ Product Show များပြသခြင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**လှိုင်ကော်သား**

# ပဲခူးမြစ်ကူးတံတားနှင့် ငမိုးရိပ်ချောင်းကူးတံတားတည်ဆောက်နေမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးများ လိုက်ပါလျက် လှည်းကူးမြို့နယ် ပဲခူးမြစ်ကူးတံတား ဒါးပိန်-သပြု ရန်ကုန်လှည်းကူးဘက်အခြမ်း တည်ဆောက်နေမှုများနှင့် ငမိုးရိပ်ချောင်းကူးတံတားများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၈ နာရီတွင် ပဲခူးမြစ်ကူးတံတား ဒါးပိန်-သပြု တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၁၀)မှ တာဝန်ရှိသူများက လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံတားကြံ့ခိုင်မှု အရည်အသွေး ကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ကြရန်မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ တံတားသည် ရန်ကုန်တိုင်းဒေသကြီး ဆားတလင်း-ဒါးပိန်-ကျွဲကူး ဆိပ်လမ်းနှင့် ပဲခူးတိုင်းဒေသကြီး သပြု-ရှမ်းကံ-ကဝလမ်းအား ဆက်သွယ်၍ တံတားအရှည်ပေ ၁၀၅၀၊ ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၃ လက်မစီပါဝင်သည့် နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေ၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ ရန်ပုံငွေများဖြင့် တည်ဆောက်ကာ ကျပ် ၅၅၀၀ ဒသမ ၀၀ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လှည်းကူးမြို့နယ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံး ငွေရင်း ရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့ (၁၁)က တည်ဆောက်ပြီးစီးခဲ့သည့် အရှည် ၂၄၀ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေရှိ ဂျုံးဂျုံးကျကျေးရွာနှင့် ဘိုးရင်ကလေးကျေးရွာ ငမိုးရိပ်ချောင်းကူးတံတား၊ အရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်း အကျယ် ၁၈ ပေ၊ ရေသွားလမ်းကင်းလွတ်နယ် ၁၃ ပေ ရှိ တည်ဆောက်လျက်ရှိသည့် ဘိုးရင်ကလေး - ကင်ပွန်းချုံ ငမိုးရိပ်ချောင်းကူးတံတားနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၂)မှ တာဝန်ယူတည်ဆောက်မည့် အရှည် ပေ ၂၂၀၊ ယာဉ်သွားလမ်း အကျယ်ပေ ၂၀ ရှိ ဥယျာဉ်ဝ-မြေစေးအိုင် ငမိုးရိပ်ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

* စာမျက်နှာ ၁၅ မှ

(၄) အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (ည) အမှုကို ရန်ကုန်တိုင်းတရားရုံးက မူလအမှုဖြင့် စစ်ဆေးပြီးနောက် လမ်းမတော်မြို့နယ်တရားရုံးသို့ လွှဲပြောင်းပေးပို့ခဲ့သော အမှုဖြစ်သည်။ ဤအမှုတွင် တိုင်းတရားရုံးက တရားခံအား ခံဝန်ပေးခဲ့သောအမိန့်သည် ထိုအမှု မြို့နယ်ရုံးသို့ ရောက်ရှိသွားသည်နှင့် ပျက်ပြယ်သွားပြီး ခံဝန်ချုပ်အသစ် ပြန်လည်ချုပ်ဆိုရမည်ဖြစ်သည်။ (ဒေါ်ရှုရင် (ခ) ဒေါ်အေးအေးမြင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၈၉၊ မတစ၊ ၃၀)

(၅) တရားသူကြီးသည် အာမခံပေးခွင့်မရသောအမှုကို အမှုအတွင်း အချုပ်လွှတ်ထုချေခွင့်ပြုရာ၌ ပုဒ်မ ၄၉၇ (၃)အရ အချုပ်လွှတ်ထုချေခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ကျိုးကြောင်းဖော်ပြပြီး မလွဲမသွေမှတ်တမ်းတင်ရမည်ဖြစ်ပါလျက် ယင်းအချက်များကို မျက်ကွယ်ပြု၍ အမိန့်ချမှတ်ခြင်းမှာ ပေါ့ဆလွန်းရာ ရောက်နေသည်။ (ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် နောင်တောင်၊ ၁၉၉၂၊ မတစ၊ ၃၃)

(၆) စက်ရှင်တရားသူကြီး သည် မိမိပေးလိုက်သော အာမခံကို ပုဒ်မ ၄၉၈ အရ ဖျက်သိမ်းနိုင်သော အာဏာမရှိ။ တောင်းသောအာမခံကို လျှော့နိုင်သည့်အာဏာရှိသည်။ တရားရုံးချုပ်သည် ပုဒ်မ ၅၆၁ - ကပါ မူလဘူတ အာဏာအရ မိမိပေးလိုက်သော အာမခံကို မိမိဖျက်သိမ်းနိုင်သည်။ ထို့ပြင် ပုဒ်မ ၄၉၇ (၅)အရ အောက်ရုံးက အာမခံပေးထားသည်ကို ပြန်လည်ရုပ်သိမ်းနိုင်သည့် အာဏာရှိသည်။ ပုဒ်မ ၄၉၇ (၅) သည် ပုဒ်မ ၄၉၈ အရ လွှတ်ထားသော တရားခံများနှင့် အကျုံးမဝင်။ (U Ohn Kyaw, Maung Saw Maung and one and Maung Ba Sein V. The Union of Myanmar. 1962.BLR, CC, 511)

(၇) တရားခံအား ရမန်ပေးသောတရားသူကြီးထံ အာမခံလျှောက်ထားရန် အပယ်ခံရသဖြင့် အထက်ရုံးသို့ လျှောက်ထားသည်။ ထိုစဉ် အမှုတွဲကို တရားရုံးသို့ တင်ပို့လိုက်ပြီးနောက် ထိုအမှုတွဲကို တရားရုံးချုပ်ကခေါ်ယူ၍ တင်ပြလိုက်သည့်အချိန်တွင် တရားခံက အာမခံလျှောက်လွှာကို တရားရုံးချုပ်သို့ တင်ပြခြင်းနှင့်စပ်လျဉ်း၍ အမှုစစ်ရုံးက အာမခံလျှောက်လွှာကို ပယ်သည့်အမိန့်အပေါ် ပုဒ်မ ၄၉၈ အရ အာမခံပေးနိုင်သည်ဖြစ်၍ လျှောက်လွှာကို ပယ်လိုက်သည်။ (U Ohn Myint V. The Union of Myanmar 1963, BLR, CC, 246)

အထက်ပါ အာမခံဆိုင်ရာ စီရင်ထုံးများသည် ရှေ့နေ၊ ရှေ့ရပ်များ၊ တရားသူကြီးများအဖို့ လေ့လာသင့်သော စီရင်ထုံးများဖြစ်ပါသည်။ ရှေ့နေဆိုသည်မှာ အာမခံပေးသင့်ကြောင်း တရားခံဘက်မှနေ၍ လျှောက်ထားရသူများရှိသလို အာမခံမပေးသင့်ကြောင်း တရားလိုဘက်မှ လျှောက်ထားရသူများလည်းရှိပါသည်။ သို့ဖြစ်၍ တရားရုံး၌ လျှောက်လဲချက်များ ရေးသားတင်ပြသည့်အခါ မိမိတို့၏ အာမခံလျှောက်ထားလွှာ၌ အကိုးအကား လမ်းညွှန်စီရင်ထုံးအဖြစ် ထည့်သွင်းအသုံးပြုနိုင်ရန် ဖော်ပြအပ်ပါသည်။ ထို့အတူ တရားသူကြီးများအနေဖြင့် မိမိရှေ့မှောက်သို့ ရောက်ရှိလာသော ရာဇဝတ်မှုများနှင့်ပတ်သက်၍ အာမခံ ပေးသင့်၊ မပေးသင့် ဆုံးဖြတ်ရာတွင် အခြေခံအားဖြင့် ထည့်သွင်းဆုံးဖြတ်နိုင်ရန်လည်း ဖော်ပြထားခြင်း ဖြစ်ပါသည်။

ရာဇဝတ်မှုခင်းများ၌ စွပ်စွဲခံရသူ တရားခံများသည် အာမခံရသင့်ပါလျက် မရရှိပါက အလွန်ပင်နစ်နာလှပါသည်။

အာမခံပေးခြင်းသည် အစဉ်အလာနည်းဥပဒေဖြစ်၍ ငြင်းပယ်ခြင်းမှာ ခြွင်းချက်ဖြစ်သည် (the grant of bail is the Rule and refusal is an exception) ဟူသောမူကို တရားရုံးများက အဓိကကိုင်စွဲ၍ အာမခံ ပေးသင့်၊ မပေးသင့်ကို တရားမျှတစွာ ဆုံးဖြတ်နိုင်ရန် တရားမျှတရေးကို အခြေခံ၍ တင်ပြအပ်ပါသည်။ ။

# မူဆယ်မြို့ မြန်မာ-တရုတ် နယ်စပ်ဂိတ် (နန်းတော်ဂိတ်)မှ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများကို တရားဝင် အဝင်/အထွက်ခွင့်ပြုမည်



**မူဆယ် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နယ်စပ်ဒေသ မြန်မာ-တရုတ် နှစ်နိုင်ငံအဝင်/အထွက်ဂိတ် (နန်းတော်ဂိတ်) မှ မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော တရုတ်နိုင်ငံသားများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး တရားဝင် အဝင်/အထွက်ခွင့်ပြုမည်ဟု သိရသည်။

"၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး သံတမန်နိုင်ငံကူးလက်မှတ်နဲ့ အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို မူဆယ်မြို့ နှစ်နိုင်ငံအဝင်/အထွက် စစ်ဆေးရေးဂိတ်(နန်းတော်ဂိတ်) မှ စတင်ဝင်ရောက်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ သံတမန်နိုင်ငံကူးလက်မှတ်နဲ့ အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို ဝင်ရောက်လာတဲ့အခါမှာ လွယ်ကူချောမွေ့စေရန်အတွက် လိုအပ်မှုများကို ကြိုတင်ဆောင်ရွက်ထားပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ကြိုတင်ပြင်ဆင်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

၁၉၉၇ ခုနှစ် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်၊ ၁၉၉၈ ခုနှစ် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်တို့အရ တရုတ်နိုင်ငံဘက်မှ အပြန်အလှန်အနေဖြင့် သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် မြန်မာနိုင်ငံသားများကိုလည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး လွတ်လပ်စွာဖြင့် တရားဝင် အဝင်/အထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)**



# နှစ်သစ်ကိုကြိုဆိုသောအားဖြင့် အာဟာရဒါနကျွေးမွေး

**ရွှေဘို ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းက ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကိုကြိုဆိုသောအားဖြင့် ပရဟိတအခမဲ့ပညာဒါန ကျောင်းသားကျောင်းသူများအား အာဟာရဒါနကျွေးမွေးခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာနေ အလှူရှင်ဦးအေးမိသားစုတို့က မြောင်းကြီးကျေးရွာအနီးတွင် ဖွင့်လှစ်ထားသည့် ရွှေဘိုအောင်မြေဟိတရေ ပရဟိတအခမဲ့ပညာဒါနကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူ ၁၅၁ ဦးအား အာဟာရဖြစ်စေရန် ညစာထမင်းကျွေးမွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပရဟိတအခမဲ့ပညာဒါနကျောင်းကို ၂၀၁၇ ခုနှစ်ကစတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဆရာ ဆရာမ ၂၁ ဦးက ပညာသင်ကြားပေးနေကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ဆိပ်ကြီးခနောင်တို၌ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်း

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ကြက်ခြေနီအသင်းခွဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သော ကြက်ခြေနီ အခြေခံရှေးဦးပြုစုခြင်း (၁/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း)၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သိန်းတို့က သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

အဆိုပါသင်တန်းသို့ ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ၁၆၀ တက်ရောက်ခဲ့ကြပြီး ရှေးဦးပြုစုခြင်း အခြေခံဘာသာရပ်များကို ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# နှစ်သစ်ကူးရုံးပိတ်ရက် ဆယ်အိမ်တန်းကမ်းခြေ၌ အပန်းဖြေကြသူများဖြင့် အထူးစည်ကား



**ရန်ကုန် ဇန်နဝါရီ ၁**

နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ ဆယ်အိမ်တန်းကမ်းခြေ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသော ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

လာရောက်လည်ပတ်ကြသူများအနေဖြင့် ကမ်းခြေရှိ ပျော်ရွှင်စရာများဖြစ်သော မြင်း၊ ပွဲထောင်၊ စပိဘုတ်နှင့် လေးဘီးဆိုင်ကယ်များကို ငှားရမ်းစီးနင်း လည်ပတ်ကြကြောင်း၊ ညနေနေဝင်ချိန်ရောက်ခိုက် ကမ်းခြေမှာ လွန်စွာလှပနေသောကြောင့် လာရောက်အပန်းဖြေကြသူများအနေဖြင့် အမှတ်တရဓာတ်ပုံများရိုက်ကူးကြကြောင်း ရွှေငွေ့မွှမ်းပျံစားသောက်ဆိုင်မှ ကိုအေးနိုင်က ပြောကြားသည်။

"မနှစ်က နှစ်မကူးခင်ရက်ဖြစ်တဲ့ ရုံးပိတ်ရက်ထက် ဒီနှစ်ရုံးပိတ်ရက်က ပိုစည်ကားပါတယ်။ စားသောက်ဆိုင်တွေလည်း ရောင်းရသလို ကမ်းခြေမှာဖွင့်ထားတဲ့ ဧည့်ရိပ်သာ နှစ်လုံးစလုံးက အခန်းတွေမှာလည်း တည်းခိုကြတဲ့ပြည်သူတွေနဲ့ အခန်းအလွတ်မကျန်ပြည့်နေတာပေါ့၊ မိသားစုဝင်ငါးဦးလောက် နားလို့ရတာဆိုတော့ ဧည့်ရိပ်သာအနေနဲ့အခန်းတစ်ခန်းကို နေ့အတွက် ငွေကျပ် ၁၀၀၀၀ နဲ့ ညအတွက် ငွေကျပ် ၂၀၀၀၀ ယူပါတယ်၊ ခုဆိုရင် မကြာမီကာလမှာ ကမ်းခြေကိုအဆင့်မြှင့်တင်တော့မယ်လို့ ကြားသိရတာမို့ ရန်ကုန်မြို့နဲ့အနီးဆုံးဖြစ်တဲ့ ဆယ်အိမ်တန်းကမ်းခြေကို လာရောက်လည်ပတ် အပန်းဖြေကြပါလို့ ဖိတ်ခေါ်ပါတယ်"ဟု ကိုအေးနိုင်က ပြောကြားသည်။

အထူးသဖြင့် အဆိုပါဆယ်အိမ်တန်းကမ်းခြေရှိ စားသောက်ဆိုင်တန်းများ၌ ဖွင့်လှစ်ရောင်းချသော နာမည်ကြီး ငါးသလောက်အိုးမှောက်နှင့် ကဏန်း၊ ပုစွန်အစားအစာများမှာ လာရောက်အပန်းဖြေလည်ပတ်ကြသည့် ဧည့်သည်များအတွက် အကြိုက်ဖြစ်စေပြီး နှစ်ခြိုက်စွာစားသုံးကြကြောင်း သိရကာ လက်ရှိဆယ်အိမ်တန်းကမ်းခြေ၌ ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်ခန်းပေါင်း ၄၀ ကျော်ရှိကြောင်းလည်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက နမ့်လန်မြို့ လယ်ကျောင်း မဇ္ဈိမာရာမဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးလှစိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်၊ မြို့နယ်လဝကဦးစီးမှူး ဦးစိုင်းထွန်းအေး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဝေမိုးသူတို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသော ဒေသခံပြည်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**



# မြစ်သားမြို့နယ် လက်ပံဆိပ်ကျေးရွာ၌ ကျေးရွာမီးလင်းရေး ဖွင့်ပွဲကျင်းပ

**မြစ်သား ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် National Electrification Plan- NEP အစီအစဉ်ဖြင့် ဆောင်ရွက် သည့် ကျေးရွာမီးလင်းရေးဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီက လက်ပံဆိပ်ကျေးရွာ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းနှင့် မြစ်သားမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးသန့်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို ဆွေးနွေးပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် NEP အစီအစဉ်ဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ခဲ့ရာ လက်ပံဆိပ်ကျေးရွာတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီလိုင်း သုည ဒသမ ၃ မိုင်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြမြမွန် (ပြန်/ဆက်)**

## သတင်းစုံကဏ္ဍ

### သထုံမြို့အဝိုင်းပတ်၌ နှစ်ကူးကာလ CCTV တပ်ဆင်

**သထုံ**

မွန်ပြည်နယ် သထုံမြို့၌ ၂၀၂၀ နှစ်သစ်ကူးချိန်အတွင်း အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေနိုင်အောင် စည်းကမ်းမဲ့မောင်းနှင်သော ယာဉ်များနှင့် အော်ဟစ်ဆူပူသူများအား ထိရောက်စွာအရေးယူနိုင်ရန်တွက် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကာ သထုံအဝိုင်းပတ်တွင် CCTV များ တပ်ဆင်ခြင်းနှင့် TRAFFIC POLICE BOX များ ထားရှိခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

### ပရဟိတပညာရေးကျောင်းအတွက် လှူဒါန်းနိုင်

**နေပြည်တော်**

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်ရှိ သီရိရတနာဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၀ ပညာသင်ကြားလျက်ရှိသည်။

အဆိုပါ ပရဟိတပညာရေးကျောင်းရှိ ကလေးငယ်များအတွက် သင်ထောက်ကူပြုရရှိစေရန်အတွက် လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာတော် အရှင်သူရိယ ဖုန်း ၀၉ – ၂၅၄ ၀၄၇ ၉၅၀၊ ၀၉–၃၁၄ ၉၆၆ ၈၃ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုကိုရှူပ (နေပြည်တော်)**

### စာရင်းဇယားရေးသွင်းနည်း သင်တန်းဖွင့်

**ချောင်းဦး**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကိုးတောင်ကန်ကျေးရွာ၌ ကျေးရွာရေကော်မတီအသစ်ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စာရင်းဇယားရေးသွင်းနည်း သင်တန်းကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ကိုးတောင်ကန်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ဖွင့်လှစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်လှယ် ဦးဝင်းမြင့်ခင်က အမှာစကားပြောကြားပြီး ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိုးဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကျော့ကျော့စိုးတို့က ကိုးတောင်ကန်ကျေးရွာ ရေကော်မတီအဖွဲ့အား ရေမီတာကောက်ခံရာတွင် စာရင်းဇယားရေးသွင်းနည်းများကို သင်ကြားပို့ချခဲ့သည်။

**အိအိအောင်(ချောင်းဦး)**



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံရှေ့တွင် ရွှေဘိုမြို့သူ၊ မြို့သားများက ဂီတဥယျာဉ်တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီမှစတင်၍ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုကြစဉ်။

မိုးသောက်(ရွှေဘို)

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ကိုက်ညီသော မျိုးစေ့များ ပေးအပ်

**နာဂ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ကိုက်ညီသော မျိုးစပါးနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီက ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း ဟုမ္မလင်း(ရွှေဘိုကျောင်းခွဲ)တွင် ပေးအပ်ခဲ့သည်။

မျိုးစပါးနှင့်ဟင်းသီးဟင်းရွက်မျိုးစေ့များကိုစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းမွှေးမွှေးခင်၊ ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းအမ်းထော်နှင့်စိုက်ပျိုးရေးသိပ္ပံ ဟုမ္မလင်း (ရွှေဘိုကျောင်းခွဲ) ကျောင်းအုပ်ဆရာကြီး ဦးကိုးထင်းတို့က လက်ခံရယူကြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိတောင်သူများနှင့် စိုက်ပျိုးရေးသိပ္ပံ ဟုမ္မလင်း(ရွှေဘိုကျောင်းခွဲ)ကျောင်းဝင်းအတွင်းစိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနက နမသလေးစပါး၊ ဘူကျောက်တောင်ယာစပါး၊ဆင်းကေရီ–၃စသည့် စပါးမျိုးစုစုပေါင်း ၁၁၃ တင်း၊ ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ် ၁၁၉၉ ထုပ်၊ မျိုးမြေပဲ ၂၅ တင်း၊ ပဲမျိုးစုံမျိုးစေ့ ၇၅ တင်း၊ အစေ့ထုတ်ပြောင်း ၁၅၀ ကီလိုနှင့် ဖူးစားပြောင်း ၁၀ တင်းတို့ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ဆစ်(ခ်)ရိုးရာ အဆိုအကများဖြင့် တင်ဆက်ကပြ

**မန္တလေး ဇန်နဝါရီ ၁**

ဆစ်(ခ်)ရိုးရာ အဆိုအကများဖြင့် တင်ဆက်ကပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆) လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး Shri Shurab Kumar Ji က ဂုရုကြီးသက်တော် ၅၅၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံတွင် ထုတ်ဝေသော စာပို့တံဆိပ်ခေါင်းအကြောင်း မိတ်ဆက်ပြောကြားပြီး စာပို့တံဆိပ်ခေါင်းအမှတ်တရကတ်များ ပေးအပ်သည်။

ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ ချုပ်တွဲဖက်အတွင်းရေးမှူး ဦးထွန်းငြိမ်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူအသီးသီးတို့က မုဒိတာစကားပြောကြားခဲ့ကြပြီး ဂုရုနာနတ်(က်)ဒေ့(ဗ်)ကြီး၏ ပုံတော်ကို ပန်းမျိုးစုံတို့ဖြင့် ပူဇော်ခဲ့ကြကာ မြန်မာနိုင်ငံတစ်ဝန်းမှဆစ်(ခ်)လူငယ်မောင်မယ်များကရိုးရာအကများဖြင့်တင်ဆက်ကပြခဲ့ကြသည်။

**ကျော်လှ(တောင်ငူ)**

## ပုသိမ်ကြီးမြို့နယ်တွင် မိုးစပါးများလှိုင်လှိုင်ပေါ်၍ တောင်သူများအဆင်ပြေ



**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် မိုးစပါးများလှိုင်လှိုင်ပေါ်လျက်ရှိရာ စပါးအထွက်နှုန်းကောင်းမွန်မှုကြောင့် စပါးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ဒေသမှာမိုးစပါးတွေ လှိုင်လှိုင်ရိတ်သိမ်းနေပါပြီ၊ ဒီဒေသမှာ မိုးစပါးဆိုရင် အများဆုံးစိုက်တာ မဂျမ်းတောပဲ၊ စားလို့လည်းကောင်းတယ် ဈေးကောင်းလည်းရတယ်။ ထွက်နှုန်းကတော့ တစ်ကေကို စိုက်ရင်ပုံမှန်တင်း ၇၅နဲ့ ၈၀ လောက်ပဲ ထွက်တယ်။ မဂျမ်းတော စပါးက တင်း ၁၀၀ ကို ရှစ်သိန်း/ရှစ်သိန်းခွဲ ဈေးပေါက်ပါတယ်၊ အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းအနည်းငယ်တော့ ကွာခြားပါတယ်၊ စပါးဈေးနဲ့အထွက်နှုန်းကောင်းတော့ အဆင်တော့ပြေပါတယ်’’ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"စက်နဲ့ရိတ်တာက စက်ငှားရမ်းခက တစ်ကေကို ၆၀၀၀၀ ပေးရပြီး အချိန်ကုန်သက်သာသလို လူလည်းသက်သာတယ်။ လူနဲ့ ရိတ်တာကတော့ ကောက်ရိတ်ခ၊ စပါးရိုက်(ခြွေ)ခ၊ သယ်ယူခနဲ့ တစ်ကေကို ငွေကျပ် ၁၀၀၀၀၀ နီးပါးလောက်ကုန်ကျတယ်၊ ဒါပေမယ့် စက်နဲ့ ရိတ်တာက ကောက်ရိုး(နွားစာ)မရတော့ဘူး။ လူနဲ့ရိတ်တာကကောက်ရိုး(နွားစာ)ရတယ်။ ကောက်ရိုးတစ်ထုံးကို ယာခင်းထဲမှာတင် ငွေကျပ် ၅၀၀၊ ၆၀၀ လောက် ဈေးပေါက်တယ်၊ နွားစာ လိုအပ်တဲ့ တောင်သူများအတွက်တော့လူအားနဲ့ ရိတ်သိမ်းတာကပိုပြီးတော့အဆင်ပြေတယ်။ စက်နဲ့ ရိတ်သိမ်းရင်တော့ ကောက်ရိုးထုံးမရတော့ဘူးပေါ့" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီးမြို့နယ်တွင် မိုးစပါးစိုက်ဧက ၂၄၅၆၃ ဧကရှိကြောင်းသိရပြီး ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကိုအဓိကအားထားစိုက်ပျိုးကာ မိုးစပါးများ လှိုင်လှိုင်ပေါ်လျက်ရှိပြီး တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ ကလေးတိုင်းသို့ရောက်ရှိရေး အသိပေး

**ဂန့်ဂေါ ဇန်နဝါရီ ၁**

ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၃၀ ရက်နံနက် ၁၀ နာရီက ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ လူအုပ်စုတိုင်း၊ ကလေးတိုင်းသို့ ရောက်ရှိစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဂန့်ဂေါခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဆန်းမင်းက အမှာစကားပြောကြားကာ ဆရာဦးစန်းဝင်း THA က ကာကွယ်ဆေးထိုးလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ကျန်းမာရေးဌာနမှလက်ရှိတွင်ကာကွယ်ဆေး၁၁မျိုးဖြင့် ကုသပေးပြီး လာမည့်နှစ်တွင် ကာကွယ်ဆေး ၁၃ မျိုးဖြင့် ကုသပေးနိုင်ရေး မျှော်လင့်ထား၍ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းဆောင်ရွက်နိုင်ခြင်းသည် ငါးနှစ်အောက် ကလေးငယ်များ၏ သေဆုံးမှုကို လျှော့ချနိုင်သည်ဟု သိရသည်။

**စိန်ကျော်**

## ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ အသိပေးရှင်းလင်း

**ခန္တီး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်တွင် ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ လူအုပ်စုတိုင်း၊ ကလေးတိုင်းသို့ ရောက်ရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအာဏာပိုင်များနှင့် အန်ဂျီအိုများကို အသိပေးတင်ပြခြင်း အခမ်းအနား ကျင်းပသည်။

ခန္တီးခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလေးဖြူပြာအောင်က ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းမှ ရရှိလာသည့် ကျန်းမာရေးနှင့် စီးပွားရေးအကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံ၏ ကာကွယ်ဆေးအတွက် နိုင်ငံတော်နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများ၏ ရန်ပုံငွေထောက်ပံ့ကူညီမှုအခြေအနေများကို Projector ဖြင့် ရှင်းလင်းတင်ပြသည်။

**အမ်းအင်းလမ်း ( ပြန်/ဆက် )**



## အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး ကူးတို့ရေယာဉ်များစစ်ဆေး

**အောင်လံ ဇန်နဝါရီ ၁**

ခရီးသွားပြည်သူများအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် သရက်ခရိုင် အောင်လံမြို့နှင့် သရက်မြို့တို့သို့ ဧရာဝတီမြစ်ကြောင်းကို ဖြတ်ကူးပြေးဆွဲနေသော ကူးတို့လုပ်ငန်းမှ စက်တပ် (ပွဲထောင်) ရေယာဉ်များ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ အခြေအနေများအားစစ်ဆေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက အောင်လံဘက်ကမ်းကူးတို့ဆိပ်တွင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် သရက်မြို့နယ်မှ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကူးတို့လုပ်ငန်းမှ တာဝန်ရှိသူများသည် စက်လှေများ၌ ရေယာဉ်ကြွခိုင်မှု၊ ကုန်းဘောင်၊ စက်အခြေအနေ ကောင်းမကောင်းတို့နှင့် ယာဉ်လိုင်စင်၊ ယာဉ်မောင်းကတ်၊ အချက်ပြမီး၊ အရန်ဆီနှင့် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဖောကွင်းပါရှိမှု အခြေအနေ စစ်ဆေးခြင်း၊ ပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **သိန်းလွင်(အောင်လံ)**

## ကော့သောင်းမြို့၌ နိုင်ငံတကာနှစ်သစ်ကူးနေ့ စည်ကားစွာကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၁**

ကော့သောင်းမြို့တွင် ၂၀၁၉ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်သို့ ကူးပြောင်းသည့် နိုင်ငံတကာနှစ်သစ်ကူးနေ့ကို ကြိုဆိုသည့် ပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီမှစတင်၍ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် အပိုင်းပတ်လမ်းဆုံ၌ကျင်းပခဲ့ရာ မြို့နေပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ပွဲတော်ကျင်းပရာနေရာနှင့် မြို့နေပြည်သူများ အိမ်များတွင် လျှပ်စစ်မီးအလှရောင်စုံများထွန်းညှိခြင်း၊ မိသားစုအလိုက်ညစာစားပွဲများ ပြုလုပ်ကြခြင်း၊ မြို့လုံးကျွတ်လူငယ်လူရွယ်များ မော်တော်ဆိုင်ကယ်များဖြင့် စည်းကမ်းတကျ စီးနင်းသွားလာခဲ့ကြပြီး ၂၀၁၉ခုနှစ်ကုန်ဆုံးပြီး ၂၀၂၀ ပြည့်နှစ်သို့ ကူးပြောင်းသည့်အထိမ်းအမှတ် နှစ်သစ်ကူးပွဲတော်ကို ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများဖြင့် ကျင်းပရာ ပြည်သူများစုဝေး၍ ည ၁၂ နာရီကို စက္ကန့်ရေတွက်ပြီး Happy New Year သံပြိုင်ရွတ်ဆိုကာ မီးရှူးမီးပန်းများ ပစ်ဖောက်ကာနှစ်သစ်ကို ကြိုဆိုကြပြီး မြို့လုံးကျွတ်မျှ မြို့နေပြည်သူများ ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



## ဗန်းမောက်မြို့ ဇလုံတောင်ဘုရားသို့ ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်

**ဗန်းမောက် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်ဘုရားသို့ ပြည်တွင်းခရီးသွားဧည့်သည်များ နိုဝင်ဘာလမှ စတင်ဝင်ရောက်လျက်ရှိသည်။

ဒီဇင်ဘာ နှစ်သစ်ကူးရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အတွင်း ဇလုံတောင်တော်မြတ်ကြီး အားပြည်တွင်းဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်နေကြသည်ကို တွေ့မြင်ရသည်။

ဇလုံတောင်ဒေသ၏ပတ်ဝန်းကျင်တစ်ခုလုံးကိုသစ်တောကြိုးဝိုင်းများဖြင့် ဝန်းရံထားခြင်းဖြစ်ပြီး ကျောက်တောင်ကြီးလေးခုပူးကပ်ကာ ဖြစ်ပေါ်နေသော တောင်ကြီးဖြစ်၍ ပြည်တွင်းဘုရားဖူးဧည့်သည်များက စိတ်ဝင်စားမှုပိုမိုများပြားလာပြီး သဘာဝခရီးသွားလာရေးနယ်မြေအဖြစ်တိုးမြှင့်ဆောင်ရွက်ထားသဖြင့် နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း ပြည်တွင်း ဘုရားဖူးခရီးသွားဧည့်သည်များ ဖူးမြော်နေကြသည်ကို တွေ့မြင်ရသည်။

ဇလုံတောင်ဘုရားဖူး ဧည့်သည်များအတွက် ခမိုးယာဉ်ရပ်နားစခန်းနှင့် အပန်းဖြေစခန်းမှစတင်ပြီး ထွက်ခွာ၍ ဇလုံတောင်တော်သို့မရောက်မီ လမ်းတစ်ဝက်၌ ကျောက်မဏ္ဍပ်ဘုရားသို့လည်း ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ဇလုံတောင်တော်သို့ တက်ရာတွင်လည်း လမ်းတစ်လျှောက်တွင် သစ်တောသစ်ပင်များ၊ တောတောင်များကိုကြည့်ရင်း လေကောင်းလေသန့်များရှူရှိုက်ပြီး ကားစီးရသည်မှာလည်း ကောင်းမွန်ကြောင်း၊ ဇလုံတောင်တော်မှ ဘုရားဖူးမြော်ပြီး ပြန်ဆင်းလာပါက တောင်ခြေရင်းတွင် ဇလုံတောင်အပန်းဖြေ ဆင်စခန်းကို ဝင်ရောက်လေ့လာနိုင်ကြောင်း၊ နိုဝင်ဘာလအတွင်းတွင် ဘုရားဖူးဧည့်သည် ၂၆၄၀၀ ကျော်နှင့် ယခုဒီဇင်ဘာ ၃၀ ရက်အထိ ၃၁၆၀၀ ကျော် ပြည်တွင်းခရီးသွားဧည့်သည် တက်ရောက်ဖူးမြော်ခဲ့ကြောင်း တောင်တက်ကားအသင်းဥက္ကဋ္ဌ ဦးဘလင်း ပြောသည်။

ဇလုံတောင်တော်၏ အလွန်ရှေးကျပြီး ပကတိအတိုင်းရှိနေသည့် တောင်တော်မြတ်ကြီးက ထူးခြားလွန်းသောကြောင့် လာရောက်ဖူးမြော်နိုင်ခြင်းက ပြည်တွင်းခရီးသွားများကို အလွန်ပင်ဆွဲဆောင်နေခြင်းဖြစ်သည်။

**ကျော်စွာ**
**(ဗန်းမောက်)**

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**ယင်းမာပင်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ပထမဆုံးအကြိမ် မိုက်ခရိုမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၅ နာရီက ကျင်းပသည်။

မိုက်ခရိုမာရသွန်ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများနှင့် ကျား/မအလွတ်တန်း ပြိုင်ပွဲများ ပြုလုပ်ခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် အလွတ်တန်း အပြေးဝါသနာရှင်များ စုစုပေါင်း ၃၀၀ ကျော်က ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

**ကလိန်အောင်**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက ကလိန်အောင်မြို့အမှတ်(၁) ရပ်ကွက်၊ ကျေးလက်ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အဖွဲ့သုံးဖွဲ့ခွဲ၍ ယှဉ်ပြိုင်စေခဲ့ရာ မွေးကင်းစမှ ခြောက်လအထိ ၂၅ ဦး၊ ခြောက်လမှ တစ်နှစ်အထိ ၁၂ ဦး၊ တစ်နှစ်မှ သုံးနှစ်အထိ ခုနစ်ဦး စုစုပေါင်း ၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဒေါ်မိုးမိုးခိုင် (ပြန်ဆက်)**

**မိုင်းယု**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် အခြေခံပညာမူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မြို့မရပ်ကွက် အားကစားကွင်း၌ ကျင်းပသည်။

မူလတန်းအဆင့် အမျိုးသားပြိုင်ပွဲတွင် အထက(မိုင်းယု)၊ ဆမ်မိန်း၊ တာကြန့်(က)နှင့်(ခ)၊ နမ့်နော်နှင့် ဒွန်းနွဲ့အသင်းတို့ပါဝင်ယှဉ်ပြိုင်ကြပြီး အမျိုးသမီးပြိုင်ပွဲတွင် အထက(မိုင်းယု)၊ ဆမ်မိန်း၊ တာကြန့်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ကိုကိုနိုင်(မိုင်းယု)**

**အင်းတော်**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အင်းမြသာယာ အားကစားခန်းမတွင် အားကစားပြိုင်ပွဲများ ကျင်းပသည်။

ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် အသင်းပေါင်း ၁၂ သင်း၊ ဘော်လီဘော ပြိုင်ပွဲတွင် အမျိုးသမီးအသင်း လေးသင်း၊ အမျိုးသားအသင်း ၁၀ သင်းတို့ ဒီဇင်ဘာ ၃၁ ရက်မှစတင်၍ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ **ကျော်သီဟ(ပြန်/ဆက်)**

**မယ်စဲ့**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက် ၁၈ နှစ်နှင့်အထက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ကယားပြည်နယ် မယ်စဲ့မြို့နယ်ခန်းမရှေ့ အားကစားကွင်း၌ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အသက် ၁၈ နှစ်နှင့်အထက် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်း(၁၁)သင်း ပါဝင်ယှဉ်ပြိုင်ပြီး ဇန်နဝါရီ ၄ ရက်တွင် ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲများကိုဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝတ်ရည် (ပြန်/ဆက်)**

**ရေဦး**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြီးတန်းနှင့် အငယ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီက ရေဦးမြို့နယ် မန်ကျီးတောကျေးရွာ ဘိလိယက်ကစားရုံ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့ တက်ရောက်၍ အားပေးဂုဏ်ပြုစကားများပြောကြားခဲ့ပြီး အကြီးတန်းနှင့် အငယ်တန်းအဆင့် ဘိလိယက်နှင့် စနူကာပြိုင်ပွဲအသီးသီးမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သန်းသန်း(ရေဦး)**



## မန္တလေးတောင်ပန်းချီပြခန်းတွင် နှစ်သစ်လူသစ်ပန်းချီပြပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတောင်ပန်းချီပြခန်းတွင်နှစ်သစ်လူသစ်ပန်းချီပြပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြသေ့်နှစ်ကောင်အနီး၊ မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပသည်။

ပန်းချီပြပွဲဖွင့်ပွဲတွင်မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မန္တလေးရေဆေးပန်းချီပညာရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ဒေါက်တာကိုကိုကြီးနှင့်ပန်းချီပညာရှင်ကြီးများ၊ ပန်းချီချစ်မြတ်နိုးသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)နှင့် ပန်းချီပန်းပုကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ လာရောက်အားပေးကြသည်။



ပန်းချီပြပွဲတွင် စာရေးဆရာဆွေနိုင်စစ်၊ခေတ်ပုံညောင်ဦးသန်းဌေး၊ အောင်ကျော်ထွန်း၊ ကျော်မိုး၊ ဇော်ထွန်းလင်း၊ စိုးငြိမ်း၊ မိုးဦး၊ ကျော်မင်းဝင်း၊ အေးသန္တာလှိုင်အပါအဝင် ပန်းချီဆရာ ၁၂ ဦး၏ လက်ရာ ရေဆေး၊ ဆီဆေး၊ အခရိုင်လစ်ပန်းချီကား ၁၂၀ ကို ပြသထားသည်။ ပန်းချီပြပွဲကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက် အထိ နံနက် ၉ နာရီမှည ၉ နာရီ အထိ ခင်းကျင်းပြသမည်ဖြစ်သည်။ **မောင်ပြည်သူ(မန္တလေး)**

## သခွားမွှေးများ မူဆယ်ဈေးကွက်သို့ နေ့စဉ်ကားအစီးရေ ၄၀ ကျော်တင်ပို့

**ချောင်းဦး ဇန်နဝါရီ ၁**

ချောင်းဦးမြို့နယ်အတွင်း နိုင်ငံခြားဈေးကွက်ဝင် သခွားမွှေးသီးနှံများ မူဆယ်ဈေးကွက်သို့ တစ်ရက်လျှင်ကားအစီးရေ ၄၀ ကျော်တင်ပို့ပေးနေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။

ယခုနှစ် မိုးရာသီ ဖရဲသခွားမွှေးစိုက်ရာသီအစပိုင်းတွင် ဈေးနှုန်းကျဆင်းမှုနှင့်ကြုံခဲ့ရပြီးတောင်သူများအရှုံးပေါ်ခဲ့ကြောင်း၊ ဆောင်းရာသီစိုက်ပျိုးချိန်အစပိုင်းတွင် ဈေးနှုန်းကျဆင်းခဲ့သော်လည်း ဒီဇင်ဘာလဒုတိယပတ် ကုန်ချိန်တွင် ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်းနှင့် ယခုအခါ သီးနှံများကိုစတင် ပို့ဆောင်နေပြီဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ်သခွားမွှေးစိုက်ရာသီတွင် သခွားမွှေး ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိရာ ချောင်းဦးမြို့နယ်အတွင်း ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးလျက်ရှိကြောင်းနှင့် မော်တော်ယာဉ်ကြီးများဖြင့် ထွက်ရှိသော သီးနှံများကို မူဆယ်ဈေးကွက်သို့ အများဆုံးပို့ဆောင်ရကြောင်းသိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

# ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၇ နာရီခွဲမှစတင်၍ ယှဉ်ပြိုင်ကစားကြသည်။

အသက်(၃၅)နှစ်အထက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား ကိုးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား ခြောက်ဂိုးပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)နှင့် (၂)ကြားတွင် လွန်ဆွဲအားကစားပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)ပွဲစဉ်များ၊ ထုပ်ဆီးတိုး(အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဖူဆယ်ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းအား သုံးဂိုး – နှစ်ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအသင်းအား ၁၁ ဂိုး – နှစ်ဂိုးဖြင့်လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား ခုနစ်ဂိုး – သုံးဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်စည်ပင်အသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား လေးဂိုး – တစ်ဂိုးတို့ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အား/ကာ





## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုး သက်တမ်းမတိုးဘဲ အသင်းနှင့် လမ်းခွဲ

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် စာချုပ်ပြည့်သွားသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးကို သက်တမ်းမတိုးဘဲ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

ဦးဝင်းသူမိုးလက်ထက်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုက်သင့်သည့် အောင်မြင်မှုအချို့ရခဲ့သော်လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဦးဝင်းသူမိုးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ဒီဇင်ဘာ ၃၁ ရက်က ကုန်ဆုံးခဲ့ပြီး နည်းစနစ်ကော်မတီသည် စာချုပ်သစ်ကိစ္စအတွက် ဆွေးနွေးမှုများပြုလုပ်ပြီးနောက် သက်တမ်းမတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဦးဝင်းသူမိုးသည် လက်ရှိ ဖေဖော်ဝါရီလတွင် ယှဉ်ပြိုင်ရမည့် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသော်လည်း တစ်ပတ်ကျော်အကြာတွင် နည်းပြချုပ်အဖြစ်မှ လမ်းခွဲခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နည်းပြသစ်တစ်ဦး အမြန်ဆုံးခန့်အပ်သွားမည်ဖြစ်ပြီး နိုင်ငံခြားသားနည်းပြကို ဦးစားပေးရှာဖွေလျက်ရှိသည်။ အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့် ကျရောက်နေသည်။

ဦးဝင်းသူမိုးသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ခန့်အပ်ခံရပြီး ၂၀၁၉ အိန္ဒိယဖိတ်ခေါ် Hero Gold Cup ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့ကာ ၂၀၁၉ အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည်။ ထို့ပြင် ၂၀၂၀ အိုလံပစ်ခြေစစ်ပွဲတွင် ပထမအဆင့်နှင့် ဒုတိယအဆင့် အောင်မြင်ပြီး တတိယအဆင့်ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – MFF

## အာဆင်နယ်တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူနိုင်ရေး အင်တာမီလန်နဲ့ ဘာစီလိုနာ အပြိုင်ကြိုးပမ်းနေ

အင်တာမီလန်အသင်းဟာ အာဆင်နယ်အသင်းတိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူနိုင်ရေးအတွက် စပိန်လာလီဂါထိပ်တန်းကလပ် ဘာစီလိုနာအသင်းနဲ့အပြိုင် ကြိုးပမ်းလျက်ရှိနေတယ်လို့ သိရပါတယ်။



အင်တာမီလန်အသင်းအနေနဲ့ တိုက်စစ်မှူး လူကာကူကို ခေါ်ယူခဲ့ပြီး လက်ရှိမှာ တိုက်စစ်ပိုင်းအားဖြည့်ဖို့အတွက် အူဘာမေယန်ကို ခေါ်ယူဖို့ ထပ်မံစီစဉ်လာတာဖြစ်ပါတယ်။ အူဘာမေယန်ဟာ နွေရာသီဈေးကွက်အတွင်းမှာ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းနောက်ဆုံးနှစ်ကို ရောက်ရှိမှာဖြစ်ပြီး စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့လည်း ငြင်းဆိုထားတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ အူဘာမေယန်ကို အခုဇန်နဝါရီဈေးကွက်အတွင်း ရောင်းချမှာမဟုတ်ကြောင်း ပြောကြားထားပေမယ့် ကွင်းလယ်ကစားသမား ဇာကာကိုတော့ ဟာသာဘာလင်အသင်းက ခေါ်ယူဖို့ စီစဉ်နေတာကြောင့် ဆုံးရှုံးရဖွယ်ရှိနေတာဖြစ်ပါတယ်။

တိုက်စစ်မှူး အူဘာမေယန်ဟာ ကစားသမားဘဝမှာ စိန့်အက်စ်တီယန်အသင်းနဲ့အတူ ၇၃ ပွဲမှာ သွင်းဂိုး ၃၅ ဂိုး၊ ဒေါ့မွန်အသင်းနဲ့အတူ ၁၄၄ ပွဲမှာ ၉၈ ဂိုးသွင်းယူပေးခဲ့ပြီး အခုအာဆင်နယ်အသင်းမှာတော့ လက်ရှိအချိန်အထိ ၆၉ ပွဲမှာ ၄၅ ဂိုးအထိ သွင်းယူပေးထားတာလည်း ဖြစ်ပါတယ်။




## နောက်ခံလူဘင်ချီဝဲလ်ကို ပေါင်သန်း ၆၀ နဲ့ခေါ်ယူဖို့ ချယ်လ်ဆီးနဲ့ မန်စီးတီး အပြိုင်ကြိုးပမ်းလျက်ရှိ

ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ လက်စတာစီးတီးအသင်း နောက်တန်းကစားသမား ဘင်ချီဝဲလ်ကို အခု ဇန်နဝါရီဈေးကွက်အတွင်းမှာ ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဘင်ချီဝဲလ်ဟာ နည်းပြဘရန်ဒန်ရော့ဂျာရဲ့ လက်စတာစီးတီးအသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းမှာလည်း ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့် ၂ နေရာတွင် ရပ်တည်လျက်ရှိသလို အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းထားနိုင်ခဲ့တာကြောင့် အသင်းအတွက် အားထားရတဲ့ နောက်တန်းကစားသမား ဘင်ချီဝဲလ်ကို ရောင်းချဖို့အစီအစဉ်မရှိဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ကတော့ အသင်းရဲ့နောက်တန်းခံစစ်ကို အားဖြည့်ဖို့အတွက် နောက်တန်းကစားသမား ဘင်ချီဝဲလ်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ နဲ့ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

ဘင်ချီဝဲလ်ဟာ အောက်တိုဘာလအတွင်းက လက်စတာစီးတီးအသင်းနဲ့အတူ ၂၀၂၄ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံခဲ့ရတာကနေ လွတ်မြောက်လာခဲ့ပြီးနောက် ဇန်နဝါရီဈေးကွက်အတွင်းမှာ နောက်တန်းကစားသမားတစ်ဦး ခေါ်ယူမယ်လို့ နည်းပြဖရန့်လမ်းပတ်က ပြောကြားခဲ့တာဖြစ်ပါတယ်။

ငွေကြယ် – ရေးသားသည်

## ဒေးဗစ်ဘက်ခမ်းရဲ့ အင်တာမီယာမီအသင်းက ဒီယေဂိုအလွန်ဆိုကို နည်းပြအဖြစ် ခန့်အပ်

ဒေးဗစ်ဘက်ခမ်းရဲ့ အင်တာမီယာမီအသင်းဟာ အသင်းရဲ့နည်းပြအဖြစ် ဒီယေဂိုအလွန်ဆိုကို ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

အသက် ၄၄ နှစ်အရွယ်ရှိ ဥရုဂွေးနိုင်ငံသား ဒီယေဂိုအလွန်ဆိုဟာ မွန်တာရေးအသင်းအတွက် ၂၀၁၉ ကွန်ကာကပ် ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့ပေမယ့် မက္ကဆီကိုကလပ် မွန်တာရေးအသင်းက နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

ဒီယေဂိုအလွန်ဆိုဟာ မွန်တာရေးအသင်းရဲ့ပြိုင်ဘက် ရာချူကာအသင်းမှာ လေးနှစ်ကြာ နည်းပြအဖြစ် တာဝန်ယူခဲ့တာဖြစ်ပါတယ်။ မိမိတို့ရဲ့ ယဉ်ကျေးမှုနဲ့ကိုက်ညီတဲ့ နည်းပြတစ်ဦးကို ခန့်အပ်ခဲ့တာဖြစ်ကြောင်းနဲ့ အသင်းရဲ့ ပရိသတ်တွေအတွက် နိုင်ပွဲရယူဖို့ ပြင်းပြတဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်လိမ့်မယ်ဖြစ်ကြောင်း ဒီယေဂိုအလွန်ဆိုကို နည်းပြအဖြစ် ခန့်အပ်ခဲ့ပြီးနောက် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်း အားကစားဒါရိုက်တာ ပေါလ်မက်ဒိုနော့ဂျ်က ပြောကြားခဲ့ပါတယ်။ ❏



# ဇွဲကပင်တောင်တွင် တောင်တက် တောင်ဆင်းပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့ရှိ အထင်ကရဆံတော်ရှင်စေတီတော်ရှိရာ ဇွဲကပင်တောင်အား ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ပထမအကြိမ် ဇွဲကပင်တောင်တက်တောင်ဆင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်နံနက် ၇ နာရီက ဇွဲကပင်အရှေ့ခြမ်းတောင်ခြေသစ်ချွရွာမှ စတင်တာလွှတ်ခဲ့ပြီး ဇွဲကပင်အနောက်ခြမ်းဒုံရင်း၊ တော်ပုံကျေးရွာ လုမ္ဗနီဥယျာဉ်ဈေးရှေ့တွင် ပန်းဝင်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများကဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဇွဲကပင်တောင်တက်ပြိုင်ပွဲတွင် အသက် ၄၀ အောက်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၄၀ အထက်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဟူ၍ အမျိုးအစား လေးမျိုးခွဲ၍ယှဉ်ပြိုင်ခဲ့သည်။

ကရင်ပြည်နယ်၏ ကျက်သရေဆောင် ဇွဲကပင်တောင်တက်တောင်ဆင်းပြိုင်ပွဲကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရန်၊ သဘာဝတောတောင်ရေမြေထိန်းသိမ်းရေးကို သိရှိနိုင်ရန်၊ အားကစားလိုက်စားခြင်းကြောင့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းပြီး မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး နောင်နှစ်များတွင်လည်း ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်ပြိုင်ပွဲတွင် နိုင်ငံခြားသားခရီးသွားများအပါ အဝင်ပြိုင်ပွဲဝင် ၁၃၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





# မိတ္ထီလာ၌ ကိုယ်လက်လှုပ်ရှား အကနှင့် ယောဂလေ့ကျင့်ခန်းများအား လူပေါင်း ၅၀၀ ခန့် စုပေါင်းပြုလုပ်

**မိတ္ထီလာ ဇန်နဝါရီ ၁**

မိတ္ထီလာမြို့ ဓမ္မသုခရွှေစည်းခုံစေတီတော်အနီး ပြည်သူ့ရင်ပြင်တွင် ဝင်းမာလာဖက်ရှင်စတိုးမိသားစု၏ ဦးဆောင်ပံ့ပိုးကူညီမှုဖြင့် ကိုယ်လက်လှုပ်ရှား (Zumba) အကနှင့်ယောဂ လေ့ကျင့်ခန်းများကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီက လူပေါင်း ၅၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

"လူထုစုပေါင်းကျန်းမာရေးလှုပ်ရှားမှုကို ပြုလုပ်တဲ့ရည်ရွယ်ချက်က မိတ္ထီလာဒေသခံတွေအနေနဲ့ စုပေါင်းဆောင်ရွက်တတ်တဲ့အလေ့အကျင့်ကောင်းတွေနဲ့ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုခုကိုလေ့လာလိုက်စားသင့်တယ်ဆိုတဲ့အသိကို ပေးချင်လို့ပြုလုပ်တာဖြစ်ပါတယ်" ဟု အဆိုပါ စုပေါင်းကျန်းမာရေးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်သူတစ်ဦးဖြစ်သည့် ဦးအောင်ဆန်းထွန်းက ပြောသည်။

အဆိုပါ စုပေါင်းကျန်းမာရေးလှုပ်ရှားမှုတွင် ရန်ကုန်မြို့မှ အကအဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသူများက ကျန်းမာရေးကိုယ်လက်လှုပ်ရှားမှုအကများကို စုပေါင်းကကြပြီး ယောဂဆရာမစုပုံချစ်ဦးဆောင်၍ ယောဂလေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဗဟိုစံပြငါးဈေးကြီးမှ နေ့စဉ် ငါး၊ ပုစွန် ကုန်ချိန်သုံးသိန်းခန့်တင်ပို့

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ အမြို့မြို့အနယ်နယ်သို့ နေ့စဉ် ငါး၊ ပုစွန်တင်ပို့ရောင်းချမှုမှာ ပုံမှန်အားဖြင့် ကုန်ပိဿာချိန် နှစ်သိန်းသာတင်ပို့နေရာမှ ယခုအခါ ကုန်ချိန်သုံးသိန်းခန့်အထိတင်ပို့လျက်ရှိကြောင်း ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး၏နှစ်(၃၀)ပြည့် ပုလဲရတုပွဲစားဟောင်းကြီးများတွေ့ဆုံပွဲမှ သိရသည်။

"တစ်ရက်ကို ငါး၊ ပုစွန် ကုန်ချိန် နှစ်သိန်းလောက်ကတော့အနည်းဆုံး တက်ပါတယ်။ အခုတော့ပင်လယ်ကစက်လှေတွေဝင်လာတော့ ကုန်ချိန်သုံးသိန်းအထိတက်တဲ့နေ့တွေလည်းရှိတယ်။ ဒီကနေပဲ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ကျန်တဲ့ပြည်နယ်နဲ့တိုင်းဒေသကြီးက မြို့နယ်တွေအားလုံးကို ဖြန့်ဖြူးပေးနေတာပါ" ဟု ထိုတွေ့ဆုံပွဲတွင် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေးဥက္ကဋ္ဌ ဦးမြမောင်က ပြောကြားသည်။

ယခုအခါတွင် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးသို့ ငါး၊ ပုစွန်များသည် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး စသောဒေသအသီးသီးအပြင် ထိုင်းနယ်စပ် မြဝတီ၊ မဲဆောက်စသောဒေသများမှလည်း ဝင်ရောက်ကြောင်း သိရသည်။

သဘာဝနှင့် မွေးမြူရေး ငါးများဖြစ်သော ငါးမြစ်ချင်း၊ ငါးကြင်းများ အဓိကဝင်ရောက်နေပြီး ပင်လယ်ငါးအမျိုးမျိုးနှင့် သဘာဝပုစွန်နှင့် မွေးမြူရေးပုစွန်အမျိုးမျိုးလည်း ဝင်ရောက်လျက်ရှိသည်။

နေ့စဉ် ငါး၊ ပုစွန်ဝင်ရောက်မှုကုန်ချိန်သည် ရေချိုရေငန်မျိုးနှင့် သဘာဝအပြင် မွေးမြူရေး အစရှိသည်တို့မှ နေ့စဉ်ကုန်ချိန် နှစ်သိန်းကျော်မှ သုံးသိန်းအထိရှိကြောင်းကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေးအဖွဲ့မှ သိရသည်။

**မြင့်မောင်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**မုံရွာ ဇန်နဝါရီ ၁**



စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဘိလိယက်ကလပ်တို့ ပူးပေါင်းကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်အမှတ်အကျော့ပေး ဘိလိယက်နှင့် စနူကာပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မုံရွာမြို့ မြဝတီရပ်ကွက်ရှိ ဘိလိယက်ကလပ်တွင် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ဘိလိယက်ဗိုလ်လုပွဲတွင် ဦးဇော်သန်းထိုက်နှင့် ဦးပေါပေါ တို့ယှဉ်ပြိုင်ကစားရာ ဦးဇော်သန်းထိုက်က လည်းကောင်း၊ စနူကာဗိုလ်လုပွဲတွင် ဦးမင်းစည်သူထွန်းနှင့် ဦးမျိုးကိုထွေးတို့ယှဉ်ပြိုင်ကစားရာ ဦးမျိုးကိုထွေးက လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆုပေးပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် စတုတ္ထဆု၊ ရမှတ်အများဆုံးဆုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ခံညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပထမအကြိမ် ကျင်းပခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်အကျော့ပေး ဘိလိယက်နှင့် စနူကာပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်၊ အရှေ့တောင်အာရှလက်ရွေးစင်ကစားသမားများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လက်ရွေးစင်၊ မြို့နယ်လက်ရွေးစင်များနှင့် ဝါသနာရှင်ကစားသမားများပါဝင်သည့် စနူကာကစားသမား ၁၀၁ ဦး၊ ဘိလိယက်ကစားသမား ၅၆ ဦးတို့ဖြင့် ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၃၁ ရက်အထိ ၁၂ ရက်ကြာ နေ့စဉ် နံနက် ၁၀ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ်၊ ညနေ ၃ နာရီတွင် တစ်ကြိမ် တစ်ရက်လျှင် သုံးပွဲနှုန်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

# ကျိုက်မရော၌ နိုင်လွန်ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်



**ကျိုက်မရော ဇန်နဝါရီ ၁**

မွန်ပြည်နယ် ကျိုက်မရောမြို့ တိုးဂိတ်ရှေ့မှစ၍ အတ္တရံမြစ်ကမ်းနားလမ်းထိလမ်းအရှည် ၇ မိုင် ၅ ဖာလုံမှ ၉ မိုင် ၇ ဖာလုံထိ နိုင်လွန်ကတ္တရာ (AC) လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၃၁ ရက်နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်တို့က အဆိုပါလမ်းများ အဆင့်မြှင့်တင်နေသည့် နေရာများသို့ လှည့်လည်ကြည့်ရှုသည်။


ကျိုက်မရောမြို့ပေါ်ရှိ နိုင်လွန်ကတ္တရာလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကျိုက်မရောမြို့ ကမ်းနားလမ်းအထိ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း


ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိကျောက်စာများ (ဒသမတွဲ)

မြန်မာနိုင်ငံတွင် ကုသိုလ်ကောင်းမှုများကို ကျောက်စာရေးထိုး၍ မှတ်တမ်းတင်သည့်ဓလေ့ကို ပုဂံခေတ်ကတည်းကပင် တွေ့ရှိနိုင်ပေသည်။ မြန်မာနိုင်ငံ ပဒေသရာဇ်ခေတ်မှ မင်းများ၊ မိဖုရားများ၊ သားတော် သမီးတော်များ၊ မှူးမတ်များ၊ မြို့စားရွာစားများ၊ မင်းမှုထမ်းများ၊ ပြည်သူများက ဘုရား ၊ ကျောင်း၊ သိမ် ဆောက်လုပ်၍ အဆိုပါ ဘုရား၊ ကျောင်း၊ သိမ်များ သာသနာငါးထောင် တည်စေရန် အထောက်အပံ့ဖြစ်စေခြင်းငှာ ရွာ၊ မြေ၊ ထန်း၊ဥယျာဉ်နှင့်ကျွန်များကို လှူဒါန်းကြလေသည်။ ထိုကုသိုလ်ကောင်းမှုများကို နောင်လာနောက်သားများ သိရှိစေရန်လည်းကောင်း၊ လှူဒါန်းထားသည့်အရာများ ထိပါးကျူးကျော်ဖျက်ဆီးခြင်း မပြုနိုင်ရန်လည်းကောင်း၊ လှူဒါန်းသောရွာများ၏ အမည်၊ မြေများ၏ ပယ်အရေအတွက်၊ အကျယ်အဝန်း၊ အရပ်လေးမျက်နှာရှိ နယ်နိမိတ်ကျွန်းများ၏ အမည်၊ အိမ်ထောင်ရေး၊ လူဦးရေတို့ကို ကျောက်စာရေးထိုး၍ မှတ်တမ်းတင်ခဲ့ကြသည်။ ထိုသို့ မှတ်တမ်းတင်ထားသော ကျောက်စာများအနက် မန္တလေးမဟာမြတ်မုနိတံတိုင်းအတွင်းရှိ ကျောက်စာများကို ပုံနှိပ်ထုတ်ဝေခဲ့ကြရာ နဝမတွဲအထိ ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခု "မဟာတံတိုင်းအတွင်းရှိကျောက်စာများ (ဒသမတွဲ)" စာအုပ်တွင် အင်းဝခေတ် နရပတေ့မင်း၊ ရွှေနန်းကျော့ရှင် နရပတိမင်းများကာလ (ခရစ်နှစ် ၁၄၅၀-၁၅၁၁) အထိ ကျောက်စာတိုင် ၇၅ တိုင်အထိ ဖော်ပြထားသည်ကို လေ့လာဖတ်ရှုနိုင်ပါသည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ဖုန်း -၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း- ၀၆၇- ၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဖုန်း- ၀၁-၃၉၅၁၉၀၊ ၀၁-၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## ဌာနတွင်းစွမ်းရည်မြှင့်တင်ရေးအတွက်မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများအတွဲ(၃)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် မြန်မာသမိုင်းအဖွဲ့နှင့်တွဲဖက်၍ သုတေသနလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ သမိုင်းသုတေသန ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် သမိုင်းအသိပညာဖြန့်ဝေခြင်းနှင့် စာတမ်းဖတ်ကြားခြင်းကို ၂၀၁၇ ခုနှစ်မှစ၍ ကျင်းပလာခဲ့ရာ ယခု ၂၀၁၉ခုနှစ်တိုင်အောင် ရောက်ရှိခဲ့ပြီး ဌာနတွင်း စွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများအတွဲ (၁)(၂)ကို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ အတွဲ(၃)ကို ထုတ်ဝေခဲ့ပြီး မြန်မာသမိုင်းအဖွဲ့ဝင်များ၏ စာတမ်းများ(၁၂)စောင်ကို တွေ့ရမည်ဖြစ်ပြီး ယင်းစာတမ်းများမှာ စွမ်းရည်မြှင့်တင်ရေးဟုဆိုသော်လည်း မြန်မာသမိုင်းအတွက် အားကိုးအားထားပြုရလောက်သည်ဖြစ်သဖြင့် သမိုင်းသုတေသီများ၊ လေ့လာသူများ၊ ပညာရှင်များ လက်မလွှတ်စတမ်း ဖတ်ရမည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော်၊ ဖုန်း -၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း -၀၆၇- ၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဖုန်း ၀၁-၃၉၅၁၉၀၊ ၀၁-၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။





## ကုန်းဘောင်အလွန် (ပေါင်းချုပ်)

စာရေးသူ မောင်သန်းဆွေ(ထားဝယ်)စီစဉ်ရေးသားသည့် ကုန်းဘောင်အလွန်(ပေါင်းချုပ်) စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကုန်းဘောင်ခေတ်အလွန် မြန်မာ့သမိုင်းကို နှစ်ပေါင်းများစွာ စူးစိုက်လေ့လာ သုတေသနပြု၍ မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင်ဖြစ်သော သီပေါမင်း ပါတော်မူပြီးနောက် တိမ်မြုပ်ပျောက်ကွယ်သွားသော မြန်မာ့သမိုင်းအပိုင်းအစများကို တစ်စချင်း ရှာဖွေပြုစုထားသော ကုန်းဘောင်အလွန် (ပ)(ဒု)(တ)သုံးအုပ်ကို ပေါင်းချုပ်ထားသော စာအုပ်ဖြစ်သဖြင့် မြန်မာ့သမိုင်းလေ့လာလိုသူများ ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို နန်းဒေဝီစာပေ အမှတ်-၂၀၀(ပထမထပ်) ၃၆ လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁ - ၈၃၈၃၀၂၅နှင့် ၀၁ - ၈၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ဖြင့် ဖြန့်ချိသည်။




## သဘာဝနည်းဖြင့် ကင်ဆာရောဂါလက်တွေ့ကုသနည်း

စာရေးသူ ဦးသန်းဝင်း(အာဆီယံအင်ဂျင်နီယာ) စီစဉ်ရေးသားသည့် သဘာဝနည်းဖြင့် ကင်ဆာရောဂါ လက်တွေ့ကုသနည်းစာအုပ် ထွက်ရှိလာသည်။

သဘာဝနည်းဖြင့် ကင်ဆာရောဂါလက်တွေ့ကုသနည်းတွင် သဘာဝအသီးအနှံပစ္စည်း ခုနစ်မျိုးဖြစ်သည့် ယိုးဒယားပန်းသီးအလုံးကြီး၊ စပါးလင်၊ ကညွတ်၊ သဘော်ရွက်၊ မုန်လာဥနီ၊ နဂါးမောက်သီးနှင့် စပျစ်သီးတို့ဖြစ်ပြီး စပျစ်သီးအပြင် တွဲဖက်အသီးအနှံအဖြစ် ကီဝီသီး၊ ထောပတ်သီး၊ မင်းဂွတ်သီးနှင့် စတော်ဘယ်ရီသီး လေးမျိုးကိုပါ စားသုံးနိုင်ကြောင်း ရေးသားထားသည်။

စာအုပ်ကို ရွှေရည်ဦးစာပေ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ ကွန်ဒိုအမှတ် (3B) အခန်းအမှတ်(603) ရတနာလမ်းမကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉ ၄၃၀၆၆၃၃၁နှင့် ၀၉ ၅၀၇၀၁၅၇ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။




## လောကနီတိ စာဥယျာဉ် (ပဥ္စမတွဲ)

စာရေးသူ ယုဇန(ကျောက်ဖြူ) စီစဉ်ရေးသားသည့် လောကနီတိ စာဥယျာဉ် (ပဥ္စမတွဲ)စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရတနာသုံးပါးဦးထိပ်ထား၊ သုတကြွယ်ဘိ လောကနီတိ၊ ပျက်သုဉ်းခြင်းလမ်းစ၊ အကြောင်းကံနှင့်အကျိုးတရား၊ ပျော်ရာမှာမနေ တော်ရာမှာနေ၊ မနေသင့်က ရှောင်ခွာကြ၊ ကြီးပွားလိုလျှင် ရဲတင်းပါ၊ လုံ့လနည်းလျှင် ပျက်စီးတတ်၊ ကံကိုချည်းသာမကိုးရာ စသည့်စိတ်ဝင်စားဖွယ်များနှင့် အမှားတွေ့တတ်သည့်ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ် နုနယ်သူများအတွက် ဘဝလမ်းညွှန်ဖြစ်သည့်သင်ခန်းစာများကို ရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။





## အသက်အာမခံအကြောင်းသိကောင်းစရာများ

စာရေးသူဝီလျှံအောင် စီစဉ်ရေးသားသည့် အသက်အာမခံအကြောင်းသိကောင်းစရာများ စာအုပ်ထွက်ရှိလာသည်။

အသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ ထာဝရမသန်စွမ်းအာမခံကို အသုံးပြု၍ ငွေကြေးစီမံခန့်ခွဲမှုတစ်ရပ်ပြုလုပ်ရန် အာမခံ၏ အခန်းကဏ္ဍအား မြှင့်တင်ဖို့ရာလိုအပ်လာပြီဖြစ်သည်။ ၂၀၂၀တွင် ရာနှုန်းပြည့် နိုင်ငံခြားသားပိုင်ဆိုင်သော အသက်အာမခံ ကုမ္ပဏီကြီး ငါးခု၊ နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားပိုင် ဖက်စပ်အသက်အာမခံကုမ္ပဏီကြီးသုံးခု၊ နိုင်ငံသားပိုင် ပုဂ္ဂလိက အသက်အာမခံကုမ္ပဏီရှစ်ခုနှင့် နိုင်ငံပိုင်မြန်မာ့အာမခံတို့သည် ကျယ်ပြန့်ကြီးမားသော မြန်မာနိုင်ငံ အသက်အာမခံဈေးကွက်ကို ဝင်ရောက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ အမှတ်-၁၃၊ ၃၈-လမ်း ပလာဇာဈေးသစ် ဆိပ်ကမ်းသာလမ်း ရန်ကုန်မြို့ ဖုန်း-၀၉-၇၈၆၈၃၇၃၀၅နှင့် ၀၉-၉၆၃၆၉၉၈၃၄ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။




## Some Selected MYANMAR HISTORICAL STORIES

Dr. Saw Mra Aung, U Tun Myint Aung & Daw Khin Pyae Pyae Phyo တို့စီစဉ်ရေးသားသည့် Some Selected MYANMAR HISTORICAL STORIES စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပျူ၊ မွန်၊ ရခိုင်၊ ဗမာစသည့် လူမျိုးတို့၏ သမိုင်းကြောင်း၊ နောက်ခံတချို့ကို ပုံပြင်ပုံစံ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်။ ပျူ၊ မွန်၊ ရခိုင်၊ ဗမာဘုရင်များနှင့် တခြားထင်ရှားသော ပညာရှင်များ၊ ရဟန်းတော်များ၏ နိုင်ငံထူထောင်ရေးနှင့် ဘာသာရေးစွမ်းဆောင်မှုများကို သမိုင်းစဉ်အလိုက်ရေးသားထားသည်။ သို့ဖြစ်၍ သမိုင်းသုတေသီများ၊ ကျမ်းပြုပုဂ္ဂိုလ်များ၊ သမိုင်းလေ့လာလိုသူများ၊ ခရီးသွားလမ်းညွှန်များအတွက် လက်ကိုင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို စာပေဗိမာန်၊ ရာပြည့်၊ အင်းဝနှင့် စာပေလောက စာအုပ်ဆိုင်များတွင် တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူနိုင်သည်။




## စီးပွားရေးလုပ်ငန်းကို မဟာဗျူဟာမြောက်စီမံခန့်ခွဲခြင်း

အောင်မြင်သောဘဝကိုဖန်တီးနိုင်စေရန် စာရေးသူ ဒေါက်တာအေးကျော် စီစဉ်ရေးသားသည့် စီးပွားရေးလုပ်ငန်းကို မဟာဗျူဟာမြောက်စီမံခန့်ခွဲခြင်း စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဟာဝဲ့ရှနှင့် စတားဘတ်ကော်ဖီ အတ္ထုပ္ပတ္တိ၊ ဈေးကွက်စီမံရေးပညာ၏ဖခင်ကြီး ဖိလစ်ကော့တလာ၊ ဈေးကွက်စီးပွားရေးရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဈေးကွက်စီမံခန့်ခွဲခြင်း မဟာဗျူဟာလုပ်ငန်းစဉ်(၄)ဆင့်၊ ဈေးကွက်ကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဈေးကွက်မဟာဗျူဟာချမှတ်ခြင်း၊ ဈေးကွက်အစိတ်အပိုင်းများကို အကဲဖြတ်ပြီး ပစ်မှတ်ရွေးချယ်ခြင်း စသည့်စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သည်များကို ရေးသားထားသည်။

စာအုပ်ကို ဘဝတက်လမ်းစာပေ ဂျီ-၁၁ တော်ဝင်လုံးချင်းအိမ်ရာ ၄၁-တိုးချဲ့ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၃၇၅၂၆နှင့် ၀၉ ၄၂၅၂၈၉၀၃၁တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

# ဆရာ ဆရာမများအတွက် အစဉ်ထွန်းလင်းနေမည့် ပညာတန်ဆောင်

အောင်ခိုင်မြင့် (ပညာရေး)

(၁)

"ပညာ၊ သမာ၊ အာဘာ၊ နတ္ထိ" သည် ပညာတန်ဆောင် မဂ္ဂဇင်း၏ ဆောင်ပုဒ်ဖြစ်သည်။ ပညာနှင့်တူသော အလင်းရောင်ဟူသည် မရှိဟု အဓိပ္ပာယ်ရပါသည်။ ပညာတန်ဆောင်သည် ပညာရေးမဂ္ဂဇင်း တစ်စောင်ဖြစ်သည်။ ဆရာ ဆရာမများ အားထားရမည့် မဂ္ဂဇင်းဖြစ်သည်။ ပညာရေးဆိုင်ရာ လေ့လာသူများ ကိုးကားမှီငြမ်းရာ မဂ္ဂဇင်းလည်းဖြစ်သည်။ ပညာရေးကလောင်သစ်များ မွေးထုတ်ပေးသည့် မဂ္ဂဇင်းလည်းဖြစ်သည်။ ကျောင်းသား ကျောင်းသူများလည်း ပါဝင်ရေးသားကြသည်။ မဂ္ဂဇင်းသက်တမ်း (၆၈)နှစ်တာ ကာလအတွင်း ပညာရေးအစဉ်အလာနှင့် ပညာရေးသမိုင်းကြောင်းများကို ဖော်ပြပေးနိုင်ခဲ့သည်။ နိုင်ငံတော်၏ သမိုင်းအစဉ်အလာများကိုလည်း ဖော်ပြပေးနိုင်ခဲ့၏။ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ငုပ်လျှိုးနေသော စာပေယဉ်ကျေးမှုစွမ်းရည်များကိုလည်း နှိုးဆွဖော်ထုတ်ပေးနိုင်ခဲ့၏။ ထို့ကြောင့် ပညာတန်ဆောင် မဂ္ဂဇင်းကို "သက်ကောင်းရှည် မဂ္ဂဇင်း"ဟု အမည်နာမပေးခဲ့ကြသည်။

(၂)

ပညာတန်ဆောင် မဂ္ဂဇင်းကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့သည်။ ယနေ့တိုင် ပြတ်တောက်မှု မရှိခဲ့ပေ။ ကမကထပြု၍ ဦးဆောင်ထုတ်ဝေခဲ့သူက အငြိမ်းစားလက်ထောက်ပညာမင်းကြီး ဦးထွန်းအောင် (ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ အောင်မြင့်ဦး၏ အဘိုး)ဖြစ်သည်။ ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက် ၅ ချက်ရှိသည် –

(က) နိုင်ငံတော်က ချမှတ်ထားသော ကျောင်းတွင်း၊ ကျောင်းပြင် အခြေခံပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်။

(ခ) အခြေခံပညာ ဆရာ ဆရာမများ၏ အရည်အသွေးနှင့်သင်ကြားမှုစွမ်းရည်တိုးတက်လာစေရေး၊ ဆရာ ဆရာမများအား ခေတ်မီပညာရေး အတွေးအခေါ် ပညာရေးသဘောတရားနှင့် လက်တွေ့လုပ်ငန်းများအပေါ် အကျွမ်းတဝင် ရှိစေရေးအတွက် အထောက်အကူပြုရန်။

(ဂ) အခြေခံပညာရေးဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၏ အရည်အသွေးမြင့်မားလာစေရေးအတွက် အထောက်အကူပြုရန်။

(ဃ) အခြေခံပညာရေးဆိုင်ရာ ကျောင်းတွင်း၊ ကျောင်းပြင်ပ သင်ကြားမှု၊ သင်ယူမှု အခြေအနေ တိုးတက်လာစေရေး၊ ဖွံ့ဖြိုးလာစေရေး အတွက် ဆောင်ရွက်ရသော ပညာရေး သုတေသနလုပ်ငန်းများကို အထောက်အကူပြုရန်။

(င) အခြေခံပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော် အဖွဲ့အစည်းများနှင့် အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်သွားရန်။


ဟူ၍ ဖြစ်ပါသည်။ ဤရည်မှန်းချက်များ အောင်မြင်စေရေးအတွက် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ပထမဦးဆုံး အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| (က) ဦးသန့် | (ထိုစဉ်) အတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန (နောင်အခါ အထွေထွေအတွင်းရေးမှူးချုပ် ကမ္ဘာ့ကုလသမဂ္ဂ) | ဥက္ကဋ္ဌ |
| (ခ) ဦးဘိုးသုန် | လက်ထောက်ပညာမင်းကြီး | အဖွဲ့ဝင် |
| (ဂ) ဦးဘဘွား | ကျောင်းအုပ်ကြီး နိုင်ငံတော်ဆရာအတတ်သင်သိပ္ပံ | အဖွဲ့ဝင် |
| (ဃ) ဦးရွှေဖုန်းရင် | ကျောင်းအုပ်ကြီး ပုဇွန်တောင် မြူနီစီပယ် | အဖွဲ့ဝင် |
| (င) ဦးထွန်းအောင် | အထူးအရာရှိ မသင်မနေရ မူလတန်းပညာရေး | အမှုဆောင် |

အစဉ်အလာကြီးမားပြီး အမြော်အမြင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့ အဆက်ဆက်၏ စီမံကွပ်ကဲကြီးကြပ်မှု ကောင်းမွန်သောကြောင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ပညာရေးအသိစိတ်ဓာတ်ဖြင့် စဉ်ဆက်မပြတ် ကူညီထောက်ပံ့ပေးမှုတို့ကြောင့်လည်းကောင်း ပညာတန်ဆောင် မဂ္ဂဇင်း (၆၈)နှစ်တိုင်တိုင် မယိုင်မလဲဘဲ ဆက်တိုက်ထုတ်ဝေ ဖြန့်ချိပေးနိုင်ခဲ့သည်။ ယခုအခါတွင် ပညာတန်ဆောင် မဂ္ဂဇင်းသာမက အလယ်တန်းပြဆရာ ဆရာမများအတွက် မျှော်မှန်းလျက် " မြတ်ဆရာစာစောင် " ကိုလည်းကောင်း၊ အထက်တန်းပြ ဆရာ ဆရာမများအတွက် ရည်ရွယ်လျက် "မြတ်ပညာမဂ္ဂဇင်း" ကိုလည်းကောင်း တိုးချဲ့ထုတ်ဝေနိုင်ခဲ့ပြီး အခြေခံပညာ ကျောင်းတိုင်းသို့ ဖြန့်ချိပေးနိုင်ခဲ့သည်။ ဤသို့ ဆောင်ရွက်နိုင်ရန် ၁၉၅၂ ခုနှစ်မှ ယနေ့တိုင် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဝင် တာဝန်ယူ ကြီးကြပ်ပေးသည့် ဥက္ကဋ္ဌကြီးများကိုလည်း ဂုဏ်ပြုဖော်ပြအပ်ပါသည် –

| | | |
|---|---|---|
| (က) သီရိပျံချီစည်သူ ဦးသန့် | အတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန | ၁၉၅၂ မှ ၁၉၅၇ ထိ |
| (ခ) ဦးမြင့် | ပါလီမန်အတွင်းဝန် | ၁၉၅၇ မှ ၁၉၆၃ ထိ |
| (ဂ) ဝဏ္ဏကျော်ထင် ဦးဘဖေ | လက်ထောက်ပညာမင်းကြီး | ၁၉၆၄ မှ ၁၉၆၅ ထိ |
| (ဃ) ဝဏ္ဏကျော်ထင် ဦးကွန်း | ဌာနမှူး ပညာရေးမဟာဌာန ရန်ကုန်တက္ကသိုလ် | ၁၉၆၆ မှ ၁၉၇၂ ထိ |
| (င) ဦးရွှေဖုန်းရင် | ကျောင်းအုပ်ကြီး ဆရာအတတ်သင်သိပ္ပံ ရန်ကုန် | ၁၉၇၂ ဒီဇင်ဘာထိ |
| (စ) ဦးအေးမောင် | ညွှန်ကြားရေးမှူး(ငြိမ်း) ပညာညွှန်ကြားရေးဝန်ရုံး | ၁၉၇၃ ဇူလိုင်ထိ၊ ၁၉၈၂ မှ ၁၉၈၅ |
| (ဆ) ဦးစံမြင့် | ပါမောက္ခချုပ် (ငြိမ်း) ပညာရေးတက္ကသိုလ် ရန်ကုန် | ၁၉၇၃ မှ ၁၉၈၂ ထိ |
| (ဇ) ဝဏ္ဏကျော်ထင် ဦးဘိုးသွယ် | ကထိက(အငြိမ်းစား) | ၁၉၈၆ မှ ၁၉၈၉ ထိ |
| (ဈ) တက္ကသိုလ်ထင်ကြီး | ညွှန်ကြားရေးမှူး(ငြိမ်း) အခြေခံပညာဦးစီးဌာန | ၁၉၈၉ မှ ၁၉၉၉ |
| (ည) ဒေါက်တာသန်းဦး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အခြေခံပညာဦးစီးဌာန | ၁၉၉၉ မှ ယနေ့ထိ |

အထက်ဖော်ပြပါ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကလည်း ပညာတန်ဆောင်မဂ္ဂဇင်း၏ ပုံရိပ်ကို ပိုမိုထွန်းလင်း တောက်ပြောင်စေခဲ့ပါသည်။ ဆရာကြီးများ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပညာတန်ဆောင်စာစောင်တွင် အောက်ပါအချက်များ ဖော်ပြပေးလျက်ရှိပါသည်–



မြန်မာ့ယဉ်ကျေးမှု သီတင်းကျွတ်ပွဲတော်နှင့်ကန်တော့ဆရာများနေ့ကို ဂုဏ်ပြုပါသည်။

- နိုင်ငံတော်အကြီးအကဲများ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များ
- ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုများ
- ဆရာ့ဘဝ၊ ဆရာ့အလှ၊ ဆရာ့သိက္ခာဆိုင်ရာ ဆောင်းပါးများ
- သင်ရိုးညွှန်းတမ်းဆိုင်ရာ အသိပညာပေး ဆောင်းပါးများ
- ပညာရေးသဘောတရား၊ စိတ်ပညာနှင့် သင်ပြနည်းဆိုင်ရာ ဆောင်းပါးများ
- ကလောင်ဟောင်း၊ ကလောင်သစ် ဆရာ ဆရာမ၏ ဝတ္ထု၊ ကဗျာများ
- ကျောင်းသား လူငယ်များ၏ စာစီစာကုံးနှင့် အတွေးအမြင် ဖော်ပြချက်များ
- ဘာသာရပ်ဆိုင်ရာ သိကောင်းစရာအချက်များ
- နိုင်ငံတကာ ပညာရေးဗဟုသုတများ
- ပန်းချီနှင့် ကာတွန်းများ
- ပြင်ပ ပညာရေး ပညာရှင်များနှင့် နာမည်ရ စာရေးဆရာများ၏ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ၊ အခန်းဆက်ဝတ္ထု၊ ဆောင်ပါးများကို ဖော်ပြပေးလျက်ရှိပါသည်။

ပညာရေးအထူးစာစဉ်အဖြစ် ပညာရှင်ကြီးများ၏ ထုတ်ဝေဖြန့်ချိပြီး ဝတ္ထု၊ ဆောင်းပါးများကိုလည်း နှစ်စဉ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေလျက်ရှိပါသည်။ ပညာတန်ဆောင်စာကြည့်တိုက်တွင်လည်း စာအုပ်ပေါင်း ၃၀၂၀၆ အုပ်ကို စနစ်တကျထားရှိပြီး ရည်ညွှန်းကိုးကားစာကြည့်တိုက်အဖြစ် သီးသန့်ထားရှိကာ သုတေသီများ၊ စာတမ်းရှင်များ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကလောင်သစ်များကို မွေးထုတ်လေ့ကျင့်ပေးသည့်အနေဖြင့် နှစ်စဉ် စာပေပြိုင်ပွဲအမျိုးအစား (၈)မျိုးကိုကျင်းပကာ ဆုများရွေးချယ် ချီးမြှင့်ပေးလျက်ရှိပါသည်။

(က) ဆောင်းပါးပြိုင်ပွဲ (ယခုနှစ်ပေးသည့် အကြောင်းအရာမှာ စာကြည့်တိုက်ယဉ်ကျေးမှု)
(ခ) မြန်မာကဗျာရေးဖွဲ့ပြိုင်ပွဲ
(ဂ) စာစီစာကုံး (မူတန်းအထက်ဆင့်)ပြိုင်ပွဲ
(ဃ) ဘာသာပြန်ပြိုင်ပွဲ (ယခုစာပိုဒ်မှာ Beat the Plastic Pollution)
(င) ဦးသန်းညွှန့်စာပေဆု (ဝတ္ထုလတ်)ပြိုင်ပွဲ
(စ) ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ
(ဆ) တစ်မျက်နှာ ဝတ္ထုတိုပြိုင်ပွဲ
(ဇ) မူလတန်းအဆင့်သင်ထောက်ကူ ကားချပ်ပြိုင်ပွဲတို့ ဖြစ်သည်။

ထူးခြားသည့် အစီအစဉ်များအနေဖြင့် တော်ဝင်မိသားစုဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ခြင်း (မူ၊ လယ်၊ ထက်) ပြိုင်ပွဲများကို တတိယအကြိမ်အထိ ပြုလုပ်ပေးနိုင်ခဲ့ခြင်း။

INGO များနှင့် ပူးတွဲလျက် EXCEL Project နှင့် ECCD Project များကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မူလတန်းကြို ဆရာဖြစ်သင်တန်း(တစ်လ)ကို ယနေ့တိုင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ပညာတန်ဆောင်အဖွဲ့အနေဖြင့် ပညာရေးကို ကိုယ်နိုင်သည့်နေရာမှ တာဝန်ထမ်းဆောင်ပေးလျက်ရှိပါသည်။

(၃)

သို့ဖြစ်ပါ၍ ပညာတန်ဆောင်သည် ပညာရေးအစဉ်အလာအားဖြင့်လည်းကောင်း၊ သမိုင်းအစဉ်အလာအားဖြင့်လည်းကောင်း၊ စာပေအစဉ်အလာအားဖြင့်လည်းကောင်း၊ ၁၉၅၂ ခုနှစ်မှသည် ယနေ့(၆၈) နှစ်တိုင် ဆရာ ဆရာမများ အားကိုးအားထားပြုရာ မဂ္ဂဇင်းတစ်စောင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထိုသို့ ရပ်တည်နိုင်စေရန် ကူညီထောက်ပံ့မှုပေးပါသော ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအား လည်းကောင်း၊ အသက်အရွယ်နှင့် ကျန်းမာရေးကို မထောက်မငဲ့ဘဲ ပညာရေး၏အကျိုးကို ရှေးရှုကြီးကြပ် ဦးဆောင်မှုပေးခဲ့ပါသော အုပ်ချုပ်ရေးအဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများအား လည်းကောင်း၊ ကလောင်ဟောင်း၊ ကလောင်သစ်စာပေပညာရှင်များအားလည်းကောင်း၊ အစဉ်အမြဲအားပေး ဖတ်ရှုနေကြပါသော ဆရာ ဆရာမအားလုံးနှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိ ဂါရဝပြုပါကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သည့် (၆၈)နှစ်မြောက် ပညာတန်ဆောင် မွေးနေ့မှသည် ကမ္ဘာတည်သည်အထိ ဆက်လက်ရှင်သန်နေပါစေ၊ ဆရာများအတွက် အစဉ်ထွန်းလင်း တောက်ပနေပါစေဟု ဆုမွန်တောင်းအပ်ပါသည်။ ။

## သီပေါ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်မှုဖြင့် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက အမှတ် (၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ (သီပေါ)မှ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် တပ်ဖွဲ့ဝင်များသည် မန္တလေး–သီပေါ–လားရှိုး–မူဆယ် ပြည်ထောင်စုလမ်းမကြီး ပြည်သူ့ဆေးရုံရှေ့နှင့် မိုင်းပွန်လမ်းတို့၌ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်စေရန် အသိပညာပေးဆောင်ရွက်ခဲ့သည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဆောင်ရွက်ရာတွင် ဆိုင်ကယ်ဖြင့် နှစ်ဦးထက်ပို၍ တင်ဆောင်သွားလာခြင်း မပြုရေး၊ ဆိုင်ကယ်စီးဦးထုပ်ဖြင့် စနစ်တကျ မေးသိုင်းကြိုး တပ်ဆင်စီးနင်းရေး၊ လမ်းပြောင်းပြန် မောင်းနှင်ခြင်းမပြုရေး၊ ယာဉ်နှစ်ထပ်ရပ်နားခြင်း မပြုရေး၊ ယာဉ်ရပ်နားရန် နေရာမဟုတ်သည့် နေရာများတွင် ယာဉ်ရပ်နားခြင်းမပြုရေး၊ ယာဉ်နှင့်သက်ဆိုင်သည့် နံပါတ်ပြားများ တပ်ဆင်ထားရှိရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်သည့် မော်တော်ယာဉ်ဥပဒေသစ်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးတို့ကို ပညာပေးဆွေးနွေးပြီး ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များ ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်း( သီပေါ)

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုထီပေါက်စဉ်

(၁၁) ကြိမ်မြောက် ကျပ်ငွေ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ (၁) ရက်နေ့

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဂ - ၂၀၄၅၈၈

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဏ - ၉၅၄၆၂၅

## ဆုကြီးတစ်ဆုစီရ ကျပ်သိန်း(၅၀၀၀)ဆုများ

တယ - ၁၁၁၉၃၈ ဒ - ၇၅၇၇၈၇

### ဆုကြီးတစ်ဆုစီရ ကျပ်သိန်း(၂၀၀၀)ဆုများ

ပ - ၂၁၀၉၀၇
ဃ - ၂၇၂၉၈၇
ဝ - ၆၉၃၉၆၆
ထ - ၇၉၉၀၉၇

### ဆုကြီးတစ်ဆုစီရ ကျပ်သိန်း(၁၀၀၀)ဆုများ

| | |
|---|---|
| ဏ - ၁၀၆၇၂၉ | ခ - ၇၉၄၀၄၄ |
| ဆ - ၂၄၁၆၆၆ | ဝ - ၈၀၅၉၃၀ |
| ဆ - ၄၅၀၈၉၄ | ထ - ၈၃၀၀၈၆ |
| ထဝ - ၅၈၀၀၉၈ | ဓ - ၉၂၈၈၂၀ |

### ဆုကြီးတစ်ဆုစီရ ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| မ - ၁၀၄၄၄၅ | ရ - ၄၁၅၆၆၉ |
| ပ - ၈၃၇၁၀၅ | ဏ - ၄၃၀၉၁၅ |
| ဒ - ၁၄၀၆၆၂ | ဏ - ၄၈၇၂၇၁ |
| ဗ - ၁၅၈၉၉၈ | ဏယ - ၆၄၂၇၅ |
| ဆ - ၉၁၅၈၄၀ | ထ - ၇၂၈၁၉၉ |
| ယ - ၉၅၆၃၉၆ | ဘ - ၈၀၀၈၅၇ |
| ဝ - ၇၇၇၇၇၉ | ဌ - ၈၂၇၇၀၀ |
| ထင - ၃၈၅၁၃၉ | ဃ - ၈၅၉၉၀၄ |
| စ - ၄၀၅၂၈၆ | ရ - ၉၅၂၆၀၄ |

### ဆုတစ်ဆုစီရ ကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| ယ - ၁၀၀၄၆၈ | ည - ၇၂၈၇၇၂ | င - ၆၁၀၉၉၇ |
| ခ - ၁၂၄၆၂၇ | ဌ - ၇၇၀၆၉၇ | ယ - ၆၆၂၈၂၀ |
| ထ - ၁၂၄၉၄၆ | ဝ - ၇၇၂၈၈၅ | ထခ - ၇၀၈၅၀၈ |
| ဏယ - ၁၅၄၀၇၇ | စ - ၇၈၅၂၀ | ယ - ၇၇၇၇၈၀ |
| ဆ - ၂၀၆၄၈၆ | ထ - ၈၇၀၅၄၆ | ဘ - ၈၄၂၈၇၇ |
| ဆ - ၂၄၆၄၄၀ | စ - ၇၉၇၂၄၄ | ပ - ၈၄၄၇၈၂ |
| ဓ - ၂၈၈၂၅၇ | ဓ - ၅၈၄၆၂ | ည - ၉၄၀၇၈၄ |
| ဌ - ၃၀၁၉၇၅ | ထ - ၅၀၉၉၀၅ | |

### ဆုတစ်ဆုစီရ ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ထ - ၁၂၈၂၈၀ | ဏယ - ၃၉၅၂၀၈ | ထင - ၆၇၅၇၇၇ |
| ဆ - ၁၇၉၉၉၈ | စ - ၄၁၇၇၇၂ | ည - ၆၅၉၈၇၅ |
| ဝ - ၁၄၁၇၅၈ | န - ၄၇၈၈၇၉ | ဓ - ၇၉၀၁၈၇ |
| ထ - ၁၅၀၆၈၈ | ယ - ၅၉၀၉၆၅ | မ - ၇၉၈၂၂၉ |
| ဝ - ၁၈၄၉၄၀ | ဆ - ၅၈၇၀၅၀ | ဝ - ၇၇၂၅၇၀ |
| ဘ - ၂၅၅၀၁၉ | စ - ၅၈၉၉၁၀ | ဓ - ၈၀၂၂၂ |
| န - ၂၇၂၈၉၉ | ဆ - ၆၀၀၉၁၀ | ထ - ၈၆၇၅၉၈ |
| ထ - ၂၇၉၂၈၂ | ဌ - ၆၀၅၉၉၉ | ရ - ၈၉၅၂၈၇ |
| ဋ - ၃၀၆၉၀၅ | ထ - ၆၂၈၂၉ | ဝ - ၉၀၀၆၈၂ |
| ထ - ၃၇၈၇၂၆ | ဋ - ၆၇၅၀၅၂ | ပ - ၉၆၆၇၈၀ |

### ဆုတစ်ဆုစီရ ကျပ်သိန်း(၅၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဒ - ၁၁၃၈၀၅ | ထ - ၂၂၅၀၈ | ဋ - ၄၈၂၂၇၀ | ဘ - ၆၇၅၀၇၇ | ဃ - ၇၅၂၂၇၈ | ထ - ၉၅၀၅၇၅ |
| ဆ - ၁၀၀၅၂၈ | စ - ၂၉၂၉၄ | ကခ - ၄၈၉၅၈၅ | ယ - ၆၇၅၅၇၇ | န - ၇၉၆၅၂၈၀ | |
| ဓ - ၁၁၀၈၀၈ | ရ - ၃၀၀၈၀၅၂ | ဝ - ၄၉၈၉၉၇ | ဓ - ၇၀၇၅၉၈ | ဝ - ၇၅၂၈၈၉ | |
| ကထ - ၁၂၉၃၄၈ | ဝ - ၃၀၇၀၉၉ | ပ - ၆၂၅၉၈၀ | စ - ၇၇၇၇၅၈ | ခ - ၈၇၉၉၉၇ | |
| ထ - ၁၃၅၀၄၈ | ထ - ၃၄၄၄၀၄ | ကဝ - ၆၇၂၀၆၈ | ဘ - ၇၂၂၄၈၂ | ထ - ၈၆၂၇၇၂ | |
| ခ - ၁၄၉၉၇၈ | ထ - ၃၅၀၈၉၂ | ဆ - ၆၉၅၂၉ | ည - ၇၉၆၅၉၅ | ဆ - ၉၁၀၀၅၀ | |

### ဆုတစ်ဆုစီရ ကျပ်သိန်း(၂၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ထ - ၁၂၈၀၀၀ | င - ၂၆၉၅၇၇ | ဝ - ၄၄၄၆၈၉ | ဏ - ၆၈၃၁၅၆ | ကခ - ၈၂၄၇၅၉ | ဏ - ၉၉၆၂၇၉ |
| ကဝ - ၁၃၆၈၀၅ | စ - ၃၂၀၀၁၂ | ခ - ၄၅၁၂၇၉ | ဏယ - ၆၈၆၆၀ | ဒ - ၈၄၅၈၄၆ | |
| ဒ - ၁၈၄၄၅၆ | ဃ - ၃၉၂၉၁၂ | မ - ၄၆၉၅၅၅ | ဋ - ၆၅၆၄၆ | မ - ၈၈၂၆၀ | |
| ည - ၁၉၈၈၉၄ | စ - ၃၉၂၇၄ | ဆ - ၄၇၅၂၈ | ထ - ၆၇၀၈၀ | ရ - ၈၈၄၁၈၆ | |
| စ - ၂၁၈၀၀၅ | ထ - ၄၁၈၀၁၂ | ဝ - ၄၉၈၀၃၀ | စ - ၆၇၀၈၉၀ | ပ - ၉၇၅၇၇၈ | |
| ခ - ၂၄၇၇၂၈ | ဂ - ၄၇၉၀၈၂ | ခ - ၅၉၅၀၆၀ | ဒ - ၆၈၉၉၂၄ | ထ - ၉၈၀၅၇၅ | |

[illegible] ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဓ - ၁၀၇၀၂၇ | ဋ - ၂၆၇၇၇၀ | ရ - ၄၀၉၀၀၇ | ဏ - ၇၆၂၆၁ | ယ - ၈၂၇၇၄ | ဏ - ၉၁၀၇၆၈၁ |
| ပ - ၀၂၈၈၇ | ဝ - ၂၈၉၄၂၈ | ဓ - ၄၂၈၂၇၀ | ဏ - ၆၀၇၀၉၀ | ဓ - ၈၉၆၇၂၆ | ဓ - ၉၉၈၇၀၀ |
| ဃ - ၀၂၈၈၉၀ | ဓ - ၃၀၉၉၅၁ | ဆ - ၄၄၂၈၀ | ဓ - ၆၇၇၄၀၀ | ဏ - ၈၅၇၀၀၈ | |
| ရ - ၁၆၈၀၇၁ | ဏဓ - ၃၅၂၉၅၁ | ဝ - ၄၅၀၇၄၉ | င - ၆၅၇၈၇၀ | ပ - ၈၆၇၄၂၅ | |
| ဆ - ၁၈၁၁၂၅ | င - ၃၀၅၉၂၀ | ဃ - ၅၂၅၈၆၅ | င - ၇၁၈၅၀၄ | ပ - ၈၆၇၄၂၈ | |
| ဠ - ၂၂၉၀၀၄ | ဓ - ၃၀၂၁၉၀၄ | ဓ - ၅၀၉၀၇၁ | ဏ - ၇၂၀၄၆၄ | ဏဓ - ၈၈၈၀၀၄ | |

[illegible] ဆုမဲစနစ်

[illegible] ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ဏ - ၁၀၉၉၇ | ဏ - ၄၅၈၀၅ | ရ - ၇၃၀၀၉ |
| ဏဓ - ၂၂၈၆ | ယ - ၄၉၅၉၀ | ယ - ၈၁၄၄၆ |
| ဝ - ၂၇၈၈၅ | ဆ - ၅၇၁၂၈ | ဓ - ၉၈၅၀၀ |
| ဏ - ၂၈၀၇၂ | ဏင - ၅၈၈၈၃ | |
| ဓ - ၂၈၈၂၀ | ဏ - ၅၉၃၀၄ | |
| ဓ - ၃၃၄၂၈ | ဘ - ၆၂၅၅ | |

အထူးဆုဒ် ... ကျပ်(၃)သိန်း [illegible]

[illegible] ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဏ - ၀၄၂၉ | ဓ - ၀၆၇၉ | ဃ - ၆၇၀၁၁ |
| ဏဓ - ၁၄၅၈ | ဋ - ၃၆၃၁ | ဓ - ၇၂၈၆ |
| ဓ - ၀၅၅၅ | ဏ - ၄၄၇၇ | ဝ - ၇၆၇၇ |
| ပ - ၁၅၇၆ | ဆ - ၄၉၆၅ | ဋ - ၉၀၉၂ |
| ဏဃ - ၀၆၂၉ | ဏဃ - ၆၀၀၀ | ဃ - ၉၄၂၈ |

အထူးဆုဒ် ... ကျပ်(၂)သိန်း [illegible]

[illegible] ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ဓ - ၁၆၅ | ဓ - ၄၄၅ | ဝ - ၆၀၄ |
| ဓ - ၁၉၆ | ဝ - ၄၆၃ | ရ - ၇၇၆ |
| ဃ - ၂၅၀ | ဏ - ၄၀၈ | ဏဏ - ၈၄၂ |
| ဏ - ၂၈၅ | ဓ - ၄၂၈ | ဏဂ - ၈၅၈ |
| ဏဃ - ၂၈၆ | ရ - ၄၉၉ | ဏ - ၈၆၃ |
| ဏ - ၂၈ | ဓ - ၅၉၀ | ရ - ၉၂၈ |

အထူးဆုဒ် ... ကျပ်(၁)သိန်း [illegible]

[illegible] ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ဓ - ၂၀ | ဝ - ၄၇ | ဓ - ၈၅ |
| ဃ - ၂၇ | ပ - ၄၅ | ပ - ၈၆ |
| ဏဓ - ၂၅ | ရ - ၄၈ | ပ - ၈၆ |
| ဏ - ၃၀ | ဆ - ၄၈ | ဏဏ - ၈၈ |
| ဓ - ၃၀ | ပ - ၅၅ | ဏဏ - ၉၅ |
| ဃ - ၃၀ | ဓ - ၆၄ | |
| ဏဃ - ၄၂ | ရ - ၇၈ | |

အထူးဆုဒ် ... ကျပ်(၅)သောင်း [illegible]

[illegible] ရွှေကျပ်သိန်း(၂၅၀၀)ဖိုး ချီးမြှင့်သော ဆုမဲများ

[illegible] ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဏ - ၁၂၆၇၂၀ | ဆ - ၀၆၆၅၀၇ | ဏ - ၅၀၄၄၀၉ | ရ - ၅၇၇၅၇၈ |

[illegible] ဆုမဲစနစ်

[illegible] ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ရ - ၁၉၆၂၈ | ဠ - ၇၆၅၄၀ |

အထူးဆုဒ် ... ကျပ်(၃)သိန်း [illegible]

[illegible] ကျပ်(၂)သိန်းဆုများ

ဏ - ၅၀၃၀

ရ - ၅၅၁၀

အထူးဆုဒ် ... ကျပ်(၂)သိန်း [illegible]

[illegible] ကျပ်(၁)သိန်းဆုများ

င - ၅၈၀

ဝ - ၄၀၄

အထူးဆုဒ် ... ကျပ်(၁)သိန်း [illegible]

[illegible]

[illegible] www.ird.gov.mm ရှိ [illegible]



ဇန်နဝါရီ ၁ ရက်က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တွင် နှစ်သစ်ကူးအလှူဒါနပြုသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၀ ပြည့်နှစ် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook page တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ကြေးမုံ ယနေ့ ဖတ်စရာ**


နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ စာမျက်နှာ » ၈

၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် စိတ်ဝင်စားဖွယ် နိုင်ငံတကာသတင်းဆန်းများ စာမျက်နှာ » ၁၂

အမေရိကန်-တရုတ် အဆင့်တစ် ကုန်သွယ်ရေးသဘောတူညီချက်ကို ဇန်နဝါရီ ၁၅ ရက်တွင် လက်မှတ်ထိုးမည်ဟု သမ္မတ ဒေါ်နယ်ထရမ့် ပြော စာမျက်နှာ » ၁၃

အာဆင်နယ်တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူနိုင်ရေး အင်တာမီလန်နဲ့ ဘာစီလိုနာ အပြိုင်ကြိုးပမ်းနေ စာမျက်နှာ » ၂၀


## နေပြည်တော်၌ ဘုရားဖူးသူ၊ အပန်းဖြေကြသူများဖြင့် စည်ကား


**နေပြည်တော် ဇန်နဝါရီ ၁**

ယနေ့ကျရောက်သည့် ၂၀၂၀ ပြည့်နှစ် နှစ်သစ်အခါသမယတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများနှင့် အပန်းဖြေလည်ပတ်စရာ အထင်ကရနေရာများတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✪



နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်တွင် လာရောက်လှေလာလည်ပတ်ကြသူများကို တွေ့ရစဉ်။



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၁**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**